www.burmeseclassic.com

# မြတ်ဗုဒ္ဓသာသနာ ပုံတော်သမိုင်း



ဆရာဝန်တင်ရွှေ

www.burmeseclassic.com

www.burmeseclassic.com

တတိယတွဲ

# အိန္ဒိယနိုင်ငံ ပတ်ဝန်းကျင်ဒေသများ

မှ

# ဗုဒ္ဓသာသနာ

ယခုစာရေးသူတို့နှင့်အတူ အိန္ဒိယနိုင်ငံအနှံ့ဘုရားဖူး ထွက်ကြရအောင်



## ဆရာဝန်တင်ရွှေ

\+

## ဒေါ်အေးသန့်

စာရေးသူတို့သည် ဗုဒ္ဓဘာသာသာသနာကို ထွန်းလင်းတောက်ပြောင်စေလိုသော စိတ်ဆန္ဒဖြင့် ဤစာအုပ်ကို အကောင်းဆုံးဖြစ်အောင် ကြိုးစားပြုစု ပါသည်။ ငွေကုန်ကြေးကျခံ၍ ထုတ်လုပ်ပါသည်။ ဗုဒ္ဓဘာသာအကြောင်း ပြီးပြည့်စုံအောင်တတ်မြောက်၍ ရေးသားခြင်းမဟုတ်ပါ။ သို့ကြောင့် အမှားအယွင်းများ ပါရှိခဲ့ပါက ထောက်ပြကြပါ။ ပြုပြင်ပါမည် ဟု လေးစားစွာ ပန်ကြားပါသည်။

စာရေးသူများ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၅၅/၈၉ (၈)
မျက်နှာဖုံးခွင့်ပြုချက် ၄၂/၉၀ (၉)
ပထမအကြိမ် တတိယတွဲ
အုပ်ရေ .......... ၄၀၀၀
တန်ဘိုး .......... ၄၈ -ကျပ်
မျက်နှာဖုံးပန်းချီ ကြည်မြင့် (ဆေးသုတေသန)
အတွင်းရုပ်ပုံဖလင်- ရွှေရေး ၃၂ လမ်း ရန်ကုန်

ထုတ်ဝေသူ
ဒေါ်အေးသန့် (၀၂၄၈၉)
တင်ရွှေစာပေ၊
၃၉ ဦးကြွယ်ဟိုးလမ်း
ကြည့်မြင်တိုင် ရန်ကုန်
ဖုံး ၃၁၈၅၁

ပုံနှိပ်သူ
မျက်နှာဖုံးနှင့်အတွင်းစာသား
စာလုပ်ငန်း (၀၅၅၅)
၁၉၄ ၃၃ လမ်း ရန်ကုန်

၁၉၉၀ ဒီဇင်ဘာလ

ဤ ဗုဒ္ဓဘာသာ ကျမ်းစာတွဲကို အရင်းအနှီးစိုက်ထုတ်ကာ အကောင်းဆုံး စက္ကူဖြင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားပုံနှိပ်ထားပါသည်။ စာရှုသူတို့ ဝယ်ယူပြီး ကျေနပ်မှု မတွေ့ပါက တင်ရွှေစာပေသို့ ဆက်သွယ်ပါ။ ငွေအပြည့် ပြန်အမ်းပေးပါမည် ဟု ဂတိပြုပါသည်။

စာရေးသူပြုစုရေးသားပြီးသော စာအုပ်များမှ စာမူတို့ကို စီးပွားရေးအရမဟုတ်ပါလျှင် စာရှုသူတို့သဘောရှိ ကူးယူအသုံးပြုနိုင်ပါသည်။ ကူးယူသုံးစွဲသော စာအုပ်အမည်ကို ဖော်ပြပေးပါက ကျေးဇူးတင်ပါမည်။

www.burmeseclassic.com

www.burmeseclassic.com

# ဘုရားဖူးသွားခြင်း

ရှေးခေတ်က ဗုဒ္ဓဘာသာဝင်တို့အဖို့ ဗုဒ္ဓ၏ နေရာတော်များကို သွားရောက်ဘုရားဖူးရသည့် ကိစ္စမှာ လွယ်ကူသည် မဟုတ်ချေ။ လှည်းဖြင့်တတန် လှေဖြင့်တလှည့် သွားလာကြရသဖြင့် နှစ်နှင့်ချီပြီး အချိန်ကုန်၏။

ယခုခေတ်ကျတော့ ဂျက်လေယာဉ်များဖြင့် အလွယ်တကူ သွားလာနိုင်ကြပြီ ဖြစ်သည်။ မြန်မာနိုင်ငံ ရန်ကုန်မြို့မှ ကာလကတ္တားမြို့သို့ လေယာဉ်ဖြင့်သွား၊ ထိုမှတဆင့် လေယာဉ် မီးရထား မော်တော်ကားတို့ဖြင့် ဗုဒ္ဓမွေးဖွားရာ ဘုရားပွင့်တော်မူရာ တရားဦးဟောကြားရာနှင့် ပရိနိဗ္ဗာန်ပြုရာ သံဝေဇနိယ ၄ အစု တို့ကို မပင်မပန်းဘဲသွားရောက် ဘုရားဖူးနိုင်ကြပြီဖြစ်၏။

သို့သော် ဗုဒ္ဓဘာသာဝင်အများစုသည် ဤအဓိက ဌာနများနှင့် ကျေနပ်မှုရကြမည် မဟုတ်ပါ။ ဗုဒ္ဓဘာသာနှင့် ဆက်စပ်နေသော လေ့လာစရာကြည်ညိုစရာ အံ့ဖွယ်ရာ ရှေးဟောင်းအဆောက်အဦးတို့မှာ ကမ္ဘာအရှေ့ပိုင်းဒေသအားလုံး၌ ပြန့်နှံ့နေသောကြောင့်ဖြစ်၏။ အဆိုပါဌာနအားလုံးသို့ ဘုရားဖူးထွက်ဖို့ ကိစ္စကျတော့ လွယ်ကူလှသည်မဟုတ် ငွေကြေးနှင့် အချိန်မပေးနိုင်ကြသောကြောင့် ဖြစ်၏။

သို့ကြောင့် စာရေးသူတို့က ဤစာအုပ်တွဲမှစပြီး ဗုဒ္ဓဘာသာနှင့် ဆက်စပ်နေသမျှ နေရာဌာနအားလုံးသို့ သွားရောက်လေ့လာ ဘုရားဖူးထွက်ကြရသလို အကျိုးရရှိအောင် ရုပ်ပုံများဖြင့် တန်ဆာဆင်၍ ဆက်လက်ရေးသားပါသည်။

ဘုရားဖူးထွက်ကြလျှင် မည့်သည့်နေရာ မည့်သည့်နိုင်ငံကစပြီး သွားကြမည်နည်း။ ဗုဒ္ဓဘာသာ ပြန့်ပွားပုံသမိုင်းကို လေ့လာမည်ဆိုလျှင်


ဗုဒ္ဓသာသနာကို အနောက်တိုင်းပညာရှင်တို့၏

အမြင်အရ အောက်ပါအတိုင်း အပိုင်းလေးပိုင်းခွဲ၍ မြင်ကြပါသည်။

| | |
|---|---|
| (၁) ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီး ပထမနှစ် ၅၀၀ | အာသောကမင်းကြီး၏ ကြိုးစားမှုကြောင့် ဗုဒ္ဓသာသနာသည် အိန္ဒိယနိုင်ငံပြင်ပဒေသများသို့ စတင်ပြန့်ပွားသည်။ |
| (၂) အေဒီ ၀ မှ ၅၀၀ နှစ် | အိန္ဒိယနိုင်ငံမှမဟာယာနဗုဒ္ဓဘာသာ အယူအဆပေါ်ပေါက်ခဲ့ရာက ဗုဒ္ဓဘာသာမှာ ဒုတိယအကြိမ်ထွန်းပြောင်ခဲ့သည်။ တရုတ်၊ ကိုးရီးယား၊ ဂျပန်နိုင်ငံများသို့ အရှိန်အဟုန်နှင့် ပြန့်ပွားသည်။ |
| (၃) အေဒီ ၅၀၀ မှ ၁၀၀၀ | တန္တရဗုဒ္ဓဘာသာအယူအဆ ပေါ်ပေါက်ခဲ့ပြီး ဤနှစ်များအတွင်း တိဘက် စသည့်နိုင်ငံများသို့ ပြန့်ပွားရာက ဗုဒ္ဓဘာသာမှာ ပြန်လည်ဦးထောင်လာခဲ့ ပြန်သည်။ ထိုင်း၊ မြန်မာနိုင်ငံများ၌ ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားလာသည်။ |
| (၄) အေဒီ ၁၀၀၀ မှ ၁၉၅၀ | ဗုဒ္ဓဘာသာမှာ တဖြေးဖြေးနှင့် ဦးငိုက်လာခဲ့သည်။ အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘာသာ လုံးဝ ပျောက်ကွယ်သွားခဲ့သည်။ ယခုခေတ် ကာလကျမှ ဗုဒ္ဓဘာသာမှာ ပြန်လည် ဦးမော့လာသည်။ |

သို့ကြောင့် ဘုရာဖူးသွားလိုသူများသည် အာသောကမင်းကြီးနှင့် နောင်မင်းအဆက်ဆက်တို့၏ ကြိုးစားမှုကြောင့် ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီး ပထမနှစ် ၅၀၀ ကာလအတွင်း ဗုဒ္ဓဘာသာပြန့်ပွားရာ အိန္ဒိယနိုင်ငံ ပြည်မနှင့် ဘေးပတ်ဝန်းကျင်ဒေသများသို့ ရှေးဦးစွာသွားရောက်လေ့လာကြရအောင်– ၃

www.burmeseclassic.com




ဗုဒ္ဓသာသနာတော် ခရစ်သက္ကရာစ် အရ နိုင်ငံအသီးသီးသို့ ပျံ့နှံ့သွားပုံ။




ရှေးခေတ်အိန္ဒိယနိုင်ငံတော် INDIA SUBCONTINENT သည် ယခုခေတ် အိန္ဒိယနိုင်ငံကို ဗဟိုရ်ပြုပြီး ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ ဘူတန်၊ ဆစ်ကင်း၊ နီပေါ စသည့်နိုင်ငံများအထိအောင် ကျယ်ဝန်းခဲ့သည်။ သို့ကြောင့် ဤဒေသမှ ဗုဒ္ဓဘာသာအသွင်ကို တဆောင်းတစည်းထဲဖြစ်အောင် စုဆောင်းပြီး ဤစာတွဲတွင် ဖော်ပြပါသည်။

သီဟိုဠ် (သီရိလင်္ကာကျွန်း) နိုင်ငံကိုတော့ ထေရဝါဒဗုဒ္ဓဘာသာ ဦးဆောင်နိုင်ငံ ဖြစ်သဖြင့် ဤစာအုပ်အတွဲ၌ မဖော်ပြတော့ဘဲ ထေရဝါဒဗုဒ္ဓဘာသာ စာအုပ်၌ စုဆောင်းဖော်ပြပါမည်။

အလားတူပင် ဘူတန်၊ နီပေါ၊ ဆစ်ကင်း နိုင်ငံများသည် တန္တရဗုဒ္ဓဘာသာထွန်းကားရာ ဒေသများဖြစ်သဖြင့် ယင်းတို့ကို တန္တရဗုဒ္ဓဘာသာ စာတွဲ၌ တသီးတခြား ဖော်ပြပေးပါမည်။

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ရှေးခေတ်ဘုရားဖူးများ

အိန္ဒိယနိုင်ငံမှ အာသောကမင်းကြီး မြန်မာနိုင်ငံမှ အလောင်းစည်သူမင်းတရားကြီးတို့မှာ ဘုရားဖူးခရီး ထွက်ရာ၌ ထင်ရှားကျော်ကြား၏။ သူတို့ခေတ် သူတို့အခါက ခရီးသွားစရာယာဉ် ကောင်းကောင်းမရှိကြပေမဲ့ အရေးကြီးသော နေရာတော်များသို့ ရောက်အောင် ဘုရားဖူးထွက်ခဲ့ကြ၏။ တရုတ်နိုင်ငံသား ရဟန်းတော်သုံးပါး၏ ဘုရားဖူးခရီးတို့မှာလည်း စံတင်လောက်၏။ သူတို့၏ ခရီးသွားမှတ်တမ်းတို့မှာ ပြီးပြည့်စုံ၏။ ဤမှတ်တမ်းများကြောင့် တစ်ချိန်က တောတွေ လွှမ်းကာ ပျောက်ကွယ်ခဲ့ပြီးသော အိန္ဒိယနိုင်ငံမှ ဗုဒ္ဓနှင့်ပတ်သက်သည့် နေရာတော်များကို ယခုခေတ်၌ ပြန်လည်တူးဖော်တွေ့ရှိကြရသည်။

---

ကမ္ဘာကျော်သာသနာပြု အသောကမင်းတရားကြီးက ဘုရားဖူးလှည့်လည်ရခြင်းကို "ဓမ္မရတ္တ မြတ်လှသောခရီးထွက်ခြင်းဟု မြွက်ဆို ကြူးရင့်ခဲ့၏။ ကိုယ်တိုင်လည်း ဘုရားမွေးဖွားရာ ပွင့်တော်မူရာ တရားဦးဟောကြားရာ ပရိနိဗ္ဗာန်ပြုရာ ဌာနများကို ဘုရားဖူးထွက်ခဲ့၏။

---

# တရုတ်ရဟန်းတော်တို့၏ မှတ်တမ်းများ

## အသျှင်ဖါဟိယန်

သာသနာတိုးတက်ချိန်တွင် တရုတ်ဗုဒ္ဓဘာသာရဟန်းတော် အများအပြား မရှိမသို့ ဘုရားဖူးရန်၊ ကျမ်းစာစုရန် သွားရောက်ခဲ့ကြ၏။ ၎င်းတို့တွင် အကျော်စော အထင်ရှားဆုံးကား အသျှင်ဖါဟိယန်ဖြစ်၏။

သာသနာ ၉၄၃ ( ၃၉၉ – အေဒီ) တွင် တရုတ်ပြည်မြောက်ပိုင်း မှစ၍ အနောက်ဖက်သို့ ကုန်းလမ်းဖြင့်စ၍ ခရီးထွက်ခဲ့လေသည်။ ဂိုဗီ သဲကန္တာရကြီးကိုဖြတ်၍ ခိုတန် ပြည်၊ အာရှအလယ်ပိုင်း ဒေသများကို ဖြတ်ကျော်၍ အိန္ဒိယပြည် အနောက်မြောက်ဖက်က သျှင်ဖာဟိယန်က ဝင်သည်။

ဤမျှရှည်လျားခက်ခဲသော ခရီးကို အိန္ဒိယပြည်အရောက် ၆ နှစ်လုံးလုံး ခြေလျင်ကြွတော်မူရရှာ၏။ အိန္ဒိယပြည်သို့ရောက်ကာ ပါထလိပုတ်၌ စာသင်စာစု၍ ၃ –နှစ်၊ တာမလိတ္တ၌ ၂ –နှစ်၊ သီဟိုဠ်၌ ၂ –နှစ် ၊ ပေါင်း ၇ –နှစ်ကြာ၏။
သီဟိုဠ်မှနေ၍ ရေလမ်းဖြင့်ဂျာဗားကျွန်းဖက်မှ လှည့်၍ပြန်ခဲ့ရာ ၂ –နှစ်ကြာမှ တရုပ်ပြည် (နန်ကင်းမြို့) သို့ ပြန်ရောက်တော်မူသည်။ အသွား ၆ –နှစ်၊ အနေ ၇ –နှစ်၊ အပြန် ၂ –နှစ်၊ ပေါင်း ၁၅ –နှစ်ကြာ၏။ ပိဋကတ်ကျမ်းစာများ ဆောင်ယူခဲ့၏။ အသျှင်ဖါဟိယန်သည် မိမိ ၁၅ –နှစ် လုံးသွားလာခဲ့သော ခရီးစဉ်ကို ဝါးပြား ပိုးပြားများပေါ်တွင် မှတ်တမ်းရေးတင်ခဲ့လေသည်။

ဤအသျှင်ကိုစွဲ၍ တရုတ်ပြည်တွင် ဗုဒ္ဓသာသနာမှာများစွာ ပြန့်ပွားပွင့်လင်းစေခဲ့သည်။ ထို့အပြင် အိန္ဒိယပြည်တွင် ၎င်းအသျှင်တွေ့ရသော နေရာ ၊ အဆောက်အဦး စသည်တို့ကို အတိုင်းအတွာနှင့်တကွ သေချာစွာ မှတ်သားပြထားလေသဖြင့်၊ ယခုအခါ ကျောက်စာဌာနက ထိုနေရာဟောင်းစေတီပုထိုး၊ ကျောင်းစသောအဆောက်အဦးဟောင်းတို့ကို ရှာဖွေတူးဖော်ရာ၌ အလွန် လွယ်ကူစေလေသည်။

အရှင်ဖါဟိယန်၏ မှတ်တမ်းကို ထောက်၍ အေဒီ ၄၀၀ ရာစု အစခေတ်က အိန္ဒိယအလယ်ပိုင်းဒေသတွင် ဗုဒ္ဓသာသနာတော်သည် မဆုတ်ယုတ်မပျက်ပြားသေးဘဲ စည်ပင်ပြန့်ပွား ထွန်းလင်းတောက်ပနေဆဲပင် ဖြစ်သည်ကိုတွေ့ရသည်။ အာရှတိုက် အလယ်ပိုင်းဒေသများတွင်လည်း ဗုဒ္ဓဘာသာမှာ ကြီးပွားထွန်းကားနေဆဲရှိသည်ဟု သိရ၏။



www.burmeseclassic.com

www.burmeseclassic.com

# အသျှင်ဟုအင်စံ

တန်မင်းဆက်များလက်ထက်၌ အိန္ဒိယပြည်ဘက်သို့ သွားရောက်ကြသော တရုတ်ဗုဒ္ဓဘာသာ ရဟန်းတော်များအနက် အသျှင်ဖါဟိယန်နောက်အနှစ် ၂၀၀ ကျော် အကြာ သာသနာ ၁၁၇၂ (၆၂၉ အေဒီ) တွင်အသျှင်ဟုအင်စံသည် ကုန်းလမ်းဖြင့် အိန္ဒိယသို့သွားရောက်ကာ ပိဋကတ်စာသင်၊ စာရူ၊ ဘုရားဖူးနေခဲ့သည်မှာ ၁၄ နှစ်ကြာ၏။ ၂ နှစ်မှာ နာလန္ဒတက္ကသိုလ်တွင် သီတင်းသုံးစာသင်၍နေခဲ့၏။ ထိုအခါ အိန္ဒိယတွင် ဗုဒ္ဓဘာသာအားနည်း၍ ဗြဟ္မဏဘာသာတိုးတက်နေသည်ကိုတွေ့ရကြောင်း မှတ်တမ်းရေးခဲ့၏။ သာသနာ ၁၁၈၉ (၆၄၅ အေဒီ) တွင် တရုတ်ပြည်သို့ ပြန်ရောက်၏။ အသျှင်ဖါဟိယန်ကဲ့သို့ပင် ထိုအခါက ရှိသောဘုရားနှင့် စပ်ဆိုင်သောနေရာဌာန အယူဝါဒ အခြေအနေတို့ကို ရေးမှတ်ခဲ့သဖြင့် နောင်လာနောက်သားတို့ ကောင်းစွာသိရ၏။ ဘုရားရှင်၏ ဓါတ်တော်များ၊ ရုပ်ထုတော်အမျိုးမျိုး၊ ဂိုဏ်းအမျိုးမျိုးတို့မှ ပိဋကတ်ကျမ်းစာများ ကို ယူဆောင်ခဲ့၏။ ၎င်းကျမ်းစာတို့ကို မိမိကိုယ်တိုင် တရုတ်သို့ ဘာသာပြန်ရာ ၇၄ ကျမ်းပြီး၏။

အရှင်ဟုအင်စံ၏မှတ်တမ်း

အရှင်ဟုအင်စံသည် အေဒီ ၆၂၉ ခု၌ တရုတ်ပြည်မှထွက်ခွါလာခဲ့ရာ အေဒီ ၆၄၅ ခုမှ တရုတ်ပြည်သို့ ပြန်သွားခဲ့လေသည်။ သူသည် ဤနှစ်များအတွင်းတွင် သူ့ထက် အနှစ်နှစ်ရာ ဦးဆောင်သော အရှင်ဖါဟိယန်ကဲ့သို့ ကပိလဝတ်ပြည်သည် လူနေအိမ်ခြေမရှိဘဲ ပျက်စီးယိုယွင်းနေ၏။ ဗါရာဏသီမြို့၌ ဗြဟ္မဏဘာသာ အလွန်ကြီးပွားထွန်းကားနေ၏။ ဝေသာလီမြို့လည်း ပျက်စီးနေ၏။ မြို့၏ပတ်ဝန်းကျင်၌ကား ဗြဟ္မဏဘာသာဘုရားကျောင်း အမြောက်အများရှိနေကြ၏။ မဂဓတိုင်း၌ ကျောင်း ငါးဆယ်နှင့် ရဟန်းတော် တစ်သောင်း လောက်ရှိကြ၏။ သို့ရာတွင် ဗြဟ္မဏ ဘုရားကျောင်းများကလည်း မနည်းလှပေ။ ဆယ့်လေးမိုင်လောက် ကျယ်ဝန်းသည့် ပတ်ပန်းကျင် ဒေသ၌ကား တစ်ရာမက များစွာသော ကျောင်းပျက်များနှင့် စေတီပုထိုးပျက်များ ရှိနေကြသေး၏။ အရှင်ဟုအင်စံသည် မြတ်စွာဘုရားပွင့်တော်မူရာ ဗုဒ္ဓဂါယာ၌ ခေတ္တနေထိုင်ပြီးနောက် နာလန္ဒကျောင်းတိုက်သို့ ကြွသွားခဲ့၏။ ဤနာလန္ဒကျောင်းတိုက်သည် အိန္ဒိယ၌ ကြီးကျယ် ခမ်းနား ထင်းရှားဆုံးသော ဗုဒ္ဓဘာသာတက္ကသိုလ်ဖြစ်၏။ အရှင်ဟုအင်စံသည် နာလန္ဒတက္ကသိုလ်၌ ငါးနှစ်ကာပတ်လုံးနေထိုင်၍ ထိုတက္ကသိုလ်အကြောင်းအရာများကို စုံစုံလင်လင် မှတ်တမ်းတင်ထားခဲ့ လေသည်။

နာလန္ဒတက္ကသိုလ်သည် ရဟန်းသာမဏေ တစ်သောင်းသီတင်းသုံးကာ ပညာသင်ယူရာ ဌာနဖြစ်ရကား အလွန်ကြီးမားကျယ်ဝန်းလှပေသည်။ တက္ကသိုလ်ကျောင်းတိုက်ကို တစ်ဦးတစ်ယောက် တည်းက တည်ထောင်ခဲ့သည် မဟုတ်ဘဲ အသောကမင်း၏ နောက်မှစ၍ အနှစ် ကိုးရာကျော် ကာလပတ်လုံး မင်းအဆက်ဆက်တို့ တည်ဆောက်ပြုပြင် ရဲ့တွင် မွမ်းမံ ချယ်သခဲ့ကြကုန်၏။

သို့ကြောင့် ဗုဒ္ဓသာသနာတော်သည် အိန္ဒိယနိုင်ငံ၌မြတ်ဗုဒ္ဓမရှိသည့်နောက် အသောကမင်းနှင့် ကနစ်ရှကမင်းများလက်ထက်တွင် လွန်စွာထွန်းကားစည်ပင်ခဲ့၍ ဟာရှာဘုရင် အုပ်စိုးသော ကာလတွင် စတင်ကျဆင်းနေပြီဟုဆိုနိုင်ပါသည်။

# အသျှင်အိုင်ဆိုင်

အသျှင်ဟုအင်စံ နောက် အနှစ် ၅၀ ခန့် အကြာတွင် သာသနာတော် ၁၂၁၅ နှစ် တွင် အသျှင်အိုင်ဆိုင်သည် အိန္ဒိယသို့ တောင်ဘက် ရေလမ်းဖြင့် သွား၏။ ၂၂ နှစ်ကြာပြီးနောက် သာသနာ ၁၂၃၇ -နှစ် တွင် ပြန်ရောက်သည်။ တရုတ်ပြည်သို့ ပိဋကတ်တော် အမျိုးမျိုးယူဆောင်ခဲ့၍ ၁၂ နှစ် လုံးလုံး ဘာသာပြန်ဆိုမှုကို ပြုခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"Buddhist Pilgrims"—stone sculptures made in the Northern Wei Dynasty, in Sunghsien county, Honan province.

တရုတ်နိုင်ငံမှ ရှေးခေတ်ဘုရားဖူးများ



**Alaungsithu's bell pillars**

အလောင်းစည်သူမင်း၏ ကုသိုလ်တော် ရှေးခေတ်ခေါင်းလောင်း ချိတ်ဆွဲရာ တိုင်ကြီးများ



www.burmeseclassic.com

www.burmeseclassic.com









အာနန္ဒာမထေရ်မေးသဖြင့် ဘုရားရှင်က ရတနာသုံးပါး၌ကြည်ညိုသော အမျိုးသားကောင်းတို့သည် သံဝေဂယူရန် သွားရောက်ဖူးမျှော်သင့်သောနေရာတို့မှာ–

၁။ လုမ္ဗိနီအင်းကြင်းတော (မြတ်စွာဘုရားဖွားတော်မူရာဌာန)


၂။ ဗုဒ္ဓဂါယာ (ဘုရားရှင်သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရတော်မူရာဌာန)

၃။ မိဂဒါဝုန်တော (ဓမ္မစကြာ တရားဦးကို ဟောကြားတော်မူရာ)

၄။ ကုသိနာရုံ (ပရိနိဗ္ဗာန်ပြုရာဌာန)

တို့ဖြစ်သည်ဟု မိန့်ဆိုခဲ့သည့် အားလျော်စွာ အဆိုပါဌာနလေးခုသို့ ဗုဒ္ဓဘာသာဝင်များ သွားရောက်ကြပါသည်။

www.burmeseclassic.com



A CARAVAN PASSING THROUGH BOLAN PASS TO AFGHANISTAN

ကြမ်းတမ်းလှသော ရှေးခေတ်ဘုရားဖူးများ သွားလာရသော ခရီးကြမ်း
အက်ဖဂန်နစ္စတန်နိုင်ငံသို့ တောင်ကြားလမ်းခရီး



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယနိုင်ငံ မဟာရာဂျာနန်းတော်တွင်းမှ လူသတ်သမား
ရာဇဝတ်သားများကို သတ်ဖြတ်ဖို့တာဝန်ယူရသူ .





www.burmeseclassic.com

www.burmeseclassic.com

ရှေးခေတ်က အကာအကွယ် ခံတပ်များအဖြစ် တည်ဆောက်ခဲ့ကြသော သဲကန္တာရအတွင်းမှ ခံတပ် အဆောက်အဦး

ဤဒေသတွင် သူခိုး သူဝှက်များကို ဖမ်းမိပါက သံကွန်ချာထဲထည့်ပြီး တိုင်ပေါ်တင်ကာ အစာငတ်ခံပြီး သေဆုံးစေသည့် အစဉ်အလာရှိသည်။







www.burmeseclassic.com

www.burmeseclassic.com

# အိန္ဒိယ

အိန္ဒိယနိုင်ငံသည် ဂေါတမဗုဒ္ဓပွင့်တော်မူရာနိုင်ငံ၊ ဗုဒ္ဓသာသနာ စတင်ထွန်းကားရာနိုင်ငံ ဖြစ်သည်။

အသောကမင်း နှင့် ကနိသျှကမင်း တို့ လက်ထက်တွင် ဗုဒ္ဓသာသနာသည် နိုင်ငံတဝှမ်းလုံးသို့ ပြန့်နှံ့ ထွန်းတောက်ခဲ့သည်။ သို့သော် အေဒီ ၁၂ ရာစုသို့ အရောက်တွင် အိန္ဒိယပြည်၌ ဗုဒ္ဓဘာသာကိုးကွယ်သူ ပြောပလောက်အောင် မရှိတော့ချေ။

ယနေ့ အိန္ဒိယနိုင်ငံ၏ လူဦးရေမှာ သန်းပေါင်း ၆၀၀ နီးပါးရှိ၏။ ဟိန္ဒူ ၈၃.၅ ရာခိုင်နှုန်း၊ မူဆလင် (အစ္စလာမ်) ၁၀.၇ ရာခိုင်နှုန်း၊ ခရစ်ယာန် ၂.၄ ရာခိုင်နှုန်း၊ ဆစ်ခ် ၁.၈ ရာခိုင်နှုန်း၊ ဗုဒ္ဓဘာသာ၊ ဇော်ရိုးစတား၊ ဂျိန်းဘာသာ တို့ကို ကိုးကွယ်သူ ၁.၆ ရာခိုင်နှုန်းရှိသည်။

အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာနေရာများ ဗုဒ္ဓခေတ်ယဉ်ကျေးမှု အထောက်အထားများ၊ ဗုဒ္ဓဝင်အမှတ်အသားများကိုမူ အိန္ဒိယအစိုးရက အထူးတန်ဘိုးထား စောင့်ရှောက်ထားသည်။

ဗုဒ္ဓပွင့်တော်မူရာ ဗုဒ္ဓဂါယာသည် ဖူးမြော်ကြည်ညိုဖွယ် အချက်အခြာဒေသ ဖြစ်လေသည်။ အသောကမင်းကြီး တည်ထားခဲ့သော မဟာဗောဓိစေတီတော် ရှိသည်။ မဟာဗောဓိစေတီ၏ အနောက်မျက်နှာတွင် ဗုဒ္ဓပွင့်ရာ ဗောဓိညောင်ပင်ရှိသည်။

ဘုရားလောင်းတော် မြောက်နှစ် တိုင်တိုင် တရားကျင့်ရာ ဥရုဝေလတောအုပ်၊ နာလန္ဒာကျောင်းတော်ရာ၊ ရာဇဂြိုလ်ပြည်၊ ဂိဇ္ဈကုဋ်တောင်မှ ဘုရားသီတင်းသုံးရာနေရာ၊ ဝေဠုဝန်ကျောင်းတော်ရာ၊ ဗိမ္ဗိသာရမင်းကြီးအား သားတော် အဇာတသတ်က ချုပ်နှောင်ရာဌာန၊ ပထမသံဂါယနာတင်ရာ ဝေဘာတောင်မှ လိုဏ်ဂူ၊ မိဂဒါဝုန်တောမှ ဗုဒ္ဓကိုယ်တော် ဓမ္မစကြာတရားဟောရာဌာနမှ အသောက ကျောက်တိုင်၊ ဘုရားပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံ၊ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်ရာ၊ သင်္ကဿနဂိုရ်ပြည်မှ သင်္ကဿစေတီ စသည်ဖြင့် ဗုဒ္ဓဝင်အရ ထင်ရှားသော အရပ်များ နေရာဌာနများ၊ စေတီပုထိုးများ၊ ဌာပနာတိုက်များ၊ ယဉ်ကျေးမှုပြတိုက်များ ကို ပြုစုစောင့်ရှောက်ထားသည်။ ဗုဒ္ဓဘာသာဝင်များအတွက် ကြည်ညိုဖွယ် ဖူးမဝနိုင်သောဒေသများ ဖြစ်နေပေသည်။

အိန္ဒိယနိုင်ငံအတွင်း၌ ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က ဘုရားကိုယ်တော်တိုင် ကြွရောက်ခဲ့ခြင်း မရှိသော်လည်း ဗုဒ္ဓဘာသာနှင့် ပတ်သက်ပြီး ထင်ရှားကျော်ကြားလာသော ဒေသများစွာ ရှိသေးသည်။ ဥပမာအားဖြင့် ဆန်ချီမြို့ဖြစ်သည်။ ဆန်ချီသည် ဂျန်စီမှ ဘုံဘေသို့သွားရသော ရထားလမ်းပေါ်တွင် ရှိသည်။

ဆန်ချီမြို့တဝိုက်တွင် အသောကမင်းအပါဝင် မောရိယမင်းများလက်ထက်၌ ဗုဒ္ဓကို ရည်းမှန်း၍ ဘုရားပုထိုးများ လက်ညိုးထိုးမလွဲ တည်ထားခဲ့ကြသည်။

ဆန်ချီဒေသတွင် ထူပါရုံစေတီကြီးများ တည်ထားနိုင်ခဲ့သည်။ ယင်းထူပါရုံစေတီကြီးများတွင် ဗုဒ္ဓဝင် ဇာတ်နိပါတ်များကို ထွင်းထုထားကြသဖြင့် ယနေ့ ဘာသာရေးအမွေ အဖြစ်သာမက ယဉ်ကျေးမှုအမွေ အဖြစ်ပါ တန်ဘိုးရှိလေသည်။ အလားတူပင် အိန္ဒိယပြည် ဥတ္တရဒေသ (ဥတ္တပရာဒက်ရှ်)၏ နောက်ဖက်အစွန်း ယမုန်နာမြစ်ကမ်းပေါ်ရှိ ဗထုရမြို့သည်လည်း ဆန်ချီကဲ့သို့ ဗုဒ္ဓယဉ်ကျေးမှုနှင့် ပတ်သက်၍ ထင်ရှားကျော်ကြားလေသည်။

ဗုဒ္ဓဘာသာနှင့် ပတ်သက်သော ရုပ်ထုများကို မထုရမြို့တွင် အမြောက်အများစုဆောင်းနိုင်ခဲ့သည်။

အိန္ဒိယအစိုးရကလည်း ဗုဒ္ဓယဉ်ကျေးမှုအမွေအနှစ်များကို အထူးထိန်းသိမ်း စောင့်ရှောက်ပေသည်။ ၁၉၅၆ ခုနှစ် ကဆုန်လပြည့်နေ့က နယူးဒေလီ၌ ဗုဒ္ဓ၏နှစ် ၂၆၀၀ ပြည့် မွေးနေ့ကျင်းပခဲ့သည်။ ပြပွဲများခင်းကျင်းခဲ့သည်။ ရှေးဟောင်းမြို့တော်များ တူးဖော်ခြင်း လုပ်ငန်းကိုလည်း အားသွန်လုပ်ကိုင်ခဲ့သည်။

အိန္ဒိယသမိုင်းဟောင်းကို ပြောကြလျှင် နာလန္ဒာကျောင်းတိုက်ကြီး မပါလျှင် ပြည့်စုံဘွယ်မရှိပေ။ နာလန္ဒာကျောင်းတိုက်သည် ဂုတ္တမင်းဆက်များလက်ထက်၌ ဗုဒ္ဓဂါယာ၏ အရှေ့မြောက်ယွန်းယွန်း ဘင်္ဂလားဘီဟာနယ်တွင် အကျော်ဒေယျ ထင်ရှားရှိခဲ့သော ဗုဒ္ဓကျမ်းစာပို့ချဖြန့်ဖြူးရာ ကျောင်းတိုက်ကြီး ဖြစ်သည်။




www.burmeseclassic.com


www.burmeseclassic.com



Writers' Building



Belvedere building which now houses the National Library



Calcutta University


ကလ္လကတ္တားမြို့တော် သို့မဟုတ် ဗုဒ္ဓဘာသာ ဘုရားဖူးတို့အတွက် တံခါးဝ

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းမြို့တော်ကြီးဖြစ်၏ ဗုဒ္ဓဂါယာသို့ သွားလိုသော ဘုရားဖူးများသည် ကလ္လကတ္တားမှ တဆင့် ခရီးသွားကြရသည်။
အထက်ပါ စာရေးဆရာတို့၏ အဆောက်အဦး အမျိုးသားစာကြည့်တိုက်နှင့် တက္ကသိုလ်တို့၌ ဗုဒ္ဓရှေးဟောင်းစာပေများကို ထိမ်းသိမ်းထားရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com






မဟာဗောဓိစေတီတော်
လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့်က မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com

ဘုရားဖူးများနှင့်စည်ကားနေသော
မြတ်ဗုဒ္ဓဓမ္မဖူးမြားတော်မူရာ
လုမ္ဗိနီဥယျာဉ်မှ
အာသောကကျောက်တိုင်








မဟာဗောဓိစေတီတော်မှ ပါလမင်းများခေတ်က
ထုလုပ်ခဲ့သော ဗုဒ္ဓရုပ်ပွားတော်ကို ဖူးတွေ့ရပုံ

ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂါယာနှင့်ပရိနိဗ္ဗာန်ပြုရန်–ကုသိနာရုံတို့မှာ ကမ္ဘာတစ်ဝှမ်းမှ ဗုဒ္ဓဘာသာဝင်များ ဘုရားဖူးရာအဓိကနေရာများဖြစ်ကြ၏–ပထမတွဲ၌ အသေးစိတ် ဖော်ပြပြီးဖြစ်၍ ထပ်မံမဖော်ပြတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်များအောက်မှ သားသမီး ပေါ်များစေသော နတ်များ၊ ဆန်ရှိုးစေတီတော် ဂိတ်မုဒ်ဦး ၅၀ – ၂၅ ဘီစီ



www.burmeseclassic.com


www.burmeseclassic.com



ဘုရားရှင် တရားဦးဟောကြားရာ နေရာဌာန၌ သီရိဓမ္မရာဇိကစေတီတော် တည်ရှိခဲ့ဘူး၏၊ ယခုအခါ ပျက်စီးခဲ့ပြီဖြစ်၍ မြေပုံတစ်ခုကိုသာ တွေ့ရလိမ့်မည် ဖြစ်သည်။ ရှေးဟောင်းသုတေသနဌာနမှ ဤနေရာတွင် ဓမ္မရာဇိကစေတီတော် ရှိသည် ဆိုသည့် အမှတ်အသားဆိုင်းဘုတ်ကိုသာ မြင်တွေ့နိုင်သည်။

အထက်ပါပုံမှာ ပုဂံမြို့မှ ဓမ္မရာဇိကစေတီတော် ဖြစ်သည်။ နရပတိစည်သူမင်း (၁၁၇၄-၁၂၁၁) တည်ထားခဲ့ပြီး သီဟိုဠ်နိုင်ငံ ဘုရင့်ထံမှရရှိသော ဗုဒ္ဓဓါတ်တော် ၄ ဆူကို ထဲ့သွင်းကိုးကွယ်ခဲ့သည်။

ဗုဒ္ဓဂါယာဘုရားပွင့်တော်မူရာဒေသ၌ အဓိကဖူးတွေ့ရမည့် စေတီတော်က- အာသောကမင်းတရားကြီး၏ အလှူတော် မဟာဗောဓိ စေတီတော်ဖြစ်၏၊ မြန်မာနိုင်ငံတွင်လည်း မဟာဗောဓိစေတီ ပုံတူတော်ကို ပုဂံခေတ်ကာလကတည်းက တည်ထားခဲ့ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

# အိန္ဒိယနိုင်ငံရှေးခေတ် သင်္ဃာတော်အရှင်မြတ်များ သီတင်းသုံးတော်မူရာ လိုင်ဂူကြီးများ/ဂူဘုရားများ

ဘုရားရှင်လက်ထက်၌ သင်္ဃာတော် အရှင်မြတ်တို့သည် အနာထပိဏ်သူဌေးလှူဒါန်းသော ဇေတဝန်ကျောင်းတော်၊ ဆရာဇီဝက၏ သရက်ဥယျာဉ် ကျောင်းတော် စသည့် ကျောင်းတော်ကြီးများ၌ သီတင်းသုံးတော်မူခဲ့ကြသည်။ နောက်ပိုင်းတွင် နာလန္ဒတက္ကသိုလ် စသည့်ကျောင်းတော်ကြီးများ၌ ဆက်လက် သီတင်းသုံးနေထိုင်တော်မူကြသည်။ အချို့က တောအရပ်ကို မှီကြသည်။ ကျောက်ဂူကြီးများတွင် နေထိုင်သီတင်းသုံးခဲ့ကြသည်။

အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာနှင့်ဆက်စပ်နေသော ရဟန်းတော်များ သီတင်းသုံးတော်မူရာ ကျောက်ဂူအများအပြားရှိ၏။ (ပဌမသင်္ဂါယနာကို ကျောက်ဂူအတွင်း၌တင်ခဲ့ကြသည်) ယင်းတို့ကို အိန္ဒိယနိုင်ငံအနောက်ပိုင်း ဒေသတွင်ယနေ့မြင်တွေ့နိုင်သေးသည်။

အောက်ပါတို့မှာ ထင်ရှားသောနေရာများဖြစ်ကြပါသည်။

**အာဂျန္တာလှိုင်ဂူ။** ။ အိန္ဒိယသမတနိုင်ငံ၊ ယခင် ဟိုက်ဒရာဗက်ပြည်နယ် ယခု မဟာရာ့ရှပြည်နယ် ၏ မြောက်ဘက် နယ်စပ်တွင်ရှိသော အာဂျန္တာလိုက်ဂူသည် ဗိသုကာ၊ ပန်းတမော့ နှင့် ပန်းချီအတတ် တည်းဟူသော အနုပညာ သုံးရပ်၏ အကောင်းဆုံး လက်ရာများကို တပေါင်းတည်း တပြိုင်တည်း တွေ့ရှိရသဖြင့် ထင်ရှားကျော် ကြားလှသည်။

အာဂျန္တာလိုက်ဂူများရှိရာ ဒေသသည် သာယာကြည်နူးဖွယ်ရာ ကောင်း လှသည်။ ထိုဒေသသည် အိန္ဒိယနိုင်ငံမြောက်ပိုင်းနှင့် တောင်ပိုင်းအစပ်၊ တောင်ကုန်းဒေသ တွင်ပါဝင်၍၊ စိမ်းလန်းစိုပြည်သော သစ်ပင်တောအုပ်တို့ဖြင့် ဖုံးလွှမ်းလျက်ရှိပြီးလျှင် လှိုမြောင်ချောက်ကမ်းပါးတို့လည်း ပေါများသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး နောက် နှစ်ပေါင်း ၃၀၀ ခန့်အလွန်တွင် သာယာရှုမောဖွယ်ကောင်း၍ လူသူပေါက်ရောက်ရန်ခဲယဉ်းသော ထိုဒေသသို့ ဗုဒ္ဓဝါဒီရဟန်းတော်တစ်စုတို့ ရောက်ရှိလာသည်။ ထိုဒေသသည် ဝါတွင်းမိုးကာလ၌ ဝါကပ်၍ ပရိယတ္တိ၊ပဋိပတ္တိတို့ကို လေ့လာပြီးလျှင် ကမ္မဋ္ဌာန်း တရားအားထုတ်ရန်အတွက် လျောက်ပတ်သင့်လျော်သဖြင့် ထိုအရပ်၌ လိုက်ဂူတို့ကို ကျောင်းသင်္ခမ်းပြုကာ သီတင်းသုံးကြရန် ဆုံးဖြတ်ခဲ့ကြဟန်တူပေသည်။

ကျောင်းနှင့်တန်ဆောင်းများ၏ အခြေအနေကို ထောက်ဆ၍ ထိုလိုက်ဂူများသည် တခေတ်တည်း၌ ပြုပြင်တည်ဆောက်ခဲ့ခြင်းမဟုတ်။ ခရစ်မပေါ်မီ ၂ ရာစုခန့်မှ နှစ်ပေါင်း ၈၀၀ နီးပါး တစတစတိုးချဲ့ တည်ဆောက်ခဲ့ကြသည်ဟု မှန်းဆခဲ့ကြသည်။

အာဂျန္တာသည် ဗုဒ္ဓဘာသာနှင့်သက်ဆိုင်၍ ဂူပေါင်း သုံးဆယ်ရှိသည်။ ဂူလေးခုမှာ ဘုရားကျောင်းများဖြစ်၍ ကျန်ဂူများမှာ ရဟန်းတော်များ သီတင်းသုံးသည့် ဂူများဖြစ်သည်။ ဂူကြီးများကို ဂိုက် ၆၀၀ အထိ ရှည်လျားစွာ တန်းစီထွင်းထုထားကြသည်။


---

အိန္ဒိယပြည်တောင်ဘက် အလယ်ပိုင်းတွင် ၁၈၁၉ ခုနှစ်က ဗြိတိသျှမုဆိုး တစ်ဦး ပြန်လည်တွေ့ရှိသော တိမ်မြုပ်ပျောက်ကွယ်နေသည့် အာဂျန္တာလှိုက်ဂူ ဒေသအား တွေ့ရပုံ။ အာဂျန္တာလှိုက်ဂူတွင် ဘီစီ နှစ်ရာစုမှ အေဒီ ခြောက်ရာစု အထိ ပန်းချီ ပန်းပုလက်ရာရုံ တွေ့ရသည်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ သီတင်းသုံးခဲ့ရာ ဂူ ၂၅ ခုနှင့်ဘုရားဝတ်ပြုဆောင် ဂူ ၅ ခုပါဝင်သည်။ →



www.burmeseclassic.com

www.burmeseclassic.com




အာဂျန္တာဂူကျောင်းကြီးများ တည်နေပုံ ရုပ်ပုံကြမ်း

(ဒေသစာရီ မုဒြာ)

**မုဒြာ**




(မဟာကရုဏာ မုဒြာ)



www.burmeseclassic.com

www.burmeseclassic.com



အဂျန္တာလိုဏ်ဂူကြီးများကို လေယာဉ်ပေါ်မှ မြင်တွေ့ရပုံ
အာဂျန္တာလိုဏ်ဂူကြီးအတွင်းမှ ဆဒ္ဒန်ဆင်မင်းဝတ္ထုသရုပ်ဖော် ဘီစီ ၁ ရာစု ခေတ် ပန်းချီပုံတူ



***Saddanta Jataka: The Queen Fainting at the Sight of the Tusks. Drawing of Andhra Period fresco, from Cave 10, Ajanta. 1st Century* B.C**



www.burmeseclassic.com

www.burmeseclassic.com



အာဂျန္တာလိုဏ်ဂူရှေ့မှ အဝင်ဝတစ်ခု

Facade of the Caitva Hall, Cave 19, Ajanta



www.burmeseclassic.com

www.burmeseclassic.com



Bodhisattva Padmapani, Cave 1. Ajanta

ဘုရားအလောင်း ကျောက်ဂူနံရံပန်းချီကား ၂၀

www.burmeseclassic.com

www.burmeseclassic.com

The Caitya Hall, Cave XIX, Ajanta



အာဂျန္တာလှိုဏ်ဂူစုမှဘုရားဝတ်ပြုရာအဆောင်တစ်ခု ဂူအမှတ် ၁၉

www.burmeseclassic.com

www.burmeseclassic.com




အဂျန္တာလိုဏ်ဂူတွင်းမှ ဗုဒ္ဓရုပ်ပွါးတော်

The Buddha in Varadamudra, Cave 19, Ajanta

www.burmeseclassic.com

www.burmeseclassic.com



အကျော်ကြားဆုံးဖြစ်သော အာဇန္တာလိုဏ်ဂူမှ ဘုရားဝတ်ပြုရာ အဆောင်တစ်ခု ဂူအမှတ် ၂၆ The Caitya Hall, Cave XXVI, Ajanta

www.burmeseclassic.com



Mara's Attack, Cave 26, Ajanta

အာဂျန္တာလိုဏ်ဂူမှ ဘုရားရုပ်ပွါးတော်



www.burmeseclassic.com

www.burmeseclassic.com

# အခြားဂူဘုရားကျောင်းတော်များ

## ၂။ အယ်လိုရာဂူ

အဂျန္တာဂူ နှင့် မခြား အနုပညာလက်ရာ ဗိသုကာလက်ရာ ပြောင်မြောက်၏။ ကမ္ဘာ့အံ့ဖွယ်ရာများတွင် တစ်ပါး ပါဝင်သည်။ အဂျန္တာဂူမှ အယ်လိုရာဂူသို့ ၁၈ မိုင်ကားဖြင့် သွားရသည်။ အယ်လိုရာဂူမှာ ဂူပေါင်း ၃၄ ခုရှိသည်။ ဂူ ၁၂ ခုမှာ ဗုဒ္ဓဘာသာနှင့် သက်ဆိုင်၍ ကျန်ဂူ ၂၂ ခုမှာ ဂျိန်း နှင့် ဟိန္ဒူဘာသာ ဂူများ ဖြစ်ကြသည်။

## ၃။ ဗရဗာရ်တောင်ကုန်းဂူများ

ဗိဟာပြည်နယ် ဂယာမြို့မှ ၁၆ မိုင် အကွာ၌ နာဂရ်ဂျုနတောင် နှင့် ဗရဗာရ်တောင်ကုန်းရှိသည်။ ဤဂူများကို အသောကမင်းကြီး နန်းစံ ၁၉ မြောက်၌ ရဟန်းတော်များအတွက် ထွင်းထု လှူဒါန်းခဲ့ကြောင်း ကျောက်စာရေးထိုးသည်။ ဤဂူနှင့် မျက်နှာချင်းဆိုင်တွင် အာဇီဝကတက္ကတွန်းတို့အား အသောကမင်းကြီး လှူဒါန်းခဲ့သောဂူ ရှိသည်။

## ၄။ ကနေရီဂူများ

ဘုံဘေ မြောက်ဘက် မိုင် ၂၀ အကွာ၌ ရှိသည်။ တောင်နံရံကို လှည့်ပတ် ထွင်းဖောက်ထားသည်။ ရဟန်းတော်များ သီတင်းသုံးရန် ဂူများနှင့် ဘုရားဝတ်ပြုရန် ခန်းမဆောင်ကြီးများရှိသည်။ တောင်ထိပ်မှ ၁၂ ရာသီမပြတ် စီးဆင်းနိုင်သော စမ်းချောင်းငယ် တစ်ခုရှိသည်။

## ၅။ နာဆစ်ဂူများ

နာဆစ်ဂူများမှာ နာဆစ်တောင်ကုန်း၌ ရှိသည်။ ထိုတောင်ကုန်းသည် ဘုံဘေမှ ၅ မိုင် ကွာဝေးသည်။ ဤဂူများ၌ ထေရဝါဒ သံဃာတော်များ သီတင်းသုံးခဲ့ကြသည်ဟု ယူဆရသည်။

## ၆။ ဗဂျာဂူများ

ဗဂျာဂူများသည် ဘုံဘေမြို့မှ မိုင် - ၂၀ ကွာဝေးသည်။ ဂူ ၁၅ ခုရှိသည်။

## ၇။ ဗေဒဆာဂူများ

ဗေဒဆာဂူများသည် မြစ်၏ တစ်ဘက်ကမ်း၌ ရှိသည်။ ဘုံဘေ ပူးနား ကားလမ်း မိုင်တိုင်အမှတ် ၃၁ မှဆင်း၍ ရွာငယ်တစ်ခုကို ဖြတ်သန်းသွားရသည်။ ဘုရားဝတ်ပြုဆောင်များ၊ ရဟန်းများ သီတင်းသုံးသော ခန်းမဆောင်များကို ကျောက်တောင်အတွင်း ထွင်းဖောက် တည်ဆောက်ထားသည်။

## ၈။ ဂျုန္နာဂူများ

ပူးနားမြို့မှ မြောက်ဘက် ၅၉ မိုင်အကွာ၌ ရှိသည်။ ဂူပေါင်း ၂၀၀ ကျော်ရှိ၍ အရွယ်အစား အမျိုးမျိုးရှိသည်။ ဤတောင်ကုန်း၌ မဟာရဋ္ဌပြည်နယ် သူရဲကောင်းဘုရင် သျှိဝဂျီး မွေးဖွားခဲ့သဖြင့် ကျော်ကြားသည့် ဒေသ ဖြစ်သည်။

## ၉။ မဟာကောလဂူများ

ဘုံဘေမြို့၏ မြောက်ဘက် ၁၂ မိုင် အကွာ၌ မဟာကောလခေါ်သော အရပ် တစ်ခု ရှိသည်။ ၃၀

www.burmeseclassic.com

www.burmeseclassic.com

## ၁၀။ ဗာဂ်ဂူများ

ဗာဂ်သည် ရွာငယ်တစ်ခုဖြစ်သည်။ မလ်ဝါမြို့မှ ၂၅-မိုင် ဝေးသည်။ ဂွါလီယာ ပြည်နယ်၌ ရှိသည်။ မော်တော်ကားဖြင့် သွားနိုင်သည်။ ဂူများသည် မြစ်ငယ်တခု၏ ကမ်း၌တည်ရှိသည်။ ဂူများသည် ကြီးကျယ် ခမ်းနားလှသောကြောင့် ကြည့်ရှုသူ များပြား၍ စည်ကားနေသည်။

## ၁၁။ ဥဒယဂိရိနှင့် ခဏ္ဍဂိရိဂူများ

ဤဂူများသည် ဩရိဿပြည်နယ် ဘုဝနေရှ္မြို့ ၄ မိုင် အကွာ၌ ရှိသည်။ ဤဂူများမှာ ခေါင်ဦးပိုင်းကျသည်။ အချို့ဂူများမှာ တောင်နံရံကို ထွင်းထားခြင်းမဟုတ်ဘဲ သီးခြားတည်ရှိသော ကျောက်တုံးကြီး တစ်ခုကို ဂူအဖြစ်ထွင်းထားသည်။ ဥဒယဂိရိဂူများနှင့် ခဏ္ဍဂိရိဂူများသည် ကားလမ်း တစ်ဘက်စီ၌ ရှိကြသည်။ ရှေးခေတ်က ရဟန်းတော်များ သီတင်းသုံးခဲ့သည်။ ဥဒယဂိရိ ဂူများအနက် (ရာနီကာနူးရ်) ဘုရင်မနန်းတော်ခေါ်သော အဆောင်မှာ နှစ်ထပ်ဖြစ်၍ ရှေ့ပိုင်း၌ ဝရန်တာရှိသည်။

ဤနေရာမှ ၆ မိုင်အကွာတွင် ဒေါက်လီ ဟူသော အရပ်၌ အသောကမင်းကြီး၏ ကျောက်စာရှိသည်။ ဤကျောက်စာ၌ ကလိင်္ဂတိုင်းမြို့တော် ဩဒ္ဓပူရီမြို့ အမည်ကို ဖော်ပြထားသည်။ ဩဒ္ဓပူရီမြို့မှ စွယ်တော်ကို သီဟိုဠ်သို့ ပင့်၍ကိုးကွယ်ထားသည်။

## ၁၂။ ကထိယာဝရ်ဂူများ

ကထိယာဝရ်ဂူများသည် ဂျူနာဂရ်မြို့၏ အရှေ့ဘက် တာလဂျနှင့် ထိုမြို့၏တောင်ဘက် ဆာန အရပ်တို့၌ ရှိသည်။ ဂူပေါင်း ၁၀၀ ခန့်ရှိ၍ ဗုဒ္ဓဘာသာ၊ ဂျိန်းဘာသာ၊ ဟိန္ဒူဘာသာ တို့နှင့် သက်ဆိုင်သည်။

## ၁၃။ မန့်ခ်ဂူများ

ဂျူနဂရ်မြို့၏ အနောက်မြောက် မိုင် ၃၀ အကွာရှိ မန့်ခ် ရွာငယ်အနီး၌ ရှိသည်။

## ၁၄။ တာလဂျဂူများ

ဘဝနရ်မြို့၏ အရှေ့ဘက် မိုင် ၃၀ အကွာ တာလဂျတောင်ကုန်း၏ အနောက်မြောက်ဘက် တောင်နံရံ၌ ဂူပေါင်း ၃၆ ခုရှိသည်။

## ၁၅။ ဆာနာဂူများ

ရာဂျူလမြို့မှ ၁၂ မိုင်အကွာ လိုရ်တောင်ကုန်း၌ ဂူပေါင်း ၆၀ ရှိသည်။ အကြီးဆုံးမှာ ၆၉ ပေ၊ ၆၁ ပေ ကျယ်သည်။ ဘုရားဆောင်ခန်းမ ဂူမှာ ၃၁ ပေ၊ ၁၈ ပေ ကျယ်၍ ယခုအခါ ဟိန္ဒူဘာသာဝင်များက သျှိဝဘုရားကျောင်းအဖြစ် အသုံးပြုနေကြသည်။ ဘီစီ ၂ ရာစုက ထွင်းဖောက်တည်ဆောက် ထားခဲ့သည်။

## ၁၆။ ကာလီဂူများ

ကာလီဂူများသည် ဘုံဘေပူးနား ကားလမ်း၌ ဘိုးဂတ်တောင်ကုန်းတွင် တည်ရှိသည်။ ဘုံဘေမှ ၇၈ မိုင်ခွဲ ကွာဝေးသည်။ ဘုရားဆောင်ခန်းမသည် ကျယ်ဝန်းသည့်အပြင် အပြစ်ရှာမရအောင် အချိုးအစားကျနစွာ လုပ်သည်။ အလျား ၁၂၄ ပေ၊ အနံ ၄၅ ပေ၊ အမြင့် ၄၆ ပေ၊ ရှိသည်။ တိုင်များမှာ နံရံမှ ၁၀ ပေ အကွာ၌ အတန်းလိုက်ရှိသည်။

အဝင်ဝ ဗယ်ဘက်တွင် ခြသေ့်လေးကောင်ပါသော ကျောက်တိုင်တစ်ခုရှိသည်။ ညာဘက် တွင်လည်း အလားတူ ကျောက်တိုင်တစ်ခု ရှိရပေမည်။ သို့ရာတွင် ထိုနေရာ၌ သျှိဝကျောင်းဆောက် ရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com






**Ajantā and Ellora,** about 100 miles apart in the hills of the northern Deccan, are both sites built up over several centuries. Cave 19 at Ajantā (*above left*) has an elaborate façade leading into a *caitya* hall similar to but smaller than that of Kārle. The date is 5th century A.D. At Ellora the façade of Cave 10 (*above right*) fronts a pillared hall containing a colossal seated Buddha. (14, 15)

အာဂျန္တာနှင့်အယ်လိုရာဒေသ(မိုင်တစ်ရာကွာဝေးသည်) မှ ဂူဘုရားကျောင်းတော်များမှ အဝင်တံခါးဝကြီးများ

www.burmeseclassic.com

www.burmeseclassic.com

ရှေးခေတ် ဗုဒ္ဓဘာသာ ရဟန်းတော်များ သီတင်းသုံးရာ ကျောက်လိုဏ်ဂူကြီးများ ရှိရာ ဒေသများပြသောမြေပုံ






Front of the Caitya Hall, Beḍsă



www.burmeseclassic.com

Façade of the Main Shrine, Cave XVIII, Nāsik


နာသစ်ဒေသမှ သံယာတော်များ သီတင်းသုံးရာလှိုဏ်ဂူ- ဂူအမှတ် ၁၈





www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယ အီရိုးလားဒေသမှ သံဃာတော်များ သီတင်းသုံးတော်မူရာ လှိုဏ်ဂူကြီး

ဗဂျာဒေသမှာလည်း– . ကျောက်နံရံတွင် ဂူဘုရား ကျောင်းတော်များ ရှိသည်။ ၃၅

**Bhājā** is a rock-cut monastery dating from the early 2nd century BC. Its main stupa stands inside a huge excavated *caitya* hall, as at Kārle (see pl. 13), but there are rows of smaller stupas against the exterior cliff. (6)



www.burmeseclassic.com

www.burmeseclassic.com


အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓသာသနာနှင့် ပတ်သတ်သည့် ဂူဘုရားများ အများအပြားရှိနေသလို မြန်မာနိုင်ငံမှာလည်း ဂူဘုရားများရှိကြ၏။ ယင်းတို့အနက် သမိုင်းအစဉ်အလာကြီးသော ဂူဘုရားတို့မှာ အောက်ပါအတိုင်း ဖြစ်ကြပါသည်။



မြန်မာနိုင်ငံ ရှေးခေတ် ဂူဘုရားကျောင်းတော်များ

ပုဂံ-ညောင်ဦး-ရွှေစည်းခုံ စေတီတော်အနီး


ကျန်စစ်သားဥမင်- အနော်ရထာမင်းစောခေတ်





www.burmeseclassic.com

www.burmeseclassic.com



Kyaukku Umin.

ကျောက်ဂူ ဥမင်- ညောင်ဦးမြို့ ၁၁ရာစုခေတ်
နရပတေ့စည်သူ ၁၁၇၄-၁၂၁၁ က ထပ်မံဖြည့်စွက်ပြုပြင်သည်။ 



www.burmeseclassic.com

www.burmeseclassic.com




Hmyathat Umin.

Thamiwhet Umin.

သမီးဝှက်ဥမင်

မှျားသဥမင်







www.burmeseclassic.com

www.burmeseclassic.com

## ဖိုးဝန်းတောင်


ဘုရားပေါင်း ၄၄၆,၄၄၄ ဆူ ရှိသည်ကိုစွဲ၍၊ ရွှေလသာဝါဝါဝင်းပ၍ ထင်ရှားစွာ အမှတ်အသားပြုရသော ဖိုးဝန်းတောင်သည် အောက် ချင်းတွင်းခရိုင် မုံရွာမြို့၏ တစ်ဖက်ကမ်း ညောင်ပင်ကြီးဆိပ်မှ ၁၄ -မိုင် အကွာတွင် တည်ရှိသည်။

တောင်၏ အနောက်ဖက် တောင်ကမ်းပါးပြတ်တို့၌ တည်ထားသော ဘုရားများနှင့် ထုထွင်းပြုလုပ်ထားသော ရှေးမြန်မာ ကျောက်ဆစ်လက်ရာများကြောင့် ကျော်ကြားခြင်း ဖြစ်သည်။ ရသေ့ ရဟန်းသူတော်စင်တို့ တရားအားထုတ်ရာ နိဗ္ဗာန်ဖိုလ်ဝင်ရာ တောင်ဖြစ်သဖြင့် ဖိုလ်ဝင်တောင် ဟူ၍၎င်း၊ ဝိဇ္ဇာဓော်ဂျီတို့ ထွက်ရပ်အတွက် ဖိုထိုးရာဖိုဝင်ရာဖြစ်၍ ဖိုဝင်တောင်ဟူ၍၎င်း၊ ဆိုကြလေသည်။

ဘုရားလိုဏ်ဂူအတွင်း၌ မျက်နှာကြက်နံရံတို့တွင် မြန်မာ့ရှေးပန်းချီများ နှင့် စကားစိမ်းသားစုတ်တံ တမာစေးနှင့်ဖျော်ရသော သဘာဝတွင်းထွက် ကျောက်ဆေးအိုးမှ ဆေးရောင်စုံများကို တွေ့ရှိနိုင်သည်။ မာကျောသော ကျောက်သားကို နုနုရွရွ ပန်းခက်ပန်းကြွ နဖူးစည်းများ ထုထွင်းထားပုံမှာ အိန္ဒိယနိုင်ငံရှိ အဇန္တာလိုဏ်ဂူမှ လက်ရာများထက်ပင် ခြိုးကျုံးဖွယ်ဖြစ်သည်။


ဖိုးဝန်းတောင်မကြီးနှင့် တဆက်တည်းတွင် နွားသိုးတောင်၊ လင်းနို့တောင်၊ ကျောက်တစ်လုံးတောင်၊ ဖန်ခါးတောင် နှင့် ရွှေဘတောင် စသည်ဖြင့် တောင်များစွာရှိသည်။ တောင်တိုင်းတွင် ဘုရားနှင့် လိုဏ်ဂူများရှိသည်။

ဖိုးဝန်းတောင်တွင် ပုဂံခေတ်၊ ရှေးကျသောလက်ရေးပါသည့် အုဋ်ခွက် များကို တွေ့ရသည်။ တောင်ပေါ်တွင် သက္ကရာဇ် ၁၀၀၀ ကျော် ထိုးစာပါသော ခေါင်းလောင်း ၈-ခုရှိသည်။ ရှေးကဤဒေသမှာ တရုတ်ပြည်မှ အိန္ဒိယပြည် သို့သွားရာ ကုန်းလမ်းကျသဖြင့် သာသနာပြန့်ခဲ့ဟန်တူသည်။



ဖိုးဝန်းတောင်မှ မြင်းမိုရ်တောင်သဏ္ဍာန်ပြုလုပ်ထားသည့် ကျောက်ထွင်းလက်ရာ

www.burmeseclassic.com




# မြန်မာနိုင်ငံမှ ဂူဘုရားကြီးများ

အာနန္ဒာစေတီတော်

The Sulamani looms large on the plain of Pagan.

စူဠာမဏိစေတီတော်





www.burmeseclassic.com

www.burmeseclassic.com



ပင်းတယရွှေဥမင်
ရိုက်ကူးသူ–ခင်မောင်ဖြူ (ယဉ်ကျေးမှု)↓

ရှမ်းပြည်နယ် ပင်းတယမြို့ ဂူဘုရားများ
ရှမ်းကုန်းမြေမြင့်ဒေသမှ လူသားအများစုမှာ 
ဗုဒ္ဓဘာသာအပေါ် နှစ်နှစ်ကာကာ လေးစားယုံကြည်သူများ ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓတက္ကသိုလ်ကြီးများ

သာသနာ နှစ် ၁၀၀၀ ကျော်မှစ၍ အိန္ဒိယပြည်တွင် နာလန္ဒတက္ကသိုလ် ဝိက္ကမသီလာ တက္ကသိုလ်၊ ဝလဘိ တက္ကသိုလ်၊ ဩဒန္တပူရီ တက္ကသိုလ်၊ သောမပူရ တက္ကသိုလ်၊ ဇဂဒ္ဒလ တက္ကသိုလ် စသည်ဖြင့် ဗုဒ္ဓဘာသာဝင်ဘုရင်များနှင့် ဟိန္ဒူဘုရင်များ အားပေးတည်ထောင်ခဲ့သော တက္ကသိုလ် ကျောင်းကြီးများ ပေါ်ထွန်းခဲ့၏။ တရုတ်၊ ဂျပန်နှင့် အင်ဒိုချိုင်းနားဒေသသို့ ဤတက္ကသိုလ်ကြီးများမှ ပညာရပ်ဖြန့်ချိခဲ့၏။

**နာလန္ဒတက္ကသိုလ်မှာ—** နာမည်ကျော်ကြား လူသိများခဲ့၏။ သာသနာနှစ် ၁၀၀၀ ကျော်က ကုမာရဂုပ္တမင်းက စတင်တည်ထောင်ခဲ့၏။ မဟာယာနစာပေများကို ဖြာဟွကတို့၏ ဝေဒစာပေ နှင့် တွဲဖက်သင်သည်။

ပိဋကတိုက်ကြီးများမှာ ကျောင်းဝင်းပတ်လည်၌ရှိ၍ အထပ်ကိုးထပ်ပင်ရှိသည် ဆို၏။

ရာဇဂြိုဟ်မှ ပတ္တနားမြို့သို့သွားသော မီးရထားလမ်းပေါ်တည်ရှိသည်။ ဗိဟာပြည်နယ် မြို့တော် ပတ္တနားမြို့ (ပါဋလိပုတ်)မှ ၅၅-မိုင်ဝေးသည်။

နာလန္ဒာကျောင်းတော်ရာကို ဆောက်လုပ်ထားပုံမှာ လွန်စွာစနစ်ကျသည်။ စေတီနှင့် ဇရပ်များကတစ်တန်း၊ တက္ကသိုလ်ကျောင်းဆောင်ကြီးများက တစ်တန်း၊ နှစ်တန်းခွဲထားသည်

နာလန္ဒာမြို့သည် အရှင်သာရိပုတ္တရာ မွေးဖွားရာဇာတိဖြစ်သည်။ ယခုတွေ့ရသော စေတီအမှတ် ၃-မှာ အရှင်သာရိပုတ္တရာ မွေးဖွားရာ တိုက်ခန်းနေရာ၌ တည်ဆောက်ထား သည်။ မူလဒါယကာမှာ အာသောကမင်းကြီးဖြစ်သည်။

မြတ်စွာဘုရားသည် နာလန္ဒာမြို့သို့ အကြိမ်များစွာကြွတော်မူခဲ့သည်။ ပရိနိဗ္ဗာန် စံတော်မူမည့်နှစ်မှာပင် ရာဇဂြိုဟ်မှ အပြန် နာလန္ဒာသို့ ကြွတော်မူခဲ့သေးသည်။

တိဘက်တို့၏ မှတ်တမ်းများအရ နာလန္ဒာတက္ကသိုလ်ကို နာဂဇ္ဇုနဆရာတော်က စတင် တည်ဆောက်ခဲ့သည်၊ မဟာယာနဝါဒကို တီထွင်ခဲ့သူဖြစ်သည်။ မကြာမီ နာလန္ဒာတက္ကသိုလ် မှာ ကြီးပွားလာခဲ့သည်။ စာသင် ရဟန်းတစ်သောင်းအထိရှိခဲ့ဘူး၏။

၅-ရာစုနောက်ပိုင်း ကာလတွင် ထိုတက္ကသိုလ်ကြီးမှာ အထူးထွန်းကားခဲ့သည်။ မဟာ ပညာကျော်တို့စာပေနှင့် အနုပညာသင်ကြားဖို့ချရာဌာနအဖြစ်ကြော်ကြားခဲ့သည်။ဤတက္ကသိုလ် သို့ တရုတ်ပြည်မှ ဟုယင်ဆန် အီချင်တို့နှင့် ဆူမတြာကျွန်းနှင့် ကိုးရီးယားမှ ပညာတော်သင် ရဟန်းများ လာရောက်နေထိုင် ပညာသင်ယူခဲ့ကြသည်။

တိဘက်နိုင်ငံတစ်ခုလုံးကို ဗုဒ္ဓဘာသာသို့ ပြောင်းစေ၍ပိဋကတ်တော်ကိုတိဘက်ဘာသာ ပြန်သူ၊ တိဘက်လားမား ဗုဒ္ဓဘာသာကို တည်ထောင်သူတို့မှာ နာလန္ဒာတက္ကသိုလ်ကြီး၏ အဌမနှင့် နဝမမြောက်ကျောင်းအုပ်ဆရာတော် (ပါမောက္ခ)များ ဖြစ်ခဲ့သည်။

၈-ရာစုတွင် အိန္ဒိယနိုင်ငံ၏ နိုင်ငံရေး အခြေအနေအရ နာလန္ဒာတက္ကသိုလ်လည်း အခြေ ယိုင်လာသည်။ ဟိန္ဒူ အတွေးအခေါ် မြင့်မားထွန်းကားလာခြင်းသည်လည်း နာလန္ဒာတက္ကသိုလ် ကို အားနည်းစေရန် ဖန်တီးလာသည်။

**သာသနာနှစ် ၁၇၀၀ ကျော် တူရကီအနွယ်ဝင် မဟာမေဒင် တို့သည် နာလန္ဒာကျောင်းတော်ကို စစ်တပ်ဖြင့် ဝန်းရံ၍ ကျောက်မျက်ရတနာများကို လုယက်ယူကြ၏။ ရဟန်းများကို သတ်ရာ တစ်သောင်းကျော် သေသောဟူ၏။**


**တူရကီရာဇဝင် ဆရာ မိန်ဟာဇဒ် (Minhazad) ရေးသားသော Tavakata L.nasiti အမည်ရှိ စာအုပ်၌ ရဟန်းထောင်ပေါင်းများစွာ အရှင်လတ်လတ် မီးရှို့သတ်ခံရသည်။ ပိဋကတိုက်ကြီးများကို မီးလောင်ရာ လပေါင်းများစွာ ကြာသည်ဟု ဖော်ပြထား၏။**



www.burmeseclassic.com

www.burmeseclassic.com

Monastic Seals. Nālandā



နာလန္ဒာတက္ကသိုလ်တံဆိပ်တော်



The Monastery—IA, Nālandā



နာလန္ဒတက္ကသိုလ်ဒေသ၊ ကျောင်းတော်ရာ

www.burmeseclassic.com

www.burmeseclassic.com

# တက္ကသီလာ

အလက်ဇန္ဒာသဂရိတ် ဝင်ရောက်သိမ်းပိုက်အုပ်စိုးစဉ် ခေတ်မှစ၍၊ တက္ကသီလာသည် အာယာ ဝေစည်သောနေပြည်တော် ဖြစ်ခဲ့သည်။ အာဇသောကမင်း ပေါ်ထွက်မှစ၍၊ ဗုဒ္ဓဘာသာ ထွန်းကားရာ အနုပညာယဉ်ကျေးမှုထွန်းကားရာ အရပ်ဖြစ်ခဲ့ဟန်ရှိသည်။ တနည်းအားဖြင့် ဗုဒ္ဓတက္ကသိုလ်ကြီးတစ်ခုအဖြစ် ထင်ရှားခဲ့သည်။ ထိုခေတ်ထိုအခါက တက္ကသီလာသည် ကမ္ဘာပေါ်၌ ခေတ်အမီဆုံး၊ အကြီးကျယ်ဆုံး တက္ကသိုလ်ကြီး ဖြစ်သည်ဟူ၍ပင် ဂုဏ်ယူခဲ့ကြသည်။

တက္ကသီလာသည် ပါကစ္စတန်နိုင်ငံ ရာဝါပင်ဒီမြို့နှင့် မိုင် ၂၀အကွာတွင်ရှိသည့် တမ္မရန္မ မြို့တောင်ဘက် ရှေးဟောင်းသုတေသနပြတိုက်နှင့်လည်းနီးသည်။

ယူနက်စကိုအဖွဲ့ကြီးနှင့် ဗုဒ္ဓဘာသာဝင်နိုင်ငံများ၏ အကူအညီဖြင့် တက္ကသီလာကို ဆက်လက် တူးဖော်လေ့လာဆဲဖြစ်သည်။ တက္ကသီလာမှ ယနေ့အထိ တူးဖော်တွေ့ရှိရသည့် ရှေးဟောင်းပစ္စည်းများစွာ ကပင်လျှင် ဗုဒ္ဓသာသနာ ထွန်းကားခဲ့သောခေတ်၏ အနေအထားကို သရုပ်ဖော်ပြနိုင်ပြီ ဖြစ်ပေသည်။ တမ္မရန္မ တွင်စေတီပုထိုး ထူပါရုံဘုရားများနှင့် ကျောင်းတော်ရာအများအပြား တည်ရှိခဲ့သည့် အထောက် အထားများတွေ့ရသည်။ ဘီစီ၃၀၀ ခန့်က အာသောကတည်ခဲ့သည်ဟု ယူဆရသည့် ထူပါရုံဘုရားသည် ယင်းဘုရားပုထိုးများ အလည်၌တည်ရှိသည်။ ယင်းထူပါရုံဘုရားကြီးပတ်လည်၌ စေတီရံ အမြောက်အများ ပါဝင်သည်။

ဓါတ်တော်ကြုတ်များ နိပါတ်ရုပ်ထုများကိုလည်း ယင်းထူပါရုံဘုရားအတွင်း မှတူးဖော်တွေ့ရှိခဲ့ ရသည်။ ဓါတ်တော်ကြုတ်အတွင်းမှ ဓါတ်တော်များသည် ဗုဒ္ဓ၏ဓါတ်တော် များဖြစ်ကြောင်းရေးထိုးထားသည့် ကျောက်စာတစ်ချပ်ကိုလည်း တွေ့ရှိရသည်။

ဆီရိဆတ်မြို့အရှေ့တောင်ဘက် တစ်မိုင်အကွာခန့်ရှိ မောရမုရဒုထူပါရုံကို မြေနှယ်ပိတ်ပေါင်းများ အကြား၌ ပြန်တွေ့ရသည်။ ယင်းထူပါရုံမှရုပ်ဆင်းတု အမြောက်အများကို မပျက်မစီး အကောင်းပကတိ ပြန်လည်တွေ့ရှိသည်။ ရုပ်ထုများတွင် ဗုဒ္ဓရုပ်ပွားနှင့် ဗောဓိသတ္တဘုရားလောင်း ပုံများစွာပါဝင်သည်။ ရုပ်ထုများစွာ၌ ဆေးခြယ်ထားသော်လည်း ပြန်လည်တွေ့ရှိချိန်၌ ဆေးများမှေးမှိန် ပျက်ပြယ်နေပြီဖြစ်သည်။

ဗုဒ္ဓဘာသာဝင်များ ပြောပလောက်အောင် မရှိတော့သည့်တိုင် ပါကစ္စတန် နိုင်ငံသည် ဂန္ဓာရ အနုပညာနှင့်ပတ်သက်၍၎င်း၊ ဗုဒ္ဓယဉ်ကျေးမှု ထွန်းကားခဲ့သည်၎င်း၊ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များစွာ ကျန်ရှိနေသည်ကို၎င်း၊ ဗုဒ္ဓရုပ်ပွားတော် ဆင်းတုများကို ကမ္ဘာတွင်ပထမဆုံး တီထွင်ထုလုပ်ဖန်တီးခဲ့သော နိုင်ငံအဖြစ်၎င်း တန်ဘိုးထားကာ ဂုဏ်ယူကြသည်။

ယနေ့ဗြိတိန်၊ ဂျာမဏီ၊ ပြင်သစ်၊ အိန္ဒိယနှင့် ပါကစ္စတန် နိုင်ငံများရှိ ပြတိုက်ပေါင်းများစွာတွင် ဂန္ဓာရယဉ်ကျေးမှုကို ကိုယ်စားပြုသော ရှေးဟောင်းရုပ်ထု ရုပ်ပွါးများကို တခမ်းတနားပြထားလျှက် ရှိကြသည်။

# ယနေ့တက္ကသိုလ် တက်ခ်ရှီးလား၌ ဖူးတွေ့နိုင်သော ရှေးဟောင်းဗုဒ္ဓဝင် အဆောက်အဦးများ

တက္ကသိုလ်(တက်ခ်ရှီးလား) တဝိုက်တွင် ဗုဒ္ဓဘာသာဝင်များအတွက် ကြည်ရှုမှတ်သားဖွယ်ရာ များပြားလှသည်။ အောက်ပါတို့မှာ ထူးခြားသော အဆောက်အဦးများ ဖြစ်ကြသည်။

၁။ဓမ္မရာဇိက စေတီတော် (ချိရတိုပေ)

ကုန်းမြင့်ပေါ်၌တည်ရှိသည်။ စေတီတော်ပတ်ဝန်းကျင်၌ အခြားစေတီများနှင့် ဘုန်းကြီးကျောင်း များစွာရှိသည်။ ၎င်းတို့အနက် အဆောက်အအုံ အမှတ် ၆၅ မှ ရွှေကြုတ်တစ်ခုကို တူးဖော်တွေ့ရသည်။ ရွှေကြုတ်အတွင်း၌ ခရစ်နှစ် ၇၈ ခုနှစ် ဟု ရေးထိုးထားသော ငွေပေလွှာနှင့် ဗုဒ္ဓဓါတ်တော်များကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ယင်းဓါတ်တော်များကို မဟာဗောဓိအသင်းသို့ ပေးအပ်ရာ ဗာရာဏသီ မိဂဒါဝုန်၌ သိမ်းထားသည်။ ဓါတ်တော်ကြွတ်အသစ်ကို မြန်မာနိုင်ငံပဲခူးမြို့မှ ဒေါ်ဂွမ်းက လှူဒါန်းထားသည်။ နှစ်စဉ်ဓါတ်တော်ဖွင့်ပွဲနှင့် လှည့်လည်ပွဲပြုလုပ်သည်။

၂။တောင်ကြားကျောင်းတော်ရာ

တောင်ကြားတစ်နေရာ၌ စမ်းငယ်တစ်ခုအနီးတွင် စေတီတော် နှစ်ဆူနှင့် ကျောင်းတော်ရာနှစ်ခုရှိသည်။ ဤနေရာ၌ အလွန်လက်ရာမြောက်သည့် ကျောက်ရုပ်တုများရှိသည်။

၃။ကုဏာလစေတီတော် နှင့် ကျောင်းတော်ရာ

တရုပ်ရဟန်းတော် ယူယင်ဆန်၏မှတ်တမ်းအရ မျက်မမြင်များ ဤစေတီကို လာရောက်ဖူးမြော်ပါက မျက်စိအလင်းပြန်ရသည်ဟု ယုံကြည်ကြသည်။ ဘုရင့်အမိန့်အတုဖြင့် မျက်လုံးအထုတ်ခံရရှာသော သားတော်ကို သတိရသောအနေနှင့် အာသောကမင်းကြီး တည်ခဲ့ခြင်းဖြစ်သည်။

ဤဒေသတွင် အခြားဗုဒ္ဓဘာသာနှင့်ဆိုင်သော ကျောင်းတော်ရာများ စေတီပုထိုးများ အမြောက်အများရှိသေးသည်။

ဟန်းလူမျိုးများက အိန္ဒိယနိုင်ငံ အလယ်ပိုင်းအထိ ဝင်ရောက်တိုက်ခိုက် ဖျက်ဆီးခဲ့ကြရာ တက္ကသိုလ်ပြည်မှာ တံခါးဝဖြစ်သဖြင့် အပြင်းထန်ဆုံး ချေမှုန်းဖျက်ဆီးခြင်း ခံလိုက်ရသည်။

အေဒီ ၄၄၀ တွင် ဖာယီယန်သည် တက္ကသိုလ်ပြည်သို့ရောက်ခဲ့စဉ် ဘုန်းကြီးကျောင်းတိုက်ကြီးများစည်ကားပုံကို မှတ်တမ်းတင်ခဲ့သည်။ အေဒီ၇ ရာစုတွင် ယူယင်ဆန် ရောက်သောအခါ ဘုန်းကြီးကျောင်း အများစုမှာ ပျက်ဆီးလျက်ရှိကြောင်းမှတ်တမ်းတင်ခဲ့သည်။

မဂိုဘုရင်များ ကျူးကျော်တိုက်ခိုက် သိမ်းပိုက်လိုက်သောအခါ တက္ကသိုလ်ပြည် ဂန္ဓာရတိုင်းအပါအဝင် အိန္ဒိယအနောက်မြောက်ပိုင်း တစ်ခုလုံးမှ ဗုဒ္ဓဘာသာ လုံးဝပျောက်ကွယ်ခဲ့ရသည်။ ယခုအခါ ကမ္ဘာလှည့်ခရီးသည်များ အနေနှင့် အံ့သြဖွယ်ရာ စေတီပျက်ကြီးများနှင့် ကျောင်းပျက်ကြီးများကို ကြည့်ရှု၍ ရှေးဖြစ်ဟောင်းအောင်းမေ့ဖွယ်ကို ပြန်ပြောင်းပြောဆိုကြရတော့သည်။

# အခြား ဗုဒ္ဓတက္ကသိုလ်ကျောင်းတော်ကြီးများ

**ဝလဘိတက္ကသိုလ်** အိန္ဒိယအနောက်ပိုင်းတွင်ရှိ၍ သမ္မတိဝါဒ ဟီနယာနစာပေကို သင်ကြားပေး၏။ နာလန္ဒတက္ကသိုလ်နှင့် အပြိုင်ဖြစ်၏။

**ဝိက္ကမသီလာတက္ကသိုလ်** – ပါလမင်းဆက်၌ တည်ထောင်၏။ ဂင်္ဂါမြစ်၏ ညာဘက်ကမ်း၌ရှိ၏။


**ဇဂဒ္ဒလတက္ကသိုလ်** – ရာမပါလမင်း တည်ထောင်၏။ ရာမပါလမင်း (သာသနာ ၁၆၅၈ – ၁၆၇၄) သည် ဂင်္ဂါမြစ်နှင့် ကရဘိုအာ မြစ်အဆုံ၌ မြို့သစ်တည်၍ ရာမာဝတီဟု သမုတ်၏။ မြို့တော်အနီး၌ ဇဂဒ္ဒလတက္ကသိုလ်ကြီး တည်ဆောက်၏။ နှစ် ၁၀၀ ကျော်ခန့်အကြာ မဟာမေဒင်တို့ သိမ်းပိုက်သဖြင့် သက်ဓိုးမရှည်ပါချေ။

**သြဒန္တပူရိတက္ကသိုလ်** ပါလမင်းဆက် မတိုင်မီကပင် သံဃာ တစ်ထောင်ကျော်ရှိသော ကျောင်းတိုက်ကြီးဖြစ်၏။ သို့ရာတွင် ပါလမင်းများ၏ ထောက်ပံ့မှုကြောင့် တက္ကသိုလ်အဆင့် မီလာ၏။ မဟာမေဒင်တို့ သိမ်းသောအခါ ဤတက္ကသိုလ်မှ ရဟန်းအများသည် တိဗက်သို့ ပြေးကြရ၏။




www.burmeseclassic.com

www.burmeseclassic.com



တက္ကသီလာမှ တူးဖော်ရရှိသော ဌာပနာစေတီငယ်

စေတီဟောင်းတစ်ဆူမှ ရုပ်ထုများ၊ တက္ကသီလာ






www.burmeseclassic.com

www.burmeseclassic.com

General view of the stupas at Jaulian, Taxila,
(c. 2nd to 5th cent. A.D.)

တက္ကသိုလာ ဘုရားဆောင်တစ်ခု ၄၇




www.burmeseclassic.com

www.burmeseclassic.com

**Reliquary in stupa form found from Jaulian, Taxila**

စေတီဟောင်းတစ်ဆူမှ တူးဖော်ရရှိသော
ဓာတုပနာဒစေတီငယ်   တက္ကသီလာ



တက္ကသီလာမှ ရှေးဟောင်းစေတီတစ်ဆူ

*The Bhallar stupa, Taxila.*





www.burmeseclassic.com

www.burmeseclassic.com



*View of the Fire Temple, Jandial, Taxila.*  ၄၉ တက္ကသီလာ - ဘုရားဆောင်တစ်ဆောင်၏ ယနေ့မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com



ပုဂံခေတ် စာသင်တိုက်ကြီးများ (တက္ကသိုလ်များ)?

* မီးမလောင်ကျောင်း နရပတိစည်သူ ၁၁၇၄–၁၂၁၁ ၅၈
* ဆိုးမင်းကြီးကျောင်းပရိုက်



www.burmeseclassic.com

www.burmeseclassic.com



**Shwe-in-bin Monastry, Mandalay.**



မန္တလေးမြို့ အတုမရှိကျောင်းတိုက်

မြန်မာနိုင်ငံတွင် ရှေးအစဉ်အဆက်ဆက်မှ သံဃာတော်များတို့ ပညာရင်နို့သောက်စို့ရာ စာသင်တိုက်ကြီးများရှိခဲ့သည်။ ရန်ကုန်၊ မန္တလေး၊ ပခုက္ကူ၊ ပဲခူးမြို့ကြီးများ၌ရှိသော စာသင်တိုက်ကြီးများမှာ စာသင်သားတစ်ထောင်ကျော်ရှိကြသဖြင့် သံဃာ့တက္ကသိုလ်ကြီးများဟုဆိုလောက်ပါသည်။ ယခုခေတ်တွင်လည်း ရန်ကုန်၊ မန္တလေးမြို့ကြီးများ၌ ခေတ်မီသံဃာ့တက္ကသိုလ်ကြီးများကို ဖွင့်လှစ်နိုင်ပြီ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# မသူရာ

# MATHURA

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီမြို့တော်နှင့် မဝေးသော မြို့ကလေးဖြစ်၏။ တန်ဖိုး မဖြတ်နိုင်သော ကျောက်သားဖြင့် ထုလုပ်ထားသော ရှေးဟောင်းဗုဒ္ဓဘာသာ လက်ရာများ ကျန်ရှိနေသေး၏။ မသူရာဒေသမှ တူးဖော်ရရှိသော ရှေးဟောင်း အနုပညာ လက်ရာတို့မှာ ကမ္ဘာတစ်ဝှမ်းရှိ ပြတိုက်ကြီးများ၌ တခမ်းတနား ပြထားပါသည်။

မသူရာဒေသမှ ဗုဒ္ဓနှင့်ပတ်သက်သော ရှေးခေတ် ( ၂ ရာစု) ကျောက်ဆစ်လက်ရာများ



၁၂

www.burmeseclassic.com



မသူရာ သမပျဝတီစေတီတော်မှ ဗုဒ္ဓဝင် ကျောက်ဆစ်လက်ရာ တစ်ခု

အောင်ခြင်း ရှစ်ပါး

၁။ မာရ်နတ်သားကို အောင်တော်မူခြင်း။
၂။ အာဠဝကဘီလူးကို အောင်တော်မူခြင်း။
၃။ နာဠာဂီရိဆင်ကို ဆုံးမ အောင်တော်မူခြင်း။
၄။ စိဉ္စမာန မိန်းမယုတ် ကို အောင်မြင်တော်မူခြင်း။
၅။ အင်္ဂုလိမာလကို အောင်တော်မူခြင်း။
၆။ သစ္စကပရိဗိုဇ်ကို အောင်တော်မူခြင်း။
၇။ နန္ဒောပနန္ဒနဂါးမင်းကို အောင်တော်မူခြင်း။
၈။ ဗကဗြဟ္မာကို အောင်တော်မူခြင်း။



www.burmeseclassic.com

www.burmeseclassic.com



မသူရာ–စေတီတစ်ဆူ ကျောက်လက်ရမ်းမှ ရုပ်တုများ



www.burmeseclassic.com

www.burmeseclassic.com


# The DE CCAN AND SOUTH INDIA

ဤဒေသတွင် တစ်ချိန်က ဗုဒ္ဓဘာသာ ထွန်းကားခဲ့၏။ ယခု ကမ္ဘာ့အုံ့ဖွယ်မခပ်းရှိသော အာဂျန်တာလှိုင်ဂူ စသည့် လှိုင်ဂူကြီးများသည် ဤဒေသတွင် ရှိကြသည်။

**AMARAVATI** အမရဗာတီ မြို့၌ရှိသော စေတီကြီးမှာ ရှေးကျပြီး ထုထည်ကြီးမားလှသည်။ အေဒီ ၂ - ၃ ရာစုခေတ်များက အလွန်စည်ကားခဲ့ဟန်ရှိသည်။

**NAGARJUNAKONDA** နာဂဂျုန ကုဏ္ဍ အမည်ရှိသည့်ဒေသမှ ရှေးဟောင်းစေတီ ပုထိုး ကျောင်းကန်ဘုရားနေရာအဟောင်းအမြောက်အများကို တူးဖော်ရရှိခဲ့၏။ ဤဒေသ ဗုဒ္ဓသာသနာသည် အေဒီ ၃ - ၄ ရာစုနှစ်များက ထွန်းကားခဲ့ဟန်ရှိသည်။

**KANCI OR KANCIPURUM** ကံစီ အမည်ရှိ ဒေသ၌ ဗုဒ္ဓသာသနာဌာနချုပ် ရှိခဲ့ဘူး၏။ ဤကံစီဒေသရှိ ဘုရားကျောင်းတော်များမှ တရုတ်နိုင်ငံ၌ ချန်၊ ဂျပန်နိုင်ငံ၌ ဇျန်ဗုဒ္ဓဘာသာ အဖြစ် ထွန်းကားနေသော ဗုဒ္ဓဘာသာ အတွေးအခေါ်အသစ် ထွန်းကားခဲ့၏။

ယနေ့ ဗုဒ္ဓဂါယာ၌ ဖူးတွေ့ရသော ဗုဒ္ဓရုပ်ပွားတော်များမှာ ကံစီဒေသမှ ရဟန်းတော်များ၏ လက်ရာများ ဖြစ်သည်ဟု အဆိုရှိသည်။ ဤဒေသတွင် ဗုဒ္ဓသာသနာသည် သက္ကရာဇ် ၁၄ ရာစုခေတ်အထိ ထွန်းကားခဲ့၏။

**Buddha**
South India, probably from Nāgapaṭṭinam. 11th-12th century
Gilt bronze. Height 68.6 cm. Victoria and Albert Museum





www.burmeseclassic.com

www.burmeseclassic.com



ဗောဓိသတ္တ ( ၆ - ၇ ရာစုခေတ်)



ဗုဒ္ဓ- ၁၃ ရာစုခေတ်



ဗုဒ္ဓမတ်ရပ်တော် ၇ - ၈ ရာစုခေတ်



www.burmeseclassic.com

www.burmeseclassic.com

# အိန္ဒိယနိုင်ငံ အရှေ့ပိုင်း

၅ ရာစုကာလအတွင်းက– မိဂဒါဂုန်၌ ကျင်းပသော ဂုပ္ပတား ဘုရင်၏ စည်းဝေးပွဲကြီးမှ အခြေခံကာ ဗုဒ္ဓသာသနာသည် အိန္ဒိယနိုင်ငံ အရှေ့ပိုင်းသို့ အရှိန်အဟုန်နှင့် ပြန့်ပွားသွားခဲ့သည်။ ထိုအချိန်လောက်မှာ နာလန္ဒာတက္ကသိုလ်ကြီး ပေါ်ပေါက်လာသည်။ ကျေးထင်းတုရုပ်ပွားတော်များ ထုလုပ်သည့် ပညာထွန်းကား လာသည်နှင့်အမျှ ဗုဒ္ဓသာသနာတော်မှာ ပို၍ ပျံ့ပွားသွားခဲ့သည်။ ဂင်္ဂါမြစ်ကြီးဘေးရှိ ဘုန်းတော်ကြီး ကျောင်းဟောင်း တစ်ကျောင်းမှ ရရှိသော အမြင့် ၂.၂ မီတာရှိ ကြေးထင်းတုမတ်ရုပ်တော် (ယခု ဘာမင်ဟန်ပြတိုက်တွင် ရှိသည်) ထိုခေတ်၏ လက်ရာများအနက် အကောင်းဆုံးဟု ထင်ရှားပါသည်။

ထိုခေတ် ထိုကာလက အုပ်ချုပ်သော ပါလမင်းများက သူတို့၏ တံဆိပ်တော်တွင် သမင် နှင့် ဘီးသဏ္ဍာန် (တရားဦးဟောကြားရာ သင်္ကေတ) ကို ထည့်သွင်း အသုံးပြုကြသည်။ ပါလမင်းများ လက်ထက်တွင် အလွန်ကြီးမားခမ်းနားသော စာသင်တိုက်ကြီးများ ပေါ်ထွန်းခဲ့သည်။ နာလန္ဒာတက္ကသိုလ်ကြီးနှင့် အပြိုင်ပေါ်ထွန်းလာခဲ့သော စာသင်တိုက်ကြီးများ၌ ဗုဒ္ဓရုပ်ထု ကြေးသွန်း ရုပ်ပွားတော်များ ပေါ်ထွန်းခဲ့သည်။ ဤရုပ်ထုများသည် မြန်မာ မလေးကျွန်းစု အင်ဒိုနီးရှား တိုင်အောင် ပြန့်နှံ့ခဲ့သည်။

ဤဒေသမှ မဟာယာန ဗုဒ္ဓဘာသာ အတွေးအခေါ်ပေါ် မူတည်ပြီး တန္တရယာန– ဝဇ္ဇယာနသို့ ပြောင်းလဲခဲ့ပြီး ဝဇ္ဇ ဘုန်းကြီးများ ပေါ်ပေါက်ခဲ့သည်။

ဤဒေသမှာ ၁၂ ရာစုခေတ် မူစလင်များ သိမ်းပိုက်ခံရသော အချိန်ထိအောင် ဗုဒ္ဓဘာသာ ထွန်းကားခဲ့သည်။ မူစလင်တို့၏ သိမ်းပိုက်ခြင်းကို မခံလိုက်ရသော ORISSA အော်ရိဆာဒေသ မှာဆိုလျှင် ၁၆ ရာစုခေတ်တိုင်အောင် ဗုဒ္ဓသာသနာ ထွန်းကားခဲ့သည်။

၇ ရာစုခေတ်တွင် ဘုရားဖူးရောက်ခဲ့သော တရုတ်ရဟန်းတော် XUAN ZANG ၏ မှတ်တမ်းအရ ဤဒေသမှ စေတီကြီးတစ်ဆူမှာ ဗုဒ္ဓဂါယာမှ အာသောကမင်းကြီး၏ အလှူတော် မဟာဗောဓိစေတီ အရွယ်အစားနှင့်အပြိုင် ဖြစ်ခဲ့သည်ဟု သိရသည်။




www.burmeseclassic.com

www.burmeseclassic.com











– အရှေ့အိန္ဒိယဒေသ ဓါတ်တော်ကြုတ်နှင့်
ဗုဒ္ဓဂါယာမှ တူးဖော်ရရှိသော ရုပ်ပွားတော်များ
၉ ရာစုခေတ်



www.burmeseclassic.com

www.burmeseclassic.com

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းဒေသသည် ဗုဒ္ဓပွင့်တော်မူရာဒေသ ဖြစ်ရုံမက မဟာယာန ဗုဒ္ဓဘာသာ၊ တန္တရ ဗုဒ္ဓဘာသာတို့ ပေါ်ပေါက်ခဲ့ရာ ဒေသကြီးလည်း ဖြစ်၏။





ကြာပွင့်ခံဗုဒ္ဓရုပ်ပွားတော် နောင်အခါ ဤရုပ်ပွားတော်မျိုးကို မြန်မာ တိဘက် နှင့် တရုတ်နိုင်ငံ များတွင်တွေ့ရသည်။

မဟာဗောဓိစေတီပုံတူ ၁၂ ရာစု မဟာဗောဓိစေတီတော်ကို သက္ကရာဇ် ၁၈၈၀ ၈၁ ခုနှစ်များက ပြန်လည်မပြုပြင်မီ မြင်တွေ့ရသောပုံ ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com





အေဒီ ၈ ရာစုခေတ် ဗုဒ္ဓရုပ်ပွားတော်

အေဒီ ၈ ရာစုခေတ် ဗုဒ္ဓ တရားဦး ဟောကြားနေဟန်

- မဟာကာလ ဗုဒ္ဓဘာသာ အဆောင့်နတ်မင်း ၁၂ ရာစု



www.burmeseclassic.com

www.burmeseclassic.com

# ဗါရာဏသီ

"ဗါရာဏသီပြည် ဖြဟ္မဒတ်မင်းကြီး မင်းပြုစဉ်ကာလ" ဆိုသည့်စကားကို ဘုရားရှင်၏ ဓါတ်တော်များ၌ ဖတ်ရှုရကြမည်ဖြစ်သည်။

ဘုရားပွင့်တော်မူပြီးကာစ တရားဦးဟောတော်မူရာ တိတ်ဆိတ်ပြီး သာယာလှသော သမင်တို့၏ ဥယျာဉ် SARNATH မိဂဒါဝုန် မှာလည်း ဗါရာဏသီမှ ၅ မိုင်သာ ကွာဝေးသော ဒေသတွင် တည်ရှိ၏။

ဤဒေသသို့ အသောကမင်းတရားကြီး ဘုရားဖူးရန် ကြွရောက်ခဲ့၏။ ကျောက်စာတိုင်ကို စိုက်ထူခဲ့၏။ ကျောက်စာတစ်ချပ်ကိုလည်း ရေးသားထားရှိခဲ့၏။

တရုတ်နိုင်ငံမှ ဘုရားဖူးများဖြစ်ကြသော FA - HIEN HIEUN TSANG ဖါဟီရင်၊ ဟူရင်ဆိုင် စသည့် ပုဂ္ဂိုလ်များကလည်း ၅ ရာစုနှင့် ၇ ရာစုခေတ်များက ကြွရောက်ခဲ့သည့် မှတ်တမ်းများရှိ၏။ သို့ကြောင့် ဤဒေသတွင် ဗုဒ္ဓနှင့်စပ်ဆိုင်သော ရှေးဟောင်းအဆောက်အဦးများစွာ ရှိနေသေး၏။ ယင်းတို့အနက် ထင်ရှားသောမှတ်တိုင်တို့မှာ

(၁) ဓမ္မက်စေတီတော် (အကောင်းပကတိ ဖူးတွေ့နိုင်သေးသည်)

(၂) အစိုးရ ရှေးဟောင်းပြတိုက် အသောကမင်းကြီး၏ ကျောက်တိုင်ထိပ်မှ ခြင်္သေ့ရုပ် (ယခု အိန္ဒိယနိုင်ငံအစိုးရ၏ တံဆိပ်အဖြစ် အသုံးပြုထားသည်) တရားဦးဟောနေပုံ ရုပ်ပွားတော် စသည် မရေမတွက်နိုင်အောင် ပေါများသည့် ဗုဒ္ဓဘာသာနှင့် စပ်ဆိုင်သော ပစ္စည်းများ

(၃) ချောက္ကဏ္ဍီစေတီတော် ဗုဒ္ဓဘုရားရှင်နှင့် ပဥ္စဝဂ္ဂီ ငါးပါးတို့ တွေ့ဆုံရာနေရာ၌ တည်ထားသော စေတီဟောင်း စေတီပျက်ကြီးအဖြစ်သာ မြင်တွေ့ရမည်ဖြစ်၏။ စေတီတော်၏ထိပ်ဆုံး၌ အုတ်မျှော်စင်တစ်ခု တည်ဆောက်ထား၏။ AKBAR အက်ဘာ ဧကရာဇ်ဘုရင်ကြီး ဘုရားဖူးကြွရောက်လာစဉ်က တည်ထောင်ထားသည်ဟု အဆိုရှိ၏။

(၄) MULAGANDHA KUTI VIHARA မူလာဂန္ဓ ကုတိဝိဟာရ ၁၉၃၁ က မဟာဗောဓိအသင်းတော်က တည်ဆောက်ခဲ့ပြီ

* တက္ကသီလာ
* MIRPURKHAS
* NAGRRJUNIKONDA

စသည့်ဒေသများမှ တူးဖော်ရရှိခဲ့သော ဘုရားရှင်၏ ဓါတ်တော် မွေတော်များ သိမ်းဆီးရာဌာန ဖြစ်၏။

ဤအဆောက်အဦးကြီး၏ အတွင်းနံရံကို ဂျပန်ပန်းချီပညာရှင် KOSETSU NOSU ကိုဆက်ဆုနိုဆူ၏ လက်ရာများဖြင့် တန်ဆာဆင်ထား၏။

ဤဝိဟာရအနားတွင် ဘုရားဖူးများ တည်းခိုစရာ ၂ ထပ်တိုက်ဇရပ်ကြီး တစ်ဆောင်ရှိ၏။

(၅) တရုတ်ဘုရားကျောင်း တရုတ်ပုံစံအရ တည်ဆောက်ထားသော ဗုဒ္ဓဘာသာကျောင်းတော်

(၆) ဂျိန်းဘာသာဝင်တို့၏ ဘုရားကျောင်း

(၇) ရှေးဟောင်းသုတေသနဌာနမှ တူးဖော်ထားသော ဗုဒ္ဓ၏နေရာတော်များ

* အသောကမင်းတရားကြီးတည်ထားသည်ဆိုသော ဓမ္မာရာဇိကစေတီတော်ဟောင်း


JAGAYT SINGH မစ္စတာဆင်းက ၁၇၉၄ ခုနှစ်က စေတီတော်မှ အုတ်များကိုယူပြီး အခြားလူမှုရေးလုပ်ငန်းတို့မှာ သုံးစွဲခဲ့ရာက ပျက်စီးခဲ့ရပြီ

ဤစေတီတည်ထားသောနေရာမှာ ဘုရားရှင်က ပဥ္စဝဂ္ဂီ ငါးပါးအား ဓမ္မစကြာတရားဦးကို ဟောကြားရာနေရာ ဖြစ်သည်ဟု အထောက်အထားများအရ သိရသည်။ ဘီစီ ၅၉၄ (ဖွန်၊ ဇူလိုင် လပြည့်နေ) ၌ ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။

ယနေ့ ဗါရာဏသီမှာ လူဦးရေ ၃၆၀,၀၀၀ ကျော်ရှိ၏။ ဂင်္ဂါမြစ်ကြီး နံဘေးတွင် ရှိ လူအားလုံးမှာ ဟိန္ဒူဘာသာဝင်များ ဖြစ်နေကြသည်။ ဟိန္ဒူဘာသာဝင်များ နှစ်စဉ် ဘုရားပွဲတော်ကာလ ရေချိုးရာဒေသ အဖြစ်ထင်ရှား၏။ သို့ကြောင့် ဂင်္ဂါမြစ်နံဘေး၌ မြောက်များလှသော ရေချိုးဆိပ် လှေခါးထစ်များကို တည်ဆောက်ထားရှိ၏။ အဆိုပါ မြစ်ဆိပ်ဘေးမှာပင် လူသေဆုံးသည့်အခါ အလောင်းကောင်များကို မီးရှို့လျက်ရှိ၏။ ရသောပြာကို ဂင်္ဂါမြစ်ထဲသို့ ဖွန့်ပစ်ပေးမှုရှိကြ၏။ 

www.burmeseclassic.com


www.burmeseclassic.com



ဗါရာဏသီတက္ကသိုလ် ဗုဒ္ဓဘာသာကိုလည်း
ခေတ်စနစ်အရ သင်ကြားပို့ချပေးပါသည်။



Banaras Hindu University



ဗါရာဏသီမြို့မှ ရေချိုးဆိပ်များ

www.burmeseclassic.com

www.burmeseclassic.com

# ဘင်္ဂလားဒေသ

ဘင်္ဂလားသည် တချိန်က ဗုဒ္ဓပွင့်ထွန်းရာ မဇ္ဈိမဒေသနှင့် တဆက်တစပ်တည်း ဖြစ်ခဲ့သည့်အတိုင်း ဗုဒ္ဓဘာသာ ခေတ်ဦးပိုင်းတွင် ဗုဒ္ဓဘာသာ ပြန့်နှံ့ရောက်ရှိခဲ့သည်။

အသောကမင်း မတိုင်မီ ဘီစီ သုံး–ရာစု အတွင်းမှစ၍ ဘင်္ဂလားဒေသသို့ ဗုဒ္ဓဘာသာ ရောက်ရှိပြန့်နှံ့ခဲ့သည်။ ဝိနယပိဋကတ်ကျမ်း များ၌ သံဃာအဖွဲ့အစည်းကြီး၏ ထိုစဉ်က တည်ဆဲ နယ်နိမိတ်ကို ဖော်ပြရာ၌ အရှေ့ဖက်အစွန်ဆုံး နယ်နမိတ်မှာ ပုဏ္ဍရဝါဒန (ယနေ့မဟာစတန်) ဖြစ်ကြောင်း ဖော်ပြထားရာ ယင်းဒေသသည် ဘင်္ဂလားဒေ့ရှ်မြောက်ပိုင်း၌ တည်ရှိခဲ့လေသည်။ ဝိနယပိဋကတ် သည် အသောကမတိုင်မီကပင် တည်ရှိခဲ့သဖြင့် ဘင်္ဂလားဒေသ မြောက်ပိုင်းသို့ ဗုဒ္ဓဘာသာ အရောက်စောခဲ့ကြောင်း ထင်ရှားသည်ဟု သုတေသီများက သက်သေထူကြသည်။

အသောကမင်း လက်ထက်မှစ၍ ဘင်္ဂလားဒေသတွင် ဗုဒ္ဓသာသနာ ပိုမို စည်ပင် ထွန်းထောက် လာခဲ့သည်။ ဗုဒ္ဓအလောင်းတော် ဖွားရာဒေသဖြစ်သည့် လုမ္ဗိနီ ဥယျာဉ်နှင့်လည်း အလှမ်းမဝေးသဖြင့် ဤဒေသသည် ဗုဒ္ဓဘာသာ ခေတ်ဦးပိုင်းက စည်ပင်ထွန်းကားခဲ့ခြင်း ဖြစ်နိုင်ပေသည်။ ဆန်ချီမြို့ ရှေ့ဟောင်းယဉ်ကျေးမှုပြတိုက်ရှိ ကျောက်စာဟောင်းအချို့၏ အဆိုအရ ဤဒေသ၌ ဘီစီ နှစ် ရာစု၊ သုံး ရာစုကပင် ဗုဒ္ဓဘာသာ ရောက်ရှိကြောင်း သိနိုင်ပေသည်။ အေဒီ ငါး ရာစု က တရုတ်ဘုန်းတော်ကြီး ဖါဟီယန်သည် အိန္ဒိယသို့ ဘုရားဖူးလာရင်း ဤဒေသ၌ နှစ် နှစ်ကြာ နေထိုင်သွားခဲ့သည်။ ဖါဟီယန်၏ မှတ်တမ်းအရ ထိုစဉ်က ဘင်္ဂလားဒေသ၌ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း ၂၂–ကျောင်း ရှိကာ ဗုဒ္ဓသာသနာ ထွန်းတောက်လျက်ရှိကြောင်း တွေ့ရသည်။ အေဒီ ငါး ရာစု က လက်ရာဖြစ်သည့် ဗုဒ္ဓရုပ်ပွားတော်များကို တူးဖော်တွေ့ရှိခဲ့သည်။ သို့ကြောင့် အေဒီ ငါး ရာစု က ဤဒေသ၌ ဗုဒ္ဓဘာသာ ထွန်းတောက်နေပြီ ဟု ဆိုရပါမည်။

အေဒီ ခုနစ် ရာစုတွင် ဘင်္ဂလားဒေသသို့ ဘုရားဖူးရောက်ခဲ့သော တရုတ်ဘုန်းတော်ကြီး ဟုအင်ဆန် ၏ မှတ်တမ်း၌ ဘင်္ဂလားဒေသ၌ ဘုန်းတော်ကြီးကျောင်း ၂၀ နှင့် မဟာယာန၊ ဟီနယာန၊ ဂိုဏ်းစုံမှ သံဃာ ၃၀၀ တွေ့ရှိကြောင်း၊ မြို့တော်နှင့် လီ ၂၀ အကွာ၌ (ဝါသုဝိဟာရ) ကျောင်းတော် ရှိကြောင်း ယင်းကျောင်းတော်ကြီး၌ ကျယ်ဝန်းမြင့်မားသည့် ခန်းမဆောင်ကြီးများ ပါဝင်ကြောင်း၊ ထိုကျောင်းတော်၌ မဟာယာနဂိုဏ်းဝင် သံဃာအပါး ၇၀၀ တွေ့ရှိရကြောင်း၊ သမ္မာသတပြည် (သမ္မတ) ၌ ဘုန်းတော်ကြီးကျောင်း ၃၀ နှင့် ရဟန်းသံဃာ ၂၀၀၀–ကျော် ရှိကြောင်း၊ ထိုဒေသမှ ဘုန်းတော်ကြီးကျောင်း တစ်ခုတွင် ဉာဏ်တော် ရှစ်–ပေ မြင့်သည့် ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော် တစ်ဆူ ဖူးတွေ့ရကြောင်းဖြင့် ဖော်ပြထားသည်။

မဂဓတိုင်းမှ နာလန္ဒ ကျောင်းတော်ကြီး ပျက်စီးသွားသောအခါ ထိုကျောင်းတော်ကြီးမှ သံဃာအများအပြား ဘင်္ဂလားသို့ ရောက်ရှိလာသော အထောက်အထားများ ကိုလည်း တွေ့ရပေသည်။ ဘင်္ဂလားဒေသမှ ပါလမင်းဆက်ဝင် မင်းများ (အေဒီ ၈ ရာစု မှ ၁၂ ရာစု အတွင်း) စန္ဒြမင်းဆက် (အေဒီ ၁၀ နှင့် ၁၁ ရာစု)၊ ခဂ္ဂါဘုရင်များ (အေဒီ ၇ နှင့် ၈ ရာစု) လက်ထက်တွင် ဗုဒ္ဓဘာသာကို အားပေးခဲ့ကြသည်။

## ထေရဝါဒဗုဒ္ဓဘာသာ

မြတ်စွာဘုရား၏ ပါဠိတော်များကို ပြင်ဆင် ဖြည့်စွက်ခြင်း၊ နှုတ်ပယ် ခြင်းမပြုဘဲ မူရင်းအတိုင်း ထိန်းသိမ်းခဲ့သော ပင်မ ဗုဒ္ဓဘာသာ ဖြစ်၏

www.burmeseclassic.com



မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံယူတော်မူပုံ (ဘင်္ဂလား) Mahaparinirvana, Bengal



www.burmeseclassic.com

www.burmeseclassic.com




ဘင်္ဂလားမှ-ဗုဒ္ဓရုပ်ထု

The Buddha in Bhumisparsamudra, Bengal

www.burmeseclassic.com

အရှေ့ဘင်္ဂလားဒေသမှ–စေတီဟောင်း တစ်ဆူ    Pāhārpur Temple, Rajshahi District, East Bengal



www.burmeseclassic.com


www.burmeseclassic.com

# ဘင်္ဂလားဒေ့(ရှ်)

ယခင် အရှေ့ပါကစ္စတန် အဖြစ်မှ ၁၉၇၁ ခုနှစ်တွင် လွတ်လပ်ရေး ရလာသောနိုင်ငံ ဖြစ်၏။ ဘင်္ဂလီလူမျိုးတို့ နေထိုင်၍ နိုင်ငံလူဦးရေ သန်း ၁၀၀ ရှိသည်။ ၈၀ % က မွတ်စလင်ဘာသာကို ကိုးကွယ်ကြသည်။

ဒက်ကာမြို့တော်မှာ လူဦးရေ ၄-သန်း ရှိသည်။ ဒက်ကာမြို့တော် အမျိုးသားပြတိုက်တွင် ရှေးဗုဒ္ဓဘာသာ အနုပညာလက်ရာ အများအပြားကို မြင်တွေ့နိုင်သေးသည်။ ရှေးခေတ် မြို့တော်ဟောင်း **SONARGHON** ရှိ ဗုဒ္ဓဘာသာ ကျောင်းတော်မှာ ၇-ရာစု ခေတ်က လက်ရာဖြစ်သည်။ ပုဂံခေတ်ထက် ၃ ရာစု စောပြီး တည်ဆောက်ခဲ့သော ကျောင်းတော်ကို ယနေ့ဖူးတွေ့နိုင်ပါသည်။

စေတီယာမ မြို့တော် (စစ်တကောင်း) မှ ပဏ္ဍိတဝိဟာရ ကျောင်းတော်ကြီး သည် နာလန္ဒာကျောင်းတော်ကြီး ပျက်သုဉ်းသည့် နောက်ပိုင်း ဗုဒ္ဓဘာသာဌါနချုပ် ဖြစ်သည်ဟုပင် ပြောစမှတ် ပြုကြသည်။






www.burmeseclassic.com

www.burmeseclassic.com

၁၉၆၀ ခုနှစ် ခန့်မှန်းချက်အရ အရှေ့ပါကစ္စတန်ဒေသ၌ ဗုဒ္ဓဘာသာဝင်ဦးရေ ၃၁၀,၀၀၀ ဦးရှိ၏။ အိန္ဒိယနိုင်ငံကြီး တစ်ခုလုံး၌ ဗုဒ္ဓဘာသာဝင် အများဆုံး စုဝေးရာ နေရာဖြစ်သည်။ အထူးသဖြင့် ချစ်တကောင်း နိဝါကာလ တိုင်ပီရာနှင့် မြန်မာနိုင်ငံနှင့် ဆက်စပ်နေသော ကော့ဘဇါးတို့တွင် ဗုဒ္ဓဘာသာဝင် ပေါများ၏။ ချစ်တကောင်း တောင်တန်းဒေသ၌ နေထိုင်ကြသော ခမ (KHAKMAS) လူမျိုး ၁၀၈,၀၀၀ ဦး၊ ရခိုင် ဗုဒ္ဓဘာသာ ၁၃၀,၀၀၀၊ ဆင်ဂါလီ ၇၂,၀၀၀ ဦး တို့မှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်ဟု ဆိုသည်။

ခမ KHAKMAS လူမျိုးတွေက သူတို့သည် ဂေါတမဘုရားရှင်၏ မျိုးရိုး SAKYA CLAN မှ ဆင်းသက်လာသူများ ဖြစ်ကြသည်ဟု ဆိုကြသည်။

၁၅–ရာစု ခေတ်က မြန်မာနိုင်ငံမှ ရခိုင်လူမျိုးတို့သည် အိန္ဒိယနိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်ခဲ့ကြရာက ချစ်တကောင်းခရိုင် ကော့ဘဇါး COX BAZAR ဒေသတွင် ဗုဒ္ဓဘာသာ ထွန်းလင်းလာခဲ့သည်။

ယခုအခါ အရှေ့ပါကစ္စတန်ဒေသ၌ ဗုဒ္ဓဘာသာ ဘုရားကျောင်း ဝိဟာရပေါင်း ၃၁၀ ရှိသည်။ ချစ်တကောင်းခရိုင် တစ်ခုထဲတွင် ၂၄၅ ကျော်ရှိသည်။ ယင်းတို့အနက် ကျောင်းတော်ပေါင်း ၂၆၀ မှာ သံဃာ့ရာဇာ ဂိုဏ်းဝင်များ ဖြစ်ကြသည်။ ရဟန်းတော်ပေါင်း ၂၀၀ ရှိသည်။ ယင်းတို့အနက် ၁၅၀ မှာ သံဃာရာဇာ ဂိုဏ်းဝင်များ ဖြစ်ကြသည်။ ပါဠိစာပေနှင့် ဗုဒ္ဓဘာသာ သင်ကြားပေးသော ကျောင်းတော်များ ရှိသည်။ အစိုးရက ပါဠိပထမပြန် စာမေးပွဲကို ကျင်းပပေးသည်။

ချစ်တကောင်း တောင်တန်းဒေသ၌ ဘုန်းတော်ကြီးကျောင်းပေါင်း ၃၂၀ ရှိသည်။ အများပြည်သူ နားလည်လို့ ခက်ခဲသော ပါဠိပျက် ဖြင့် ရေးသားထားသည့် AGA TARA အာဂါတာရာ ခေါ် ကျမ်းစာတွဲများ ( ၂၂–တွဲ) ကို ထိန်းသိမ်းထားရှိကြသည်။

အရှေ့ပါကစ္စတန်၌ ထွန်းကားနေသော ဗုဒ္ဓဘာသာကို မဟာယာန ဟီနာယာနနှင့် နတ်ကိုးကွယ်သည့် အယူအဆ ရောနှောနေသော အယူဝါဒဟု ခေါ်လို့ရသည်။

ရခိုင်အနွယ်ဝင် ဒေသခံလူများ ကိုးကွယ်သော ဗုဒ္ဓဘာသာက ထေရဝါဒ ဗုဒ္ဓဘာသာ ဖြစ်သည်။

ကော့ဘဇါးမြို့ရှိ ရခိုင်ဘုရားကြီးနှင့် ချစ်တကောင်းရှိ MONG SHRINE မောင်းဘုရားကြီးကို နှစ်စဉ် ဗုဒ္ဓဘာသာဝင်များ ဘုရားဖူးဖို့ လာရောက်ကြလေ့ရှိသည်။ စည်ကားလှသည်။

အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘာသာ ကွယ်ပျောက်သွားချိန်၌ ဤဒေသများသည် ဗုဒ္ဓဘာသာ မကွယ်ရအောင် အထူးတောင့်ခံခဲ့ကြသေးသည်။ သို့ကြောင့် ဤဒေသသည် ဗုဒ္ဓဘာသာ၏ နောက်ဆုံး ခံတပ် တစ်ခု ဖြစ်ခဲ့သည်ဟု တင်စားခြင်းခံရသည်။

ဤဒေသကို ဗုဒ္ဓဘာသာအယူဝါဒသည် အသောကမင်းတရားကြီး မတိုင်မီကာလကပင် ရောက်နေပြီဖြစ်သည်။ ဤဒေသသည် အသောကမင်းကြီး၏ အင်ပိုင်ယာတွင်း ပါရှိခဲ့သည်။ သို့ကြောင့် ခရစ်မပေါ်မီ ၃ ရာစုခေတ်က ဤဒေသတစ်ခုလုံးမှာ ဗုဒ္ဓဘာသာလွှမ်းရာဒေသ ဖြစ်ခဲ့သည်။

တရုတ်ခရီးသည်ကြီး HIUEN TSANG ၏ မှတ်တမ်းအရ ခရစ်မပေါ်မီ ၂ ရာစုကာလက ဤဒေသတွင် ဗုဒ္ဓဘာသာကျောင်းကန်များနှင့် စည်ကားနေပြီဟု သိရသည်။

ခရစ်ပေါ်ပြီး ၅ ရာစုကာလ ရောက်လာသော တရုတ်ရဟန်းတော် FAHIEN ၏ မှတ်တမ်းတွင်လည်း ဘင်္ဂလားဒေသတွင် ရဟန်းကျောင်းတော် ၂၂ ကျောင်းတိုက်ရှိနေပြီး၊ ဗုဒ္ဓဘာသာမှာ စည်ပင်လျက်ရှိသည်ဟု ဆိုသည်။


၇ ရာစုခေတ်ရောက်လာသော တရုတ်ခရီးသည် YUAN CHWANG (HIUEN TSANG) ၏ အဆိုအရ ကျောင်းတိုက်ကြီး ၂၀ တွင် သံဃာတော်အပါး ၃၀၀ ရှိသည်။ ထေရဝါဒ၏ မဟာယာနကိုပါ လက်ခံကြသည် ဟုဆိုသည်။ စာသင်တိုက်ကြီး တစ်ခုမှာ အလွန်ကြီးမားခမ်းနားသော အဆောင်ကြီးများဖြစ်၍ မဟာယာန ရဟန်းတော် အပါး ၇၀၀ ရှိသည်ဟု မှတ်တမ်း တင်ထားပါသည်။

နောက်ပိုင်းကာလတွင် ရှေ့တွင်ဖော်ပြခဲ့သည့် အိန္ဒိယနိုင်ငံမှ ဗုဒ္ဓဘာသာ ပျောက်ကွယ်ခဲ့ရပုံနည်းအတိုင်း ပျောက်ကွယ်ခဲ့ရာ ယခုဆိုလျှင် ဗုဒ္ဓဘာသာ အဆောက်အဦး ကြီးကြီးမားမားဆို၍ လက်ညှိုးထိုးပြစရာပင် မကျန်တော့ပါ။ ရှေးဟောင်းသုတေသနဌာနကြီးမှပင် မဖော်ထုတ်နိုင်တော့ပါ။ အဖျက်အဆီးခံလိုက်ရသော ဒါဏ်ရာက ပြင်းထန်လွန်းသောကြောင့် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**Monks at an East Pakistan Buddhist Monastery**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရဟန်းတော်များ ဗုဒ္ဓဘာသာကျောင်းတော်ရှေ့


## ဗုဒ္ဓုပ္ပတ္တိသက္ကရာဇ်အကျဉ်း

| မဟာသက္ကရာဇ် | လ | နေ့ရက် | အကြောင်းအရာ |
|---|---|---|---|
| ၆၇ | ဝါဆိုလပြည့် | ကြာသပတေး | ပဋိသန္ဓေယူသည်။ |
| ၆၈ | ကဆုန်လပြည့် | သောကြာ | ဖွားမြင်တော်မူသည်။ |
| ၉၆ | ကဆုန်လပြည့် | | နိမိတ်ကြီးလေးပါးမြင်။ |
| ၉၇ | ဝါဆိုလပြည့် | တနင်္လာ | တောထွက်တော်မူ၏။ |
| ၁၀၃ | ကဆုန်လပြည့် | ဗုဒ္ဓဟူး | ဘုရားဖြစ်တော်မူသည်။ |
| ၁၀၃ | ဝါဆိုလပြည့် | စနေ | ဓမ္မစကြာတရားဟော။ |
| ၁၀၃ | ဝါဆိုလပြည့်ကျော် (၅) | ကြာသပတေး | အနတ္တလက္ခဏသုတ်။ |
| ၁၄၈ | ကဆုန်လပြည့် | အင်္ဂါ | ပရိနိဗ္ဗာန်စံယူသည်။ |
| ၁၄၈ | ကဆုန်လပြည့်ကျော်(၅) | တနင်္ဂနွေ | တေဇောဓာတ်လောင်။ |
| ၁၄၈ | နယုန်လဆန်း (၁) | ကြာသပတေး | ဓာတ်တော်ဝေသည်။ |
| ၁၄၈ | ဝါဆိုလပြည့်ကျော်(၁) | | ပထမသင်္ဂါယနာတင်။ |



www.burmeseclassic.com


www.burmeseclassic.com



Worshipping at Buddhist Temple

မြန်မာပြည် နှင့် နီးကပ်သော ကော့ဘဓါးမြို့- ဗုဒ္ဓဘာသာ ရုပ်ပွားတော်များ


ချစ်တကောင်းမြို့မှ ၁၅၂ ကီလိုမီတာ ဝေးကွာ၍ မြန်မာပြည်နှင့် နီးကပ်သဖြင့် ဗုဒ္ဓဘာသာ ရုပ်ပွားတော်တို့မှာ မြန်မာပြည်က ပုံသဏ္ဍာန်အတိုင်း ဖြစ်နေသည်ကို တွေ့ရပါသည်။ ဤမြို့ကလေးရှိ ပင်လယ်ကမ်းခြေမှာ အပန်းဖြေသူများဖြင့် အစဉ်စည်ကားသည်။





www.burmeseclassic.com


www.burmeseclassic.com



ရှေးဘုရားကျောင်းများမှ ကျောက်ရုပ်လုပ်များ

ရဟန်းတော်များသီတင်းသုံးရန် ရှေးဟောင်းကျောင်းတော်ကြီးပာစ်မဆောင်

Bird's-eye-view of the excavated area in northern rampart wall (Eastern Section), at Paharpur, Rajshahi District, East Pakistan






www.burmeseclassic.com

www.burmeseclassic.com

# BANGLADESH

## Chittagong Hill Tracts





ချစ်တကောင်းတောင်တန်းရှိ ဗုဒ္ဓဘာသာအများစု မြန်မာနှင့် ကပ်နေသော BANGLADESH

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ချစ်တကောင်းဒေသ KAPTAI ရေကန်ရှိရာ ခရိုင်ရှိ ရှေးဟောင်း CHITMORONG ချစ်မိုရောင်း ဗုဒ္ဓဘာသာ ကျောင်းတော်၊ လှပသော ပန်းချီ ပန်းပု ရုပ်လုံများဖြင့် တန်ဆာဆင်ထားသော ကျောင်းတော်ဖြစ်၍ ပြေလည်နှစ်စဉ်ကျင်းပသော ဘုရားပွဲတော်များ လွန်စွာစည်ကား ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# အာရှအလယ်ပိုင်းဒေသ

ယနေ့ ပါကစ္စတန်၊ အာဖဂန်နစ္စတန် နှင့် တရုတ်နိုင်ငံ နယ်စပ်ဒေသ (ယခင် တာကစ်စတန်နိုင်ငံ) သည် တစ်ချိန်က အာရှအလယ်ပိုင်း ဒေသအဖြစ် ကျော်ကြားခဲ့သည်။ အရှေ့နှင့် အနောက် ဆက်သွယ်ထား သော ပိုးထည်ထွက်ရာ တရုတ်နိုင်ငံ၊ ရောမနိုင်ငံ၊ အီဂျစ်နိုင်ငံများနှင့် အိန္ဒိယနိုင်ငံသို့ ကူးစက်ရာ ပိုးလမ်းမကြီးပေါ် တည်ရှိသော ဒေသဖြစ်၏။ ယဉ်ကျေးမှု ဖလှယ်ရာဒေသလည်း ဖြစ်၏။

အိန္ဒိယ အင်ပါယာကြီးကို ကနိဿကမင်းက ထူထောင်အုပ်ချုပ်နေသည့် နှစ်များအတွင်း၌ အာရှအလယ်ပိုင်း သို့ ဗုဒ္ဓဘာသာ ပြန့်နှံ့ရောက်ရှိခဲ့သည်။


တရုတ်ဘုန်းတော်ကြီး ဖါဟီယန်သည် ဤအိုအေစစ်နိုင်ငံများသို့ ဖြတ်သန်းကာ အိန္ဒိယသို့ သွားရောက်ခဲ့သည်။ ထိုအချိန်က ခိုတန်အပါအဝင် အိုအေစစ်နိုင်ငံများ၌ ဗုဒ္ဓရုပ်ပွားတော်များကို အခမ်းအနားဖြင့် လှည့်လည် ပူဇော်သော ဘုရားပွဲများ ကျင်းပကြောင်း၊ ဖါဟီယန် ကိုယ်တိုင် ထိုဘုရားပွဲတော် ကို လေ့လာရန် ခိုတန်တွင် သုံးလကြာ ရပ်နားစောင့်ဆိုင်းခဲ့ကြောင်းဖြင့် မှတ်တမ်း၌ ပါရှိသည်။

ဤဒေသမှ လူအများစုသည် အစ္စလမ်ဘာသာကို ပြောင်းလဲကိုးကွယ်နေ ကြပြီးဖြစ်သော်လည်း တစ်ခေတ်က ဗုဒ္ဓဘာသာထွန်းကားခဲ့သော အထောက်အထားများကို ဘိုးဘွားအမွေ ယဉ်ကျေးမှုရတနာ အဖြစ် ထိန်းသိမ်းထားကြသည်။

ယခုခေတ်တွင် အာရှအလယ်ပိုင်းဒေသမှ ရှေးဟောင်းကျောင်းကန်ဘုရား ရုပ်ပွားတော်တို့အပြင် တန်ဖိုးမဖြတ်နိုင်သော ဓမ္မပဒအပါအဝင် ဗုဒ္ဓစာပေ (ပါဠိ၊ တရုတ်၊ သက္ကတ ဘာသာဖြင့်) မှတ်တမ်း မှတ်ရာတို့ကို တူးဖော်ရရှိပြီး ဖြစ်ပါသည်။

ဤဒေသမှ ၄-ရာစု နှစ်များအတွင်းက သံဃာတော်များ ဗုဒ္ဓဘာသာသာသနာ စည်ပင် သာယာရေးအတွက် ကြိုးစားခဲ့ကြပုံမှာ အားကျစရာကောင်း လောက်ပါသည်။






*Central Asia: the area of Buddhist expansion discussed in this chapter.*

www.burmeseclassic.com

www.burmeseclassic.com





*Races of Central Asia depicted in Buddhist paintings. Above are two details of frescoes at Qoĉo. Left: two worshippers, the one on the left a Syrian, the one on the right a Śaka, a Scythian people originally from the area north of the Aral Sea (the same head-dress appears in Khotanese Jātaka pictures).*

*Right: a monk from a distant country visiting a Qoĉo monk. The latter conforms to the Chinese ideal of beauty; the foreign visitor has somewhat grotesque features (e.g. traces of beard). Below: Uigur and Tokharian monks, from frescoes in the Kuĉā region.*





**ထိုဒေသမှ လူမျိုးပေါင်းစုံက ဗုဒ္ဓ၏ တပည့်နောက်လိုက်များ ဖြစ်ခဲ့ကြသည့် အထောက်အထား ရှေးဟောင်း ပန်းချီကားချပ်များ**





(ဈာန မုဒြာ)




(ဝရဒ မုဒြာ)



(အဘယ မုဒြာ)

www.burmeseclassic.com

www.burmeseclassic.com




Fragments of the Manuscript of the *Sāriputra-prakaraṇa*, Central Asia




ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော် အာရှအလယ်ပိုင်းဒေသ

Buddha in Abhayamudrā, Karasai, Central Asia

www.burmeseclassic.com







အာရှ အရှေ့အလယ်ပိုင်း ဒေသတွင် ရုပ်ပုံပါ စာပေ သုံးမျိုးဖြင့် ဗုဒ္ဓစာပေကို ဘာသာပြန်ဆိုနိုင်ခဲ့သဖြင့် လျှင်မြန်စွာ ပြန့်ပွားခဲ့ခြင်း ဖြစ်သည်။





ဗုဒ္ဓရုပ်ပွား ပန်းချီကား

www.burmeseclassic.com

**Hadda**, once a teeming city and one of the leading monasteries of Central Asia, was totally forgotten until its ruins were rediscovered in the 19th century. It has since been partially excavated, yielding fragments of stucco and painting of high quality and similar in style to those of Mirān and Bāmiyān. Most, however, have been removed to museums and the site is now returning to the desert. (20)



ဟဒ်ဒါ – တစ်ချိန်က အလွန်စည်းကားသော အာရှတိုက်အလယ်ပိုင်းဒေသမှ မြို့တော်ဖြစ်ခဲ့၏။ နောက်ပိုင်းတွင် လူသုံကင်းမဲ့သွားရာက ၁၉ – ရာစု ခေတ်ကျမှ ပြန်လည် ရှာဖွေတွေ့ရှိခဲ့သည်။ ဤမြို့ဟောင်း မှ တူးဖော်ရရှိသော ရှေးဟောင်း ပစ္စည်းတို့ကို ပြတိုက်ကြီးများသို့ ပြောင်းရွှေ့ပြီးသွားရာက ယခုအခါ သဲကန္တာရဘဝကို အသွင်ပြောင်းလျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အာရှအလယ်ပိုင်းဒေသ ဗုဒ္ဓရုပ်ပွားတော်များ



www.burmeseclassic.com

www.burmeseclassic.com

### . Stūpa finial

From Loulan, Xinjiang province, China. Han dynasty or later, 3rd-4th century AD

ဟော် ဟာန် ၃ - ၄ ရာစုခေတ် တရုတ်နိုင်ငံ





### Buddha

From Rawak, near Khotan, Xinjiang province, China. 4th-5th century AD

ဗုဒ္ဓ ခိုတန်ဒေသအနီး တရုတ်ပြည် ၄ - ၅ ရာစုခေတ်



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com




လောကနတ်သား ရွှေနန်းတော်ကျောင်း
မန္တလေး အဝလောကိတေသရ ဘုရားလောင်း ?



ပုထိုးသားများစေတီ (ပုဂံမြို့ပင်းနန်းသူ) မှ လောဝိသတ္တ ဘုရားလောင်း ပန်းချီ

www.burmeseclassic.com

www.burmeseclassic.com








- ဗုဒ္ဓ ရွံ့စေးအုတ်ချပ် ခိုတန်ဒေသ ၅ - ၆ ရာစုခေတ်
- ဗုဒ္ဓ ခိုတန်ဒေသ တရုပ်ပြည်



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတော် အချင်းချင်းပေးစာ အေဒီ ၂ - ၃ ရာစုခေတ်
ခိုတန်ဒေသ (တရုတ်ပြည်) ဗုဒ္ဓမတ်ရုပ်တော်

ခိုတန်ဒေသ တရုတ်နိုင်ငံ ဗုဒ္ဓရုပ်ပွားတော် ၆ - ၇ ရာစု







www.burmeseclassic.com


www.burmeseclassic.com


# ကိုင်ဘာတောင်ကြားလမ်း

# KHYBER PASS

ယခု အက်ဖဂန်နစ္စတန်နိုင်ငံ ကာကူးမြို့တော် ပါကစ္စတန်နိုင်ငံ ပါရှဝါဒေသ အာရှတိုက် အလယ်ပိုင်း ဒေသနှင့် အိန္ဒိယနိုင်ငံများသို့ ဆက်သွယ်ထားသော ရှေးခေတ် ကုန်သည်များ သွားလာရာ တောင်ကြားလမ်းခရီး ဖြစ်၏။ ယခု ခေတ်တွင် ဤခရီးလမ်းကို ခေတ်မှီ မီးရထား မော်တော်ကားလမ်း ဖောက်လုပ်ထားပြီး ဖြစ်သည်။










The ruins of Taxila, famous 2,000 years ago as a seat of learning, and now a major centre of archaeology. The town was captured by Alexander the Great, became prosperous under the empire of Asoka and was eventually sacked by the Huns. Among the ruins are Buddhist stupas—domed funeral mounds which held relics



www.burmeseclassic.com

www.burmeseclassic.com





လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ လောက်က ပိုးကုန်သည်များ သွားလာရာ လမ်းအတိုင်း ဗုဒ္ဓသာသနာ သည် အိန္ဒိယနိုင်ငံမှ အာရှတိုက် အလယ်ပိုင်းဒေသမှ တဆင့် တရုတ်နိုင်ငံသို့ ပြန့်ပွားသွားခဲ့သည်။



www.burmeseclassic.com


ရှေးခေတ် ကုန်သည်များ သွားလာရာ လှည်းသွားလမ်းဟောင်း



လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ လောက်က ပိုးကုန်သည်များ သွားလာရာ လမ်းအတိုင်း ဗုဒ္ဓသာသနာသည် အိန္ဒိယနိုင်ငံ (အာရှတိုက် အလယ်ပိုင်းဒေသ) မှ တစ်ဆင့် တရုတ်နိုင်ငံသို့ ပြန့်ပွားသွားခဲ့သည်။

www.burmeseclassic.com

ယခုခေတ်တွင် ဖောက်လုပ်ထားပြီး ဖြစ်သော ခေတ်မှီ မော်တော်ကားလမ်း





www.burmeseclassic.com

www.burmeseclassic.com



1



2



3

1. *Sphola Stupa, Khyber Pass, 2nd-3rd A.D.*
2. *Buddha's Life Story in stone National Museum, Karachi.*
3. *Rockcut Buddha, Gilgit.*

ဤတောင်ကြားလမ်းဒေသတွင် တက္ကသီလာ ရှေးဟောင်း ဗုဒ္ဓဘာသာဝင်တို့၏ တက္ကသိုလ်ကြီးနှင့် အတူ ရှေးဟောင်း ဗုဒ္ဓဘာသာ လက်ရာများ စေတီပုထိုးဟောင်း များကို ဖူးတွေ့နိုင်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

မဟာယာနဂိုဏ်း၏ဝိသေသလက္ခဏာများမှာ

(၁) ဗုဒ္ဓ၏ကာယသုံးပါး
(၂) ဗောဓိသတ္တဘုရားလောင်းဝါဒ
(၃) တထတာနှင့်ဓမ္မဓါတု (နိဗ္ဗာန်=လောက)
(၄) အာလယဝိညာဉ်
(၅) မြူမှုန်များ တိရိစ္ဆာန်များ၌ ပုဒ္ဓသဘာဝ
(ဘုရားဖြစ်မည့်အလားအလာ) အနည်းနှင့်အများ ပါဝင်သည်။
ဤအယူအဆများကို လက်ခံသောဂိုဏ်း = မဟာယာနဂိုဏ်း ဖြစ်၏။
ဤသဘောတရားတို့ကို လက်မခံသူများကို ဟီနယာန ဟု အမည်ပေး ခံရ၏။




**Far to the north,** at Bezeklịk in northern Turkestan (*below*) are cave temples resembling those of India but containing paintings of the 8th–10th centuries in a specifically Central Asian style. (16)

မြောက်ပိုင်း ယခု ပါကစ္စတန်ဒေသ၌လည်း အိန္ဒိယနိုင်ငံမှ ဂူကျောင်းကြီးကဲ့သို့ အဆောက်အဦးကြီးများ ရှိကြသည်။ ၈–၁၀ ရာစု ခေတ် ပန်းချီများဖြင့် တန်ဆာ ဆင်ထားလျက်ရှိကြသည်။
(အာရှတိုက်အလယ်ပိုင်း)



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ ပုဂံမြို့ဟောင်းကိုလည်း ရှေ့တွင် ဖော်ပြထားသော အာရှအလယ်ပိုင်း ဒေသမှ ဗုဒ္ဓထွန်းကားရာ နေရာဟောင်းကဲ့သို့ သဲကန္တာရ မဖုံးလွှမ်းသွားရအောင် သစ်ပင်စိုက်ခြင်း စသည်တို့ဖြင့် ဆက်လက် ကြိုးစား ထိန်းသိမ်းကြပါစို့ ။



www.burmeseclassic.com

www.burmeseclassic.com

# အာ ဖ ဂန် နစ် စ တန်

အာဖဂန်နစ်စတန်နိုင်ငံသည် ပါကစ္စတန်နိုင်ငံ၏ အနောက်မြောက်ဘက် တွင် တည်ရှိသည်။ အိန္ဒိယပြည်၏ အနောက်ဖက် နှင့် မြောက်ဘက် တံခါး၀ ဖြစ်ခဲ့သည်။

အာသောကမင်းကြီးလက်ထက် ကိုးတိုင်း ကိုးဌာန သို့ သာသနာပြု အဖွဲ့များ စေလွှတ်ရာတွင် သျှင်မဇ္ဈန္တိက အမှူးပြုသော အဖွဲ့သည် အာဖဂန်ဒေသအထိ ကြွရောက်ကာ သာသနာပြုခဲ့သည်။ အသောကနှင့် ကနိသျှကမင်းများ လက်ထက်တွင် အာဖဂန်ဒေသတွင်လည်း ဗုဒ္ဓသာသနာ ထွန်းပခဲ့သည်။

အာဖဂန်နိုင်ငံ၏ အရှေ့ပိုင်းနှင့် တောင်ပိုင်းတစ်ခွင်၌ ဘီစီ တစ် ရာစုမှစ၍ ဗုဒ္ဓဝါဒ ပြန့်နှံ့ ရောက်ရှိခဲ့ပြီး အေဒီ ၅စ်–ရာစု တွင် မှေးမှိန်ကွယ်ပခဲ့သည်။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများသည် အာဖဂန်နိုင်ငံ အတွင်းမှ ဘာမီယန်ဒေသတွင် တောင်ကမ်းပါးများကို ဂူများထွင်းလျက် ကျောင်းသင်္ခမ်း အဖြစ် ဆောက်လုပ် သီတင်းသုံး နေထိုင်ခဲ့ကြသည်။ တစ်ချိန်က ဂန္ဓာရတိုင်း နယ်နိမိတ်သည် ယနေ့ အာဖဂန်နစ်စတန်နိုင်ငံတွင်လည်း အကျုံးဝင်ပေသည်။

ဘာမီယန်ဒေသသည် အာဖဂန်နစ်စတန်နိုင်ငံ ကဘူးလ်မြို့တော်၏ အနောက်မြောက်ဘက် မိုင် ၁၆၀ ခန့် အကွာ၊ တောင်တန်းကြီး နှစ်ခု အကြားတွင် တည်ရှိသည်။ တောင်ပတ်လည် ဝိုင်းရံထားသော စိမ်းလန်းသာယာသည့် လွင်ပြင်၌ တည်ရှိခြင်းကြောင့်လည်း ရှုခင်းရှုကွက် လှပလျက်ရှိသည်။

ဤဒေသသည် ပိုးထည် ရောင်းဝယ်ဖောက်ကားရာ လမ်းမကြီးပေါ်၌ တည်ရှိသောကြောင့်လည်း ကူးသန်းသွားလာမှု စည်ကားခဲ့သည်။


ဘာမီယန်ဒေသသည် ကျောက်တောင်ကမ်းပါး၌ ထွင်းထုထားသည့် ဗုဒ္ဓရုပ်ပွားတော်ကြီး နှစ်ဆူကြောင့် ထင်ရှားကျော်ကြားသည်။ တခေတ်က ဤဒေသတွင် ဗုဒ္ဓသာသနာထွန်းကားခဲ့သော သာဓက ပြယုဂ်လည်း ဖြစ်သည်။ ဗုဒ္ဓရုပ်ပွားတော်ကြီး နှစ်ဆူကို အေဒီ ၆၀၀–စုခန့်တွင် ထုလုပ်ခဲ့သည်ဟု ယူဆ ရသည်။ တရုတ်ဘုန်းတော်ကြီး ဖါတီယန်သည် ဤဒေသသို့ အေဒီ ၅၀၀–စု ခန့်တွင် ဘုရားဖူး ရောက်ခဲ့သည်။ ကိုးရီးယား ဘုန်းတော်ကြီး ဟွေချောင် သည် လည်း အေဒီ ၈၀၀–စု က ဘာမီယန်သို့ ဘုရားဖူးလာခဲ့သည်။ ထို့ကြောင့် ဘာမီယန်သည် အေဒီ ၈၀၀–စု အထိ ဗုဒ္ဓဘာသာ ဒေသတစ်ခု အဖြစ် ထွန်းကားခဲ့ကြောင်း ထင်ရှားပေသည်။


ဤဒေသတွင် ယခုခေတ်၌ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူကို ဖူးတွေ့နိုင်သည်။ ဗုဒ္ဓရုပ်ပွားနှစ်ဆူအနက် ရုပ်ပွားတော်ကြီးမှာ ဥာဏ်တော်ပေ ၁၇၀ ခန့် ရှိပြီး အငယ်မှာ ဥာဏ်တော်ပေ ၁၂၀ ခန့် မြင့်လေသည်။ ကျောက်နံရံ၌ လှိုင်ခေါင်း ထွင်းပြီး လှိုင်ခေါင်းအတွင်း၌ ရုပ်ပွားနှစ်ဆူ ထွင်းထုခဲ့ခြင်း ဖြစ်သည်။ တစ်ဆူနှင့် တစ်ဆူ အလှမ်းကွာပေသည်။

သဘာဝ ရာသီဥတုဒါဏ်ကြောင့် ဘာမီယန်မှ ဗုဒ္ဓရုပ်ပွားတော်များ ယိုယွင်း ပျက်စီးခဲ့ရသည်။ လူရမ်းကားများ၏ လက်ချက်ဖြင့် သေနတ်ကျည်ဆံ ရာများ၊ သံဖြင့်ပြုလုပ်ထားသော မျှားတံ စိုက်ဝင် ပျက်စီးနေပုံများ ကိုလည်း တွေ့ရပေသည်။ ထိုဒေသတဝိုက်တွင် ရေနံရှာဖွေရေး ဆိုက်စမင် အဖွဲ့များ၏ ဖေါက်ခွဲစမ်းသပ်မှုကြောင့် ကွဲအက်နေသော အက်ကြောင်းများကိုလည်း တွေ့ရပေသည်။ အိန္ဒိယဝန်ကြီးချုပ် အင်ဒီရာဂန္ဒီအစိုးရက ၁၉၆၉ ခုနှစ် ဇူလိုင် လဆန်းပိုင်းက ဘာမီယန်ဒေသ ပြုပြင် မွမ်းမံရေးအတွက် အိန္ဒိယနှင့် အာဖဂန်နိုင်ငံတို့ စာချုပ်လက်မှတ် ရေးထိုးခဲ့သည်။ အိန္ဒိယမှ အတတ်ပညာရှင်များနှင့် ငွေကြေးများကူညီကာ ရှေးဟန်မပျက် ပြန်လည်ပြုပြင်ခဲ့သည်။ ဗုဒ္ဓရုပ်ပွားတော်များသည် ကျောက်ကို ထွင်းထုသည် ဆိုသော်လည်း လက်တော်များကိုသစ်သားဖြင့် ပြုလုပ်တပ်ဆင်ထားခဲ့သဖြင့် ဆွေးမြည့် ကျိုးပျက်လျှက်ရှိသည်။ ၁၉၇၃ ခုနှစ် အောက်တိုဘာလတွင် ဆင်းတုတော် အငယ်ကို ပြုပြင်မွမ်းမံ ပြီးစီးသည်။ ရုပ်ပွားတော်ကြီးကိုမူ နောက်တစ်နှစ်တွင်မှ ပြီးစီးခဲ့သည်။

(ယနေ့ အာဖဂန်နစ်စတန်တွင် နိုင်ငံသား အားလုံးလိုလိုပင် အစ္စလာမ်ဘာသာ ကိုးကွယ်ကြသည်။)

www.burmeseclassic.com





ဗာမိယန်တောင်
တန်းများ။
အာဖဂန်နီစတန်။

ဘာမီယန်ဒေသမှ အလွန်ကြီးမားသော ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူ အနက် တစ်ဆူ



www.burmeseclassic.com

မန္တရယာန

တန္တရဂိုဏ်းအားလုံး၌ မန္တန်ကို အသုံးပြုကြ၏။ ဘေးရန်အန္တရာယ် ကာကွယ်ရန် လောကီအကျိုးစီးပွါး တိုးတက်ရေးအတွက် ရှေးအစဉ်အဆက်မှ မန္တန်ကို အသုံးပြုကြ၏။ မန္တန်ကို ဌာန်ကရိုဏ်းကျကျ ရွတ်ဖတ်ကြသည်။



Flyin
Divinitie
Bāmiyā

ဘာမိယန်ဒေသ ဗုဒ္ဓဝင်ပန်းချီကားချပ် တစ်ခု



www.burmeseclassic.com

www.burmeseclassic.com

# ပါကစ္စတန်

ဗုဒ္ဓခေတ် အိန္ဒိယပြည်တွင် တိုင်းကြီး ၁၆–တိုင်း ရှိခဲ့ရာ ယင်း ၁၆–တိုင်း အနက်မှ ဂန္ဓာရတိုင်းသည် ယနေ့ ပါကစ္စတန်နိုင်ငံ၏ အနောက်မြောက် နယ်စပ်ဒေသတွင် တည်ရှိခဲ့လေသည်။ အသောကမင်းလက်ထက်တွင် ဂန္ဓာရသည် အိန္ဒိယအင်ပါယာ၌ ပါဝင်ကာ ဗုဒ္ဓဘာသာ အမြစ်တွယ်ခဲ့ရသည်။ နောက်ပိုင်းတွင် မြောက်ပိုင်း မဟာယာနဂိုဏ်း၏ အချက်အချာဒေသဖြစ်လာသည်။ အေဒီ ၇၀၀–စု ဗြဟ္မဏဘာသာဝင် အာ့ချ်ဘုရင် နန်းတက်လာသောအခါမှ စပြီး ဂန္ဓာရတွင် ဗုဒ္ဓဘာသာ ကိုးကွယ်သော မင်းဆက်များ အဆုံးသတ်ခဲ့ရသည်။

ဂန္ဓာရဒေသသည် ဂရိလူမျိုးများစွာ နေထိုင်ခဲ့သဖြင့် ဂရိတို့ကျွမ်းကျင်သည့် ကျောက်ဆစ်ထုပန်းပုပညာရပ်များ၊ ဂရိ အတွေးအခေါ်များသည် ဒေသခံ အနုပညာ အတွေးအခေါ်များနှင့် ပေါင်းစပ်ဖလှယ်မိကြသည်။

ထိုဒေသတွင် ဂရိတို့၏ ကျောက်ဆစ်ထု အတတ်ပညာကို အသုံးချပြီး ဗုဒ္ဓ၏ ရုပ်ပွားတော်များစတင် ထုလုပ်ကိုးကွယ် ကြလေသည်။ ဗုဒ္ဓရုပ်ပွားတော်အစ ဂန္ဓာရ က ဟုပင် ဂုဏ်ယူကြသည်။ ဗုဒ္ဓရုပ်ပွားတော်များကိုသာမက ဗုဒ္ဓ၏ ဖြစ်တော်စဉ်များ ဇာတ်နိပါတ်များကိုပါ ကျောက်တုံးများ၌ ထုလုပ်ကြသည်။ ဂန္ဓာရအနုပညာသည် ယနေ့တိုင် ထင်ရှားကျော်ကြားလျက် ရှိသည်။

ကနိဿကမင်း လက်ထက် ဤဂန္ဓာရ ဒေသမှာပင် စတုတ္ထသင်္ဂါယနာ တင်ခဲ့သည်။ မြောက်ပိုင်းဂိုဏ်းမှ ကြီးစိုးသော သင်္ဂါယနာပွဲ ဖြစ်သည်။ ဤသင်္ဂါယနာ ပွဲချိန်ကာလ၌ ထေရဝါဒ ဂိုဏ်းက သီဟိုဠ်တွင် စင်ပြိုင်သင်္ဂါယနာ တင်ခဲ့ကြသည်။ ယနေ့ ပါကစ္စတန်နိုင်ငံ တည်ရာဖြစ်သော ဂန္ဓာရတိုင်း၏ အစိတ်အပိုင်း ဒေသများတွင် တခေတ်က ဗုဒ္ဓသာသနာ ထွန်းတောက်ခဲ့သော သဲလွန်စများကို ယနေ့ပင် တူးဖော်၍ မကုန်နိုင်အောင် ရှာဖွေတွေ့ရှိခဲ့လေသည်။ ထူပါရုံဘုရားများ၊ စေတီပုထိုးများ၊ ကျောင်းတော်ရာများ၊ ပြန်လည်တူးဖော် ထိန်းသိမ်းပြုပြင်ရန် ယနေ့ ပါကစ္စတန်အစိုးရက ပါကစ္စတန်ရူပီးငွေ သန်းပေါင်းများစွာ သတ်မှတ် သုံးစွဲလျက်ရှိသည်။

ဂန္ဓာရခေတ်က စေတီပုထိုးများ လက်ညှိုးထိုးမလွဲရှိခဲ့ပုံ၊ ဘုန်းကြီးကျောင်း များစွာ၌ ရဟန်းသံဃာ အများ စာပေ ပရိယတ္တိ ဆည်းပူးနေကြပုံများကို တရုတ်ဘုန်းတော်ကြီး ဖါဟီယန်၏ မှတ်တမ်း၌၎င်း၊ အခြား ဘုရားဖူးမှတ်တမ်းများ၌၎င်း တွေ့ရပေသည်။

မြောက်ပိုင်း ဗုဒ္ဓဘာသာဝင်များသည် ဘုရားအဖြစ် ရည်မှန်းကျင့်ကြံလေ့ ရှိကြသည့်အတိုင်း အကြီးအကဲများကို ဗောဓိသတ္တ ဘုရားလောင်းများဟု သတ်မှတ်ကြသည်။ ဤသို့ဖြင့် ဂန္ဓာရတိုင်း ရှေးဟောင်း ရုပ်ထုများ၌၎င်း၊ မဟာယာန ပြန့်နှံ့ရာ တိဗက်၊ တရုတ်၊ ဂျပန်တို့တွင်၎င်း ဗောဓိသတ္တ ဘုရားလောင်းရုပ်ထု အမြောက်အမြား တွေ့ရသည်။

ဂန္ဓာရတိုင်းကို အုပ်ချုပ်ခဲ့ရသည့် ဂရိပြည်ရှင် မိနန္ဒာ (မိလိန္ဒ) နှင့် ကူရှန် မင်းဆက်မှ ကနိဿကမင်းတို့သည် ဗုဒ္ဓဘာသာကို အထူးအားပေးခဲ့ကြသည်။ မိလိန္ဒသည် ဗုဒ္ဓတရားတော်နှင့်ပတ်သက်၍ ရှင်နာဂသေနအား ဖိတ်ကြားဆွေးနွေး မေးမြန်းလေ့ ရှိသည်။ ထိုမင်းများ၏ အားပေးမှုဖြင့် အားကောင်းရှင်သန်လာသည်။ မြောက်ပိုင်းဗုဒ္ဓဘာသာသည် ဂန္ဓာရတခွင်၌ အခြေစိုက်နိုင်ရုံမျှမက အာရှအရှေ့မြောက်ဘက်တလွှား (တရုတ်၊ ဂျပန် အပါအဝင်) သို့ ပြန့်နှံ့ထိုးဖောက်နိုင်ခဲ့လေသည်။ မြောက်ပိုင်းဗုဒ္ဓဘာသာ အယူဝါဒသည် ပြည်ပသို့ ပြန့်နှံ့နိုင်မှုအတွက် ဂန္ဓာရတွင် ခြေကုပ်ယူခဲ့သည်ဟု ဆိုနိုင်သည်။

တပ်(က်)ဘဟီ အရပ်မှ တူးဖော်ရရှိသော ဗုဒ္ဓ ရုပ်ပွားတော်များနှင့် ဇာတ်နိပါတ် ရုပ်ထုများကို ယနေ့ ပါကစ္စတန် ယဉ်ကျေးမှုပြတိုက်၌ ပြသထားသည်။ ယင်းဒေသမှ ဉာဏ်တော်ပေ ၂၀ မြင့်သည့် ဗုဒ္ဓရုပ်ပွားများပင် တွေ့ရှိရသည်။

အလားတူပင် ဆာရီးဘာလာလ် မြို့တော်ဟောင်းကို တူးဖော်ရာ၌ မီးရှို့ဖျက်ဆီးထားသည့် ဘုန်းတော်ကြီးကျောင်းများ၏ အစအနများကို တွေ့ရသည်။ ထိုဒေသသို့ ကျူးကျော်ဝင်ရောက်ခဲ့သည့် ဟန်များ လက်ထက်က ဖျက်ဆီးခံခဲ့ရခြင်း ဖြစ်ပေမည်။ လေးပေခွဲ အမြင့်ရှိ ဗောဓိသတ္တ ရုပ်ထုများကို အစိလိုက် အတန်းလိုက် တွေ့နိုင်သေးသည်။



www.burmeseclassic.com


www.burmeseclassic.com

ယင်းရုပ်လုံများသည် လိုဓေတ်က ဂန္ဓာရအနုပညာ၏ အမြင့်ဆုံး အခြောင်းဆုံး ဟော်ရှင်ပြ ဆိုနိုင်သည်။

အရပ်ရပ် နေပြည်တော်မှ မင်းညီ မင်းသားများ လာရောက်ပညာသင်ရာ တက္ကသိုလ်ပြည် ဟု ခေတ်ဝတ္ထုများ၌ ဖော်ပြလေ့ရှိသော တက္ကသီလာ မြို့ဟောင်းနေရာကိုလည်း ဂန္ဓာရဒေသ၌ ယူဆော် တွေ့ရှိထားသည်။

မြောက်ပိုင်းဗုဒ္ဓဘာသာ၏ ခေတ်ဦးပိုင်း ဌာနချုပ်အဖြစ်ရှင်း၊ အာရှအလယ်ပိုင်းဒေသ၊ အနောက်ဘက်မှ ဆီးရီးယား၊ အရှေ့ဘက်မှ တရုတ်၊ တိဗက်၊ ဂျပန်၊ မွန်ဂိုလီးယား စသည့် နိုင်ငံများသို့ ဗုဒ္ဓသာသနာ စတင်ပြန့်ပွားမှုတွင် အရေးပါသော ဒေသအဖြစ်ရှင်း၊ ပါကစ္စတန်နိုင်ငံသည် သမိုင်းတကျက်နှာ များ၌ နေရာများရှာယူထားသည်။

(ဗုဒ္ဓတက္ကသိုလ်ကြီးများ တက္ကသီလာ တွင်လည်း ဆက်ရှုပါ)




၉၃

Caitya Slab showing a stūpa, Amarāvatī

ဗုဒ္ဓကို ရည်မှန်းဟည်ဆောက်ထားသည့် စေတီပုထိုး
(ရှေးဦးကာလ–ရုပ်ပွားတော် မရှိပါ)
ဂန္ဓာရ ခေတ်ကျမှ ရုပ်ပွားတော်များ စတင် ပေါ်ပေါက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## Gandhara

Taxila








**GANDHARA** ဂန္ဓာရတိုင်း - သည် ဗုဒ္ဓဘာသာ ရှေးဟောင်းအနုပညာ လက်ရာများနှင့် ပတ်သက်လျှင် အထင်ရှားဆုံး နေရာဖြစ်၏။ ဗုဒ္ဓရုပ်ပွားတော်များကို စတင်ထုလုပ်ခဲ့သော နေရာလည်း ဖြစ်၏။ တက္ကသီလာ ဗုဒ္ဓကျောင်းတော်ကြီးနှင့် အတူ အသောကမင်း ကနိဿျကမင်း တို့၏ အလှူတော် စေတီပုထိုးဟောင်းများကို ဖူးတွေ့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com




ပါကစ္စတန်နိုင်ငံ ရှေးဟောင်း


အနုပညာလက်ရာများ

တည်ရှိရာပြသော

မြေပုံနှင့်

ဂန္ဓာရတိုင်း

(အသေးစိတ်)



www.burmeseclassic.com



ဗုဒ္ဓရုပ်ပွားတော်ဂန္ဓာရ (၂ ရာစု)

ဂန္ဓာရ — ဘုန်းတော်ကြီးကျောင်းနေရာဟောင်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



Nathlaunggyaung temple, Pagan.

နတ်လှောင်ကျောင်း (ပုဂံမြို့) အတွင်း၌ ဟိန္ဒူနတ်ရုပ်များကို မြင်တွေ့နိုင်သည်။ (ယခု ပုဂံပြတိုက်တွင်းသို့ ပြောင်းရွှေ့နေရာချထားသည်) ရွှေဆံတော်စေတီ (ပုဂံ) အနီး၌လည်း မဟာပိန္နဲနတ်ရုပ် အပိုင်းအစများကို တူးဖော်ရရှိခဲ့သည်။ သို့သော် မြန်မာလူမျိုးတို့အကြား ဟိန္ဒူအယူဝါဒ အမြစ်မတွယ်ခဲ့ပါ။



Court lady at prayer: Pagan

www.burmeseclassic.com

www.burmeseclassic.com





**ARCHAEOLOGICAL SITES**

Sind: Banbhore
Mansura
Kot Diji
Moenjodaro

Punjab: Harappa
Taxila

N.W.F.P. Peshawar Valley
Shahbazgarhi
Takht-i-Bahi
Charsadda
Swat
Dir

Baluchistan: Mehergarh

Rock Carvings: Mansehra
Chilas
Gilgit
Hunza
Skardu

**MUSEUMS**

National Museum, Karachi
Banbhore Site Museum
Fort Museum, Hyderabad
Umerkot Museum
Harappa Site Museum
Lahore Museum
Fort Museum, Lahore
Taxila Site Museum
Peshawar Museum
Swat Museum
Dir Museum, Chakdara.





ပါကစ္စတန်နိုင်ငံရှိ ပြတိုက်ကြီးများ၌ ထိန်းသိမ်းထားရှိသော ဗုဒ္ဓရုပ်ပွားတော်များ



A

www.burmeseclassic.com

www.burmeseclassic.com



Buddha in the Indrasaila Cave. From the North-West Frontier Province (c. 2nd century A.D.)

Stucco reliefs on the main Stupa at Mohra Moradu, Taxila—now in the Taxila Museum—(4th-5th century A.D.)





ပါကစ္စတန်နိုင်ငံ – တက္ကသီလာပြတိုက် အပါအဝင် ပြတိုက်ကြီးများမှ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ


တက္ကသီလာမှ – တူးဖော်ရရှိသော ဗုဒ္ဓ၏ ရှေးအကျဆုံး ရုပ်ပွားတော်များ၊ ဂေါတမ မြတ်စွာဘုရား၏ မျက်နှာတော်မှာ ဤရုပ်ပွားတော်များနှင့် အနီးစပ်ဆုံး ဖြစ်ကောင်း ဖြစ်နေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com




ရှေးအကျဆုံး ဗုဒ္ဓ၏ ရုပ်ပွား (ဦးခေါင်း) တော်



တက္ကသိုလ် ပြတိုက်ကြီး


www.burmeseclassic.com

www.burmeseclassic.com



**Corbelled niche from Takhte Bahl, District Mardan (1st—5th century A.D.)**


***Remains of the Monastery at Takhte Bahi (c. 1st—5th century A.D.)***



ပါကစ္စတန်နိုင်ငံမှ ယခုခေတ် မြင်တွေ့နိုင်သေးသော ကျောက်တောင်များ၌ ထွင်းထားသည့် ဗုဒ္ဓဘာသာ ရဟန်းတော်များ၏ ကျောင်းတော်ရာများ

www.burmeseclassic.com

www.burmeseclassic.com



General view of Kunala Stupa from North-West at Taxila, showing a smaller stupa immured in its core

General view of the Dharmarajika Stupa at Taxila





ပါကစ္စတန်နိုင်ငံ – တက္ကသီလာမှ ရှေးဟောင်း စေတီပုထိုးများ စေတီပျက်များ ပေါပေါများများ ကျန်ရှိနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



Gandhara stone frieze depicting scenes from Buddha's life. From North-West Frontier Province (c. 2nd century A.D.)



Gandhara stone relief depicting Buddha in the attitude of benediction from Dharmarajika Stupa at Taxila (c. 2nd cen-



Part of a Gandhara stone frieze depicting an ascetic with a female (Yakshini). (c. 2nd century A.D.)



ပါကစ္စတန်နိုင်ငံမြို့တော် ပြတိုက်ကြီးအတွင်း၌ မြင်တွေ့နိုင်သည့် ဗုဒ္ဓဘာသာဆိုင်ရာ ရှေးဟောင်းရုပ်တုများ

www.burmeseclassic.com

www.burmeseclassic.com



General view of the Double-Headed Eagle Stupa (c. 1st century A.D.)

General view of Monastery at Mohra Moradu





ရှေးဟောင်းသုတေသနဌာနမှ ထိန်းသိမ်းထား၍ ပါကစ္စတန်နိုင်ငံ၌ ယနေ့ မြင်တွေ့နိုင်သေးသည့် ဗုဒ္ဓဘာသာ ရှေးဟောင်း အဆောက်အဦးကြီးများ


www.burmeseclassic.com

www.burmeseclassic.com









ဂန္ဓာရ ကျောက်ထု လက်ရာများ (အေဒီ ၂ ရာစု)





တက္ကသီလာ ကျောင်းတော်ဟောင်းများမှ ဗောဓိသတ္တ ကျောက်ရုပ်ထုများ အေဒီ ၅ ရာစု ခေတ်

www.burmeseclassic.com

www.burmeseclassic.com



*Birth of the Buddha, National Museum, Karachi.* ဘုရားရှင် ဖွားတော်မူခန်း ကရာချိအမျိုးသားပြတိုက်


www.burmeseclassic.com

www.burmeseclassic.com



*Attack by Mara and his host. Peshawar Museum.* ဘုရားဖြစ်ခါနီး မာန်နတ်က တိုက်ခိုက်ဖို့လာစဉ်

ဘုရားလောင်း တောထွက်တော်မူစဉ် ကရာချိအမျိုးသားပြတိုက်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်း တောထွက်ခါနီး မိဖုရားအခန်းသို့ အဝင်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆောင် ကျောက်သားများပေါ်၌ ထုထွင်းထားသော ဗုဒ္ဓရုပ်ပွါးတော်များ-အာရှအလယ်ပိုင်းဒေသ
(က) အေဒီ ရှစ်ရာစုခေတ် ကာဓါဒေသ
(ခ) အေဒီ ကိုးရာစုခေတ် ဆပ်ပရာဒေသလက်ရာများ

(ယခုပါကစ္စတန်နိုင်ငံ)


Gilgit and Baltistan





www.burmeseclassic.com


www.burmeseclassic.com



*The Buddhist stupa, Mankiyala.*

*Close view of double-headed eagle shrine, Taxila.*

ရှေးခေတ် ဗုဒ္ဓတက္ကသိုလ်ကြီးတည်ရှိရာ တက္ကသီလာ (ယခုပါကစ္စတန်နိုင်ငံတွင်း)
ရှေးဟောင်းစေတီတစ်ဆူ နှင့် နောက်စေတီတစ်ဆူ၏ အနီးကပ်မြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com




ယခု ပါကစ္စတန်အတွင်းရှိ ဆွဒေသမှ ဗုဒ္ဓဘာသာ ရှေးဟောင်းအဆောက်အဦးများ, ၁၀၈(ခ)

www.burmeseclassic.com

www.burmeseclassic.com








ပါကစ္စတန်နိုင်ငံ ဆွ (**swat**) ဒေသမှ ရှေးခေတ်ကျောင်းတော်ရာများ ၁၁၈(ဂ)

www.burmeseclassic.com

www.burmeseclassic.com



ယခုခေတ် ပါကစ္စတန်နိုင်ငံတွင်းရှိ TAKHT-I-BAHI တခတ်အီဗဟီ ဒေသ (ပိုးထည်ရောင်းဝယ်ရာ လမ်းမကြီးပေါ်မှ) ပထမရာစုခေတ်ကာလက ဤဒေသ၌ ဗုဒ္ဓဘာသာ ပြန့်ပွားထွန်းကားခဲ့သည့် အထောက်အထားများ

---

## (ဘုရားရှင်၏ လက်တော် ဟန်အမူအရာ)

မုဒြာဆိုသည်မှာ လက်အနေအထားကို ဆိုလိုသည်။ လက်ဟန်အနေအထားကို ကြည့်ရှုခြင်းအားဖြင့် မြတ်စွာဘုရား၏ဆောင်ရွက်တော်မူချက်များ ပေါ်လွင်စေသည်။

ယခုပေါ်ပြထားသော ဗုဒ္ဓမြတ်စွာ ပုံတော်များ၌ ထူးခြားသော မုဒြာပုံဟန် အမျိုးမျိုးကို ရှုမြင်လေ့လာနိုင်ပေသည်။

မြန်မာနိုင်ငံ၌ အဓိကအားဖြင့် မုဒြာ (၈) မျိုး အထူးပင်တင်ရှားပေသည်။



(ဘူမိဖဿ မုဒြာ)



(ဓမ္မစက္က မုဒြာ)




(ဝိတက္က မုဒြာ)



www.burmeseclassic.com

www.burmeseclassic.com



*The Buddhist Festival of Purnīma being celebrated at Taxila.*

တက္ကသိလာမြို့၌ ဗုဒ္ဓနေ့ အခမ်းအနား ကျင်းပနေစဉ်။

ယနေ့ ပါကစ္စတန်နိုင်ငံတွင် ဗုဒ္ဓဘာသာဦးရေ လွန်စွာနည်းပါးသည်။ သို့သော် ၁၉၇၆ ခုနှစ် ဗုဒ္ဓဘာသာ ညီလာခံတွင် ထိုစဉ် ဝန်ကြီးချုပ် အလီဘူတို ကိုယ်တိုင် တက်ရောက် အားပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

# အသစ်ပြောင်းလဲပေါ်ပေါက်လာသော အတွေးအခေါ်အယူအဆများ

(က) ပဟာယာန ဗုဒ္ဓဘာသာ
(ခ) တန္တရ ဗုဒ္ဓဘာသာ

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်သည် အနောက်သို့လားသော် ဂန္ဓရတိုင်းခေါ် ပါကစ္စတန်ပြည် အာဖဂန်နစ်စတန်ပြည် ခိုတန် ခေါ် တာကစ္စတန်ပြည် နှင့် တူရကီ ဂရိတ်နိုင်ငံများထိအောင် ပြန့်နှံ့ထွန်းကားခဲ့၏။

မြောက်ဖက်သို့လားသော် ဆစ်ကင်း ဘူတန် တိဘက် မွန်ဂိုလျ ဆိုဗီယက်ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားအထိ

အရှေ့သို့လားသော် အင်ဒိုနီးရှား မြန်မာ ထိုင်း လာအို ကမ္ဘောဒီးယား ဗီယက်နမ် တရုတ် ကိုးရီးယား ဂျပန် အထိပြန့်နှံ့ခဲ့၏။ နှစ်ပေါင်း ၂၅၀၀ ကျော်အတွင်း ဤသို့ဒေသအသီးသီးသို့ ကူးစက်ပြန့်ပွားခဲ့သည်နှင့်အမျှ အတွေးအခေါ် အယူအဆအချို့လည်း ပြောင်းလဲသွားခဲ့သည်။

* သာသနာနှစ် ၁

ရာဇဂြိုဟ်ပြည်တွင် အဇာတသတ်မင်းကြီး၏ အကူအညီဖြင့် ပထမသင်္ဂါယနာ တင်သည်။ ဘုရားဟောဒေသနာတော်ကို နှုတ်ပယ် ဖြည့်စွက် ပြင်ဆင်ခြင်း မပြုကြရန် ချမှတ်တော်မူကြသည်။

* သာသနာနှစ် ၁ ရာစု

ဝေသာလီပြည်တွင် ဒုတိယသင်္ဂါယနာ တင်သည်။ ဝဇ္ဇီတိုင်းသား ရဟန်းများက ဝိနည်းတရားတော်ကို ပြင်ဆင် ဖြည့်စွက်လိုကြ၍ မဟာသံဃိက ဂိုဏ်းအဖြစ် သီးခြားခွဲထွက်ခဲ့ကြသည်။

* သာသနာနှစ် ၂ ရာစု

သံဃာဂိုဏ်းကွဲများ ဆက်ကာဆက်ကာ ပေါ်ထွက်ခဲ့သည်။ သံဃာဂိုဏ်းပေါင်း ၃၀ အထိ ကွဲခဲ့ကြသည်။

* သာသနာနှစ် ၃ ရာစု

အသောကမင်းကြီး၏ ထောက်ပံ့မှုကိုခံယူ၍ တတိယသင်္ဂါယနာတင်ကြသည်။ ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းလင်းခဲ့သည်။ ကိုးတိုင်း ကိုးဌာနသို့ ရဟန္တာမထေရ်ကြီးများ သာသနာပြုရန် ကြွရောက်ခဲ့ကြသည်။

* သာသနာနှစ် ၄ ရာစု

အိန္ဒိယတွင် ဗုဒ္ဓသာသနာတော်ကို ထောက်ပံ့သော ဗုဒ္ဓဘာသာ သာသနာ ဒါယကာ မောရိယမင်းဆက်ပြုတ်၍ ဗြာဟ္မဏဘာသာဝင် ဘုရင်များ နန်းတက်သည်။

ထေရဝါဒဂိုဏ်းမှာ အိန္ဒိယတောင်ပိုင်း ဆန်ချီသို့ ရွှေ့ခဲ့ရသည်။

* သာသနာနှစ် ၅ ရာစု

ပန်ဂျပ်ပြည်နယ်တွင် ဂရိတ်နွယ်ဝင် မိလိန္ဒမင်းကြီး၏ အမေးကို ရဟန္တာအရှင် နာဂသိန်က ဖြေဆိုသော မိလိန္ဒပဉှာ ပါဠိတော်ကျမ်းကြီး ပေါ်ထွန်းခဲ့သည်။

* သာသနာနှစ် ၆ ရာစု

ဂန္ဓာရတိုင်းတွင် ထေရဝါဒသာသနာအပေါ် ဟီနယာနဂိုဏ်းက လွှမ်းပေခဲ့သည်။

www.burmeseclassic.com

* သာသနာနှစ် ၇ ရာစု

ဂန္ဓာရတိုင်း ပက်သျှပါမြို့တွင် သာကမင်းများ စိုးစံသည်။ ကနိသျှက ဘုရင်ကို ဒါယကာပြု၍ ဟိနာယာနဂိုဏ်းက သံဃာယနာတင်ကြသည်။ မဟာယာနဂိုဏ်းက လေးစားသော အဋ္ဌကထာဆရာ အသာဃောသ ပေါ်ထွန်းခဲ့သည်။ ရုပ်ပွားတော်နှင့် စေတီသဏ္ဌာန် ဘုရားကျောင်းနတ်သားများ အယူအဆ စတင်ပေါ်ပေါက်သည်။

ဗုဒ္ဓပုံတော်ကို ပိတ်ဖြူပေါ်ရေးကာ ပိဋကတ်ကျမ်းများကို မြင်းဖြူထက် တင်ဆောင်၍ တရုတ်ပြည်သို့ ပင့်ဆောင်ကြသည်။

* သာသနာနှစ် ၈ ရာစု

အိန္ဒိယနိုင်ငံတွင် နာဂအဇ္ဇုန ရဟန်းတော်သည် နဂါးပြည်မှ ပိဋကတ်များ ရသည်ဟုဆို၍ မဇ္ဈိမိကသုညဝါဒကျမ်းများကို ရေးသားသည်။ ၎င်းမှ မဟာယာနဂိုဏ်း ပေါ်ထွန်းခဲ့သည်။ အိန္ဒိယနိုင်ငံ တစ်ပြည်လုံးသို့ မဟာယာန ဗုဒ္ဓဘာသာ အယူဝါဒပြန့်နှံ့သည်။

* သာသနာနှစ် ၁၀ ရာစု

မဟာယာန ဝိညာဏဂိုဏ်းကို တည်ထောင်သော ကျမ်းပြုဆရာ အသင်္ဂ နှင့် ဝသုဗန္ဓု ညီနောင်နှစ်ပါး ပေါ်ထွန်းခဲ့သည်။ အိန္ဒိယပြည်တွင် ဂုတ္တမင်း များက နာလန္ဒာတက္ကသိုလ် စသော မဟာယာန တက္ကသိုလ် ကျောင်းကြီးများ တည်ထောင်ပေးသည်။

ဂုတ္တမင်းများက ဟိန္ဒူဘာသာဝင်များ ဖြစ်ကြ၍ အိန္ဒိယပြည်မှ ဗုဒ္ဓဘာသာမှာ ဟိန္ဒူဝါဒ နှင့် ညီအစ်ကိုဖြစ်သွားသည်။

တရုတ်ရဟန်းတော် ဖါဟိယန် အိန္ဒိယသို့ ကြွရောက်ပြီး ပိဋကတ်တော်များကိုယူကာ တရုတ်ပြည်သို့ ပြန်သည်။

* သာသနာနှစ် ၁၁ ရာစု

တရုတ်ပြည်တွင် ကျောင်းတိုက်ပေါင်း ၁၃၀၀၀ ရှိ၍ မဟာယာန ဗုဒ္ဓဘာသာ ရွှေခေတ် ဟုခေါ်လောက်သည်။ ကိုရီးယားပြည်သို့ ဗုဒ္ဓသာသနာတော် စတင်ရောက်သည်။

* သာသနာနှစ် ၁၂ ရာစု

ဂျပန်ပြည်တွင် ရှိုတိုကု (ဆိုကို) ဘုရင်မကြီးလက်ထက် ရှိတိုက တိုင်းရှိ မင်းသားကြီး၏ ကြိုးပမ်းမှုကြောင့် ဂျပန်တစ်ပြည်လုံး မဟာယာန ဗုဒ္ဓဘာသာကို ကိုးကွယ်ခဲ့ကြသည်။

မဟာယာန ဗုဒ္ဓဘာသာ အယူအဆများကြောင့် ဗုဒ္ဓသာသနာတော်မှာ တစ်ခေတ်ဆန်းခဲ့သည်။ လူသန်းပေါင်းများစွာ ကိုးကွယ်ရာ ဖြစ်လာခဲ့သည်ဟု ဆိုရပါမည်။

* သာသနာနှစ် ၁၂ ရာစု

အိန္ဒိယပြည်တွင် မဟာယာနမှ ဝဇ္ဇိရာယာန အဖြစ်သို့ ပြောင်းလဲခဲ့၍ ဝဇ္ဇိရာဘုန်းကြီးများ တစ်ခေတ်စားလာသည်။ (ဝါ) တန္တရဗုဒ္ဓဘာသာ အယူအဆ ပေါ်ပေါက်ပြီး ခေတ်စားလာခဲ့သည်။ ဤအတွေးအခေါ်က နောင်အခါ တိဘက် နိုင်ငံမှတစ်ဆင့် နီပေါ ဘူတန် စသည်နိုင်ငံများသို့ သာမက မွန်ဂိုလီးယားနိုင်ငံထိအောင် တန္တရဗုဒ္ဓဘာသာ ပြန့်ပွားသွားခဲ့သည်။ ဤသို့ အိန္ဒိယနိုင်ငံ၌ သန္ဓေတည်ခဲ့သော မဟာယာန ဗုဒ္ဓဘာသာနှင့် တန္တရ ဗုဒ္ဓဘာသာတို့အကြောင်းကို ပဏာမအဖြစ် လေ့လာကြည့်ကြရအောင်။



www.burmeseclassic.com

www.burmeseclassic.com

# မဟာယာနဗုဒ္ဓဘာသာ

(တရုတ်, ကိုရီးယား, ဂျပန်တို့၌ ထွန်းကားနေသောဂိုဏ်း)

ခရစ်တော်ကွယ်လွန်ပြီး ပထမရာစုကာလ ၁၀၀ အေဒီတွင် အိန္ဒိယ တောင်ပိုင်းဒေသမှ အတွေးအခေါ်အသစ် တစ်ခုပေါ်လာခဲ့သည်။ သူတို့ကိုယ် သူတို့ မဟာယာန (စက်ဘီးကြီးကြီး) လူတိုင်းကို နိဗ္ဗာန်သို့ရောက်အောင် ပို့ပေးမည့် အဖွဲ့ကြီးဟု ခေါ်ကြသည်။ သူတို့၏ အတွေးအခေါ် အယူအဆကို လက်မခံနိုင်သော သူများကိုတော့ ဟိနာယာန (ဘီးငယ်) ဂိုဏ်းသားများဟု ခေါ်လာကြသည်။ နိဗ္ဗာန်ကို အမြန်ဆုံးနှင့်ရောက်နိုင်သော နည်းလမ်းတွေ ရှိသည်။ ယခင် အယူအဆများသည် တကိုယ်ကောင်း ဆန်လွန်းသည်ဟု ဆိုသည်။ သူတို့၏ အတွေးအခေါ်က "ပည်သူမဆို ဗုဒ္ဓဖြစ်ရအောင် ကြိုးစားကြဖို့ ဗုဒ္ဓမဖြစ်မီ ဗောဓိသတ္တ (ဘုရားအလောင်း) ဘဝကို ရောက်အောင် ကြိုးစားပြီး အခြားလူသားတို့ကို နိဗ္ဗာန်ရောက်အောင် ကူညီပေးကြဖို့ " ဖြစ်၏။ ဗောဓိသတ္တ မိုသူမှာ နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းများကို ရပြီးသူ ဗုဒ္ဓဘာသာကို အချိန်မရွေး ကူးပြောင်းနိုင်သူကို ဆိုလိုသည်။ သမိုင်းဝင် မြတ်ဗုဒ္ဓကိုယ်တိုင်လည်း ဇာတ်တော်များတွင် ဖော်ပြထားသလို- ဘဝပေါင်း များစွာ၌ ဘုရားအလောင်းဘဝဖြင့် ကောင်းတာတွေကို ဆောင်ရွက်ခဲ့သော ပုဂ္ဂိုလ်ဖြစ်သည် မဟုတ်ပါလော။ ဤအယူအဆ အတွေးအခေါ်သည် အလွန် ကျယ်ကျယ်ပျံ့ပျံ့ ပြန့်နှံ့သွားခဲ့၏။ ဤတွင် ဗောဓိသတ္တ ဖြစ်ဖို့ ကျင့်စဉ်များ ဖြစ်သော ( PERFECTION OF WISDOM, ပညာပါရမီတာသုတ်), (GEM HEAP SUTRAS မဏ္ဍမိကသုတ်) ဆိုသည့် ကျမ်းစာများလည်း ပေါ်ထွန်းလာခဲ့သည်။ အကောင်းဆုံး အမြတ်ဆုံးဉာဏ်စဉ် ၆ ခု (နောင်အခါ ၁၀ ခုဟု ပြောင်းလဲ သတ်မှတ်သည်) ရဖို့အတွက် ဘဝပေါင်းများစွာက အဆင့် ၁၀ ဆင့်ဖြင့် ကြိုးစားကြရသည်။

အမြတ်ဆုံး အမြင့်ဆုံး ဉာဏ်စဉ် ဆိုသည်မှာ- ပေးကမ်းစွန့်ကြဲခြင်း (စေတနာဒါနရှိခြင်း) စည်းကမ်းရှိခြင်း သီးခံနိုင်ခြင်း အားအင်ပြည့်စုံခြင်း ဝါ ဖွဲ့ရှိခြင်း တရားထိုင်ခြင်း နှင့် ဉာဏ်ပညာရှိ၍ နားလည်သဘောပေါက်လွယ်ခြင်း တို့ဖြစ်ကြသည်။

ဤအချက်များက အသစ်အဆန်းမဟုတ်ပါ၊ ဗုဒ္ဓဘုရားလောင်း နှစဉ်ကာလက ဖြည့်ဆည်းခဲ့သော ကိစ္စများ (ဇာတ်တော် ၅၅၀ တွင် ပါရှိပြီး) သားဖြစ်သည်။ အဆင့် ၁၀ ဆင့်တွင် နောက်ဆုံးအဆင့် ၄ ဆင့်တို့မှာ အရာဝတ္ထုတို့အပေါ် မမြင်ခြင်း၊ ဘဝဆိုတာအစမရှိ ဆရာမရှိဘဲ မိမိဘာသာ ပြန်လည်ဟောပြော ဆုံးမနိုင်ခြင်း၊ မိမိဘာသာ အမြင့်မြတ်ဆုံး တရားကို အလိုအလျောက် ရရှိခြင်း တို့ ဖြစ်ကြသည်။

မဟာယာနဗုဒ္ဓဘာသာ၏ အတွေးအခေါ်အချို့သည် မဟာသံဃိကဂိုဏ်းမှ မြစ်ဖျားခံသည်ဟု ဆိုနိုင်သည်။ မြတ်ဗုဒ္ဓမှာ တန်ခိုးတော်အနန္တ ရှိသည်၊ သူ၏ဘဝကို သူပြုလုပ်ယူခဲ့သည်။ သူ့မှာ ကံဆိုတာမရှိ အရဟတ်ဆိုသူများအဆင့်နှင့် မြတ်ဗုဒ္ဓ၏အဆင့်ကို များစွာ ကွာဟစေလိုက်ပြီး မြတ်ဗုဒ္ဓကို အထက်အလွန်မြင့်မြတ်သော နေရာကို ပို့ထားခြင်း စသည့်အတွေးအခေါ်တို့သည် မဟာသံဃိကဂိုဏ်းမှ တစ်ဆင့် ပေါ်ပေါက်လာခဲ့သည်။

ဤလိုနှင့် မြတ်ဗုဒ္ဓ၏နေရာသည် အထက်မိုးကောင်းကင်မက အလွန့်အလွန်မြင့်မြတ်သော သုခဘုံကို ရောက်သွားတော့၏။ ကမ္ဘာတွေက အများကြီး၊ လူသားတို့ကို ကယ်တင်ပေးမည့် လမ်းပြပေးမည့် ဗုဒ္ဓတွေ, ဗောဓိသတ္တဘုရားလောင်းတွေ အများကြီး ဖြစ်လာခဲ့သည်။ ဤသို့ဖြင့် ဗုဒ္ဓတွေ, ဗောဓိသတ္တတွေကို ကိုးကွယ်ဆည်းကပ်သည့် အယူအဆ ပေါ်လာခဲ့သည်။ ဗုဒ္ဓကြီးများဖြစ်သော AMITABHA အမိတာဘာဗုဒ္ဓ VAIROCANA ဗိရိုကနာဗုဒ္ဓ တို့အပြင် နောက်ဆက်တွဲ ဗောဓိသတ္တများ ဖြစ်ကြသော AVALOKITESIVARA အဝလောကိတေသာရ၊ VAJRAPANI ဝဇိရပါဏိ နှင့် MANJUSRI မဥ္ဇုသီရိ စသည်တို့ ပေါ်လာကြသည်။

မြတ်ဗုဒ္ဓ၏ မူလဟောကြားခဲ့သော တရားတော်မှာ ရဟန်းဝတ်ပြီး နိဗ္ဗာန်ရောက်ကြောင်းတရားကို ကျင့်ကြံရမည်ဟု ဆိုသလို ဖြစ်နေသဖြင့် သာမန်လူသားတို့ လိုက်နာကြဖို့မလွယ်။ ဒီတော့ တန်ခိုးတော် အနန္တနှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကို ပူဇော်ဆည်းကပ်ပြီး မိမိကိုယ်တိုင် တဖြေးဖြေးနှင့် ဗောဓိသတ္တဘဝကို ကြိုးစားကြဖို့ အတွေးအခေါ် ဖြစ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ကြီးမားသော အတွေးအခေါ်ပြောင်းလဲမှုများ မည်သို့မည်ပုံဖြစ် ခဲ့ရသည်ကို မည်သူကမျှ ယခုအချိန်ကျမှ ရှင်းပြနိုင်ဖို့ မလွယ်ပါ။ ထိုအချိန်က ရေးသားခဲ့သော ကျမ်းစာအတော်များများမှာလည်း ပျောက်ကွယ်ခဲ့ကြပြီ ဖြစ်သည်။ သို့သော် ထိုအချိန် ထိုကာလ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာသည် ဟိန္ဒူဘာသာနှင့် အပြိုင်ဖြစ်နေရသဖြင့် အများပြည်သူ လက်ခံနိုင်သော အဆင့်ကို တဖြေးဖြေး ပြောင်းလဲသွားရသည်မှာ အထန်းပဟုတ်ပါ။ သို့ပဟုတ်ပါက ထိုခေတ်ထိုအချိန်က ဗုဒ္ဓနောက်လိုက် ရဟန်းတော်တို့မှာ ဆွမ်း ကွမ်း လုံလောက်ကြတော့မည် မဟုတ်ပါ။ ယင်းသို့ဖြင့် ဘုရားဟောအဘိဓမ္မာ ကျမ်းစာကို မိမိတို့လိုသလို ကောက်ယူပြုပြင်လိုက် ကြတော့သည်။ သုတ္တန်ဒေသနာ များကိုမူ ဤအတိုင်းထားရှိကြသည်။ နောက် နှစ်ပေါင်း ၅၀၀ ကြာအောင် မဟာယာနဂိုဏ်းဝင် ဦးဆောင်ဆရာတော်များက မိမိတို့၏ အတွေးအခေါ် အယူအဆတို့ကိုပါ ထည့်သွင်း ပြောဟောလိုက်ကြရာက သုတ္တန်အသစ်တွေပါ ပေါ်လာခဲ့သည်။ မူလ ဗုဒ္ဓ၏တရားတော် ဆိုဆုံးမတာတွေ နှင့်လည်း တခြားစီ ဖြစ်ကုန်တော့သည်။

မြတ်ဗုဒ္ဓက နိဗ္ဗာန်ရလိုက တရားဘာဝနာ ကျင့်ကြံအားထုတ်ဖို့ သီလဘာဝနာ ပညာလမ်းစဉ် ပြခဲ့၏။ မဟာယာနတွေက ဘုရားရှင်ထံများများ ဖိုဒ်းပူဇော် AMITABHA အမိတာဘာ ဗုဒ္ဓ၏သုခဘုံကို ရောက်လိမ့်မည် ဆိုသည့် အတွေးအခေါ် ဖြစ်လာခဲ့သည်။ စကြာမုနိ မြတ်စွာဘုရား ကိုတော့ ဘယ်သောအခါမှ မပျက်မဆီး မရွေ့မလျားတော့သော အထက်မိုးကောင်းကင်ပေါ် တင်ထားလိုက် ကြတော့၏။ သုတ္တန်ဒေသနာ အသစ်တွေ အမျိုးမျိုးပေါ်ပေါက်လာခဲ့ရာက အဝလောကိတေသရကို ဗုဒ္ဓနှင့် တတန်းတစားထဲ ထားလိုက်ကြသည်။ အချို့ကလည်း သာမန်လူသားဘဝသည် မြင့်မြတ်၏။ နိဗ္ဗာန်နှင့် ပိုမိုနီးစပ်သည် ဆိုပြီး ပြောဟောလာကြသည်။ နောက်ပိုင်းတွင် ဗုဒ္ဓကို ရတနာတို့ဖြင့် စီချယ်ထားသော သရဖူနှင့် မြင့်မြတ်သောပလ္လင်တော်နှင့် ပျော်ရွှင်စရာ ခန္ဓာကိုယ်နှင့် (SAMBHOGAKAYA) ဖြစ်လာခဲ့သည်။ နောက်ကိုယ်ပွားတော်များ (NIRMANAKAYA) ပေါ်လာခဲ့ပြီး ကိုယ်ပွားတော်များက လူပြည်ကို ဆင်းသက်လာကာ တရားဓမ္မ ဟောပြသူမျိုး တွေလည်း ပေါ်လာသည်။ ဗုဒ္ဓအားလုံးမှာ တရားဓမ္မညွှန်ပြရာတွင် အတူတူ ဖြစ်ကုန်ကြတော့သည်။

ဤသို့ဖြင့် သုတ္တန်ဒေသနာတော်အမျိုးမျိုး ပွားများလာခဲ့သည်။ ဘဝဆိုတာ ဘာမှမရှိပဲ အမိပ္ပါယ် ပါရှိသော ပထမဆုံး "PERFECTION OF WISDOM" ကျမ်းစာများကို ဒုတိယရာစုခေတ်က နာဂအဇ္ဈုန NAGAJUKA အမည်ရှိဆရာတော်က သူ၏ကြော်ကြားသော MULAMADHYAMAKAKARIKAS အလယ်အလတ်လမ်းစဉ် မဇ္ဈိမိကသုတ် MADHYAMAKA ကျမ်းများ၌ စုစည်းပေးခဲ့၏၊ ဤသို့ဖြင့် နာဂအဇ္ဈုန အမည်မှာ မဟာယာနတို့အကြား ထင်ရှားလာခဲ့သည်။

သက္ကရာဇ် ၄ ရာစုခေတ်တွင် ASANGA အသင်္ဃ ဟုခေါ်တွင်သော ဆရာတော်က အကောင်းဆုံး သုတ္တန်များကို စုစည်း၍ ဂိုဏ်းတစ်ခုသတ်သတ် တည်ထောင်ခဲ့၏။ ဤသို့ဖြင့် မဟာသံဃိကဂိုဏ်းကြီးတွင် ဂိုဏ်းငယ်နှစ်ခု အပြိုင်ဖြစ်နေခဲ့သည်။

---

မဟာယာနတို့သည် သဘောတရားအမြင် ရိုင်းမြဲခြင်းမရှိ လိုက်လျောညီထွေလုပ်တတ်၏။ တစ်နည်းဆိုသော် အညာလွယ်ခြင်း ဝိနည်းသိက္ခာပုဒ်ကို ပလေးစား လူ့ဝတ်ကြောင်နှင့် ပထူးခြားလှချေ။ မိန်းမများ စာမတတ်သူများ မဂ်ဖိုလ်ရရေးကို ဦးစားပေး၏။ ထက်မြက်သော စာတတ်ပေတတ် ရဟန်းများ မဂ်ဖိုလ်ရရန် မလွယ်ဟုဆိုကြ၏။ နောက်ပေါ်ကျမ်းစာများကို အလေးထားကြ၏။ ဗုဒ္ဓကို တကယ့်လူသားစစ်စစ်မှ ကောင်းကင်ဘုံသို့ ပို့လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

# အိန္ဒိယနိုင်ငံတွင် မြင်တွေ့နိုင်သော မဟာယာနနတ်ဘုရားလောင်းရုပ်ထုများ

မဟာယာန ဗုဒ္ဓဘာသာဝင်များ ကိုးကွယ်သော ဘုရားလောင်းနတ်သားရုပ်များနှင့် အခြားနတ်သား၊ နတ်သမီးရုပ်များကို ယနေ့ အိန္ဒိယနိုင်ငံ ပြတိုက်များ တွင် အများအပြား တွေ့နိုင်ပါသည်။ ယင်းတို့အနက် ထင်ရှားသော ရုပ်ပွားတော် တို့မှာ

၁။ အဝလောကိတေသွရဘုရားလောင်းနတ်သား

မဟာယာနဗုဒ္ဓဘာသာ၌ အရေးပါဆုံးသော ဘုရားလောင်းနတ်သား ဖြစ်သည်။ လက်ယာဘက်လက်၌ အပြိုက်အိုးကိုကိုင်လျက် လက်ဝဲဘက်လက်၌ ကြာပန်းနိုင်၏ အရိုးကို ကိုင်ထားသည်။ ရုံဝါ ၎င်း၏နံဘေး၌ ဘြိကုဋိနတ်သမီးရုပ်နှင့် တာရာနတ်သမီးရုပ်တို့က ခြံရံလျက်ရှိသည်။ ရုပ်ထု၏ ခေါင်းဆံပေါ်၌ သုစိမုခ အမည်ရှိသော သဏ္ဍာဝါသည် ချမ်းသာလေးပါရန် တောင်းပန်နေသည့်ပုံ ပါရှိသည်။

၂။ ပဒုမပါဏိဘုရားလောင်းနတ်သား

လက်တစ်ဖက်က ကြာပန်းကို ကိုင်ထားသည်။ အခြားလက်တစ်ဖက်မှာ လက်ဝါးကိုဖြန့် ဘေးမဲ့ပေးဟန် (အဘယမုဒြာ) သို့မဟုတ် လက်မ နှင့် လက်ညှိုး ကို ကွေး၍ ထိထားသည့် တရားဟောဟန် (ဝမ္မစကြာမုဒြာ) ဖြစ်သည်။

၃။ မဥ္ဇုသီရိဘုရားလောင်းနတ်သား

ဘုရားလောင်းနတ်သားသည် ခြသေ့ပေါ်၌ ထိုင်လျက် လက်များတွင် ကြာပန်း၊ ဓားရှည် နှင့် စာအုပ်ကို ကိုင်ထားသည်။

၄။ ဝဇီရပါဏိဘုရားလောင်းနတ်သား

လက်ယာလက်တွင် ခရုသင်းကို ကိုင်လျက် လက်ဝဲလက်တွင် ဝရဇိန် လက်နက်ကို ကိုင်ထားသည်။ သရဖူ၌ မြွေနဂါးများပါရှိတတ်သည်။ ရုံခါ ခေါင်းသုံးလုံး နှင့် လက်ခြောက်ဖက် ပါရှိသည်။ ထိုအခါ လက်များထဲတွင် ပုတီး၊ လေး နှင့် မြှားပါရှိသည်။ ဘေး၌ ကပ်ထိုင်နေသော ရှက်တိ (သတ္တိ) ခေါ် နတ်သမီးရုပ် ရှိတတ်သည်။

၅။ တာရာနတ်သမီးရုပ်

တာရာနတ်သမီးရုပ်မှာ အိန္ဒိယနိုင်ငံ နေရာတိုင်းမှာပင် တွေ့ရတတ်သည်။ အဝလောကိတေသွရ၏ မိဖုရားကြီး ဖြစ်သည်။ ဘေးရန်မှ ကာကွယ်စောင့်ရှောက်တတ်သည် ဟုယူဆ၍ မဟာယာန ဗုဒ္ဓဘာသာဝင်များ အလွန်ကြည်ညိုကြသည်။
တာရာ = စောင့်ရှောက်ခြင်း

၆။ ပညာပါရမိတာနတ်သမီးရုပ်

ဟိန္ဒူဘာသာ၌ သူရဿတီနတ်သမီးသည် ဉာဏ်ပညာဆိုင်ရာ နတ်သမီး ဖြစ်သကဲ့သို့ မဟာယာနဗုဒ္ဓဘာသာ၌ ပညာပါရမိတာနတ်သမီးသည် ပညာကို ပိုင်ဆိုင်သည်။ မြတ်စွာဘုရားရှင်၏ ပညာပါရမိတာကို နတ်သမီးအရုပ် အဖြစ် တင်စား၍ ထုလုပ်ထားခြင်း ဖြစ်သည်။ ကြာပလ္လင်ပေါ်၌ ထိုင်လျက် လက်တစ်ဖက်က ကြာပန်းကို ကိုင်ထားသည်။ ကြာပွင့်ပေါ်၌ စာအုပ်ပါရှိသည်။ ရံခါ လက်ဆယ်ဖက် ထုလုပ်ကြ၍ ရေချမ်းအိုး၊ ကျော့ကွင်း၊ ခရုသင်း၊ စာအုပ် သို့မဟုတ် ကြာပန်း၊ အလံ၊ သစ်သီး၊ ပုတီး၊ ဓားရှည် တို့ကိုကိုင်ထား၍ ကျန်သော လက်တစ်ဖက်မှာ အဘယမုဒြာပုံဖြစ်သည်။

၇။ မာရိစိနတ်သမီးရုပ်

မဟာယာနနတ်သမီးတစ်ပါး ဖြစ်သည်။ မျက်နှာ သုံးဖက်ရှိသည်။ ထိုမျက်နှာသုံးဖက်အနက် တစ်ခုမှာ ဝက်မျက်နှာ ဖြစ်သည်။ လက်ရှစ်ဖက် ပါ၍ လက် များသည် အပ်၊ ကြိုးစ၊ နှင်တံ၊ ကျော့ကွင်း၊ လေးမြှား၊ ဝရဇိန်လက်နက်၊ အသောကပန်း တို့ကို ကိုင်ထားသည်။ ဝက်ဆွဲသော/မြင်းဆွဲသော လှည်းကို စီးသည်။ (မရိစိ = တံလျှပ်)။



www.burmeseclassic.com

www.burmeseclassic.com

၈။ ဓမ္မလနတ်သားရုပ်

စည်းစိမ်ဥစ္စာ ကြွယ်ဝအောင် မ နိုင်သည်ဟု ဆိုသည်။ လက်တစ်ဖက်က သစ်သီးကို ကိုင်ထား၍ ကျန်လက်တစ်ဖက်က ငွေအိတ်ကို ကိုင်ထားသည်။ ရံခါ လက်လေးဖက်ထုလုပ်၍ လက်များ၌ ရေချမ်းအိုး၊ ဓားရှည်၊ ပန်းပွင့် နှင့် သရက်သီးကို ကိုင်ထားသည်။

၉။ တြိလောကဝိဇယနတ်သားရုပ်

သျှိုဝနှင့် ပါရ်ဗတီကို အပေါ်မှ ဖိနင်းထားလျက် စိတ်ဆိုးနေသည့် ပုံဖြစ်သည်။

(တြိလောက = လောကသုံးပါး + ဝိဇယ = အောင်မြင်ခြင်း)

၁၀။ ဟာရိတိနတ်သမီးရုပ်

မမ္ဗလနတ်သား၏ နတ်မိဖုရားဖြစ်သည်။ မြေသြဇာကို ထက်သန်ဖွံ့ဖြိုးစေသည့် နတ်သမီး ဖြစ်သည်။ လက်ထဲ၌ ကလေးငယ် တစ်ယောက်ကို ပွေ့ချီလျက် သူ့မ၏ခြေရင်း၌ ကလေးငယ် လေးငါးယောက်တို့က ဝိုင်းရံလျက်ရှိသည်။ နေ့စဉ် စားစရာများဖြင့် ပူဇော်လေ့ရှိကြသည်။

၁၁။ ဝသုဓရောနတ်သမီး

ဟာရိတိနတ်သမီးကဲ့သို့ မ စ နိုင်သည်ဟု ဆိုသည်။ လက်ဝဲလက်၌ ကြာပန်း နှင့် ရေချမ်းအိုးကို ကိုင်လျက် လက်ယာလက်မှာ ဝရဒမုဒြာ ခေါ် ဆုပေးနေဟန် ဖြစ်သည်။

၁၂။ သူရဿတီနတ်သမီးရုပ်

ဆရဿွတီဟု ခေါ်သည်။ ဟိန္ဒူနှင့် ဗုဒ္ဓဘာသာတို့ နှစ်ဦးစလုံး ကိုးကွယ်ကြသည်။ လက်ထဲ၌ ကြာပန်းများ ကိုင်ထားသည်။

၁၃။ အပရာဇိကနတ်သမီးရုပ်


နတ်သမီးသည် ပဟာပိန္နဲကို တက်နင်းထား၍ သိကြားမင်းက ထီးမိုးပေး နေသည်။

## အခြားတနည်း
## မဟာယာနဘုရားလောင်းများ

ကိုးကွယ်သော ဘုရားလောင်းများကို ရှေးဦးစွာ ဗောဓိသတ္တ၊ ဗုဒ္ဓကိုရ အမည်နှစ်မျိုးသာ ပေးထား သည်။ နောက် တစ်ဖြည်းဖြည်းချဲ့ထွင်ကာ (၁) အဝလောကိတေသရ – လောကကို အမြဲ စောင့်ရှောက် ကြည့်ရှုနေသော ကရုဏာရှင်၊ (၂) ပဥ္စသီရိ သာယာနှစ်သက်ဖွယ် အသံရှိသူ၊ (၃) သမန္တဘဒြ – အလုံးစုံ ထက်ဝန်းကျင် ကောင်းမွန်လျက် စီးပွားတိုးတက်စေသူ၊ (၄) အာကာသဂဗ္ဘ၊ (၅) ခဂဗ္ဘ – မြားသင်းကင်တိုက်ခန်းရှိသူ၊ (၆) ဂဂနဂဥ္ဇ – ကောင်းကင်ကျောက်မျက်ထွက်သောတွင်းရှိသူ၊ (၇) ပဒ္မပါဏိ – ပဒ္မာ ကြာပွင့် ကိုင်ထားသူ၊ (၈) ဝဇိရပါဏိ – ဝရဇိန်လက်နက် ကိုင်ထားသူ၊ (၉) ဝဇိရဂဗ္ဘ – ဝရဇိန်တိုက်ခန်းရှိသူ၊ (၁၀) သဝနီဝရဏ – ဝိကမ္ဘီ – ယိုစီးခြင်း တားမြစ်ခြင်း ချွာအပ်ခြင်းရှိသူ၊ (၁၁) ကိတ္တိဂဗ္ဘ – ကျော်စောခြင်းတိုက်ခန်းရှိသူ၊ (၁၂) မျူဟာရာဇ – ကိုယ်ပွားခြင်းရှိသောမင်း၊ (၁၃) ဘေသဇ္ဇရာဇသီ – မျက်လှည့်ဆရာ ဆေးဆရာ၊ (၁၄) ရတနာဂဗ္ဘ – ရတနာတိုက်ခန်းရှိသူ စသည်တို့ ဖြစ်သည်။

ကိုယ်ကျင့်တရားများကား (၁) ဒါန၊ (၂) သီလ၊ (၃) ခန္တီ၊ (၄) ဝီရိယ၊ (၅) ဈာန၊ (၆) ပညာ နှင့် နောက်ထပ်ဖြည့်စွက်ထားသော (၇) ဥပါယ (၈) ပဏိဓာန၊ (၉) ဗလ၊ (၁၀) ဉာဏ တို့ဖြစ်သည်။

www.burmeseclassic.com



တာရာဒေဝီပုံ



အဝလောကိတေသရဘုရားလောင်းသည် အမျိုးသမီးအသွင်ကိုဆောင်၍ တာရာဒေဝီဟု အမည်ခံ၏။ အပျိုဝင်ရုပ်သွင်၊ အဖွားအိုအသွင်၊ ဘီလူးမအသွင် အမျိုးမျိုးပြောင်းလဲနိုင်၏။

မဂဒါဝုန်ဒေသ တာရာနတ်သမီးရုပ်

www.burmeseclassic.com

www.burmeseclassic.com



အဝလောကိတေသရ ဘုရားလောင်းပုံ (မြန်မာ)

အမည်အမျိုးမျိုးနှင့် ရုပ်သွင် ၁၀၈ မျိုးရှိသည်။ ပုဂံခေတ်က မြန်မာတို့သည် အဝလောကိတေသရကို လောကနာထ (လောကနတ်) အဖြစ် ထုလုပ်ကိုးကွယ်ခဲ့ကြသည်။




Lokanātha, Mahoba



www.burmeseclassic.com

www.burmeseclassic.com

Female deity, probably Prajñāpāramitā, Nālandā →





ပညာပါရမိတာနတ်သမီး

မဟာယာနဂိုဏ်းမှ ပထဆုံး တီထွင်ချက်ဖြစ်သည်။ ပညာပါရမိကို နတ်သမီးအဖြစ် တင်စားရှဲ ဘုရားလောင်း၏ မယ်တော်အဖြစ် စတင် ကိုးကွယ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



Jambhala and Vasudhārā, Nāgapaṭṭinam, South India

မဟာယာန ဗုဒ္ဓဘာသာဝင်များ ကိုးကွယ် ဆည်းကပ်ကြသည့် ဘုရားလောင်းရုပ်ထု အမျိုးမျိုး ၁၂၀ (ဗောဓိသတ္တ) အိန္ဒိယနိုင်ငံ ဒေသအသီးသီးမှ–



Siṃhanāda, Mahobā

သီဟနာဒ လောကေသရ ဘုရားလောင်းပုံ အဝလောကိတေသရ၏ ကိုယ်ပွားတစ်ခု ဖြစ်၏။ ရောဂါမျိုးစုံကို ပျောက်ကင်းစေနိုင်စွမ်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



Vajraśāradā, Nālandā

နာလန္ဒတက္ကသိုလ်ဒေသ



Trailokyavijaya, Bihar



www.burmeseclassic.com

www.burmeseclassic.com



ပဟာပုဒြာ YABYUN


မေတ္တာကို ကိုယ်စားပြုသော ဗောဓိသတ္တဘုရားလောင်းက ပညာပါရမိတာနတ်သမီးကို ပွေ့ဖက်ထားသည်။ နောင်အခါ ဤရုပ်ထုများကို တိဘက်နှင့် နီပေါပြည်၌ ကိုးကွယ်ကြသည်။





www.burmeseclassic.com

www.burmeseclassic.com



Wise, compassionate and beautiful, the bodhisattvas are among the most familiar Buddhist images. This example from Sri Lanka dates from the 11th century when there was Mahāyāna influence. Head-dress and girdle are studded with gems. This period was the apogee of the fine south India tradition of bronze casting; large figures have been found in northern Ceylon, which was conquered by Tamils. (27)

Nairātmā, Bihar



ဗိဟာပြည်နယ်   ဘုရားလောင်းရုပ်ထု

အခြားနိုင်ငံများ

၁၁ ရာစုခေတ် သီရိလင်္ကာနိုင်ငံ ဗောဓိသတ္တ ဦးခေါင်းဆင်တန်ဆာတွင် ရွှေ ငွေ ရတနာများဖြင့် တန်ဆာဆင်ထားသည်။ တစ်ချိန်က သီရိလင်္ကာ မြန်မာ ထိုင်းနိုင်ငံ အားလုံးသို့ မဟာယာနဗုဒ္ဓဘာသာ ပြန့်ပွားခဲ့သေးသည်။ သို့သော် ထေရဝါဒက အနိုင်ယူလွှမ်းမိုးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com







ဂျားဗားကျွန်းမှ ဘုရားလောင်းတော်ရုပ်ထု (ပညာပါရမီတာ)

www.burmeseclassic.com

www.burmeseclassic.com


# အနော်ရထာ မတိုင်မီကာလက မြန်မာနိုင်ငံ ဘာသာရေး
## (မြန်မာပြည်နှင့် မဟာယာန ဗုဒ္ဓဘာသာ)

ပုဂံအနီး မင်းနန်သူအရပ် ဘုရားသုံးဆူနှင့် နန္ဒမညစေတီများအတွင်းရှိ ဆေးရေးရုပ်များကို ထောက်၍ သာသနာနှစ် ၁၀၀၀ ကျော် ၁၁၀၀ (ခရစ် ၄၅၆ - ၅၅၆) အတွင်း မြန်မာပြည်မြောက်ပိုင်းသို့ မဟာယာန ဗုဒ္ဓသာသနာ ရောက်သည်ဟု ယူဆကြသည်။ ရဟန်းတို့မှာ အရည်းကြီးတို့ ဖြစ်ဟန်တူလေသည်။

ထိုစဉ်အခါက အရည်းကြီးရဟန်းတို့ ညစားစားခြင်း၊ သေရည် အရက် သောက်ခြင်း၊ မေထုန်အကျင့်ကို ကျင့်ခြင်း စသော ရဟန်းကောင်းတို့ မပြုလုပ်ထိုက်သော အရာတို့ကို ပြုလုပ်ခဲ့ကြောင်း အမယ်မျိုးမျိုး ရှိသည်။

အနော်ရထာမင်းလက်ထက် သာသနာနှစ် ၁၆၀၁ (ခရစ် ၁၀၅၇ )တွင် အရှင်အရဟံ ကြွလာသည်မှစ၍ မဟာယာန ဗုဒ္ဓသာသနာသည် တဖြည်းဖြည်းကွယ်ပျောက်လျက် မြန်မာပြည် တစ်ပြည်လုံး ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားတိုးတက်ကာ ယနေ့တိုင်အောင် တည်ရှိလေသည်။

ပုဂံ အပါယ်ရတနာဘုရားမှ ဗောဓိသတ္တအရုပ်များ




a b



www.burmeseclassic.com

www.burmeseclassic.com



ပုဂံ အပါယ်ရတနာ ဂူဘုရားကျောင်းဆောင်မှ မဟာယန ဗုဒ္ဓဘာသာ အငွေ့အသက် ပန်းချီ
(ကျန်စစ်သားမင်းကြီးခေတ်)



www.burmeseclassic.com

www.burmeseclassic.com



ဝဇီရပါဏိ ဗောဓိသတ္တရုပ်
လောကဥသျှောင် ဘုရား၊ ပုဂံ။



ဗောဓိသတ္တနတ်သားနှင့် နတ်သမီးများ
ဘုရားသုံးဆူ၊ မင်းနံသူ၊ ပုဂံ။

www.burmeseclassic.com

www.burmeseclassic.com

# တန္တရဗုဒ္ဓဘာသာ BUDDHIST TANTRA

(တိဘက်စသည့်နိုင်ငံတို့၌ထွန်းကားသောဂိုဏ်း)

တန္တရဗုဒ္ဓဘာသာကို မြန်မာစာပေ၌ စုန်း တစ္ဆေ သူရဲများနှင့် ရောထွေးနေသော ဗုဒ္ဓဘာသာဟု ရေးသားလေ့ရှိပါသည်။ တစ်ကယ်တော့ တန္တရဗုဒ္ဓဘာသာကို လက်ခံလိုက်စားနေကြသူ အများကြီးရှိ၏။ တိဗက်နိုင်ငံ အိန္ဒိယ လာဒါ နီပေါ စသည့်မြေသတစ်ပိုက်၌ ထွန်းကားနေသော အယူဝါဒဖြစ်၏။ အနောက်တိုင်းမှ ပညာရှင်အချို့က နှိုက်နှိုက်ချွတ်ချွတ် သွားရောက်လေ့လာခဲ့ကြပြီးဖြစ်သည်။ အောက်ပါစာတမ်းမှာ TANTRIC BUDDHISM စာအုပ်မှ အကျဉ်းချုံး၍ ဖော်ပြခြင်းဖြစ်ပါသည်။

တန္တရဗုဒ္ဓဘာသာမှာ မျက်လှည့်ပညာ နှင့် ဗုဒ္ဓဘာသာကို ရောမွှေထားသော အယူဝါဒဟု ခေါ်နိုင်သည်။ တန္တရဗုဒ္ဓဘာသာ မှာသာမဟုတ် ဟိန္ဒူတန္တရ၊ ဂျိန်းဘာသာတန္တရ ဆိုပြီးလည်း ရှိ၏။ အိန္ဒိယနိုင်ငံမှ ထွန်းကားခဲ့သော ယောဂီကျင့်စဉ် ဘတ်တီ BHAKTI (အထူးကြိုးစားဘုရားအာရုံပြုရသော) ကျင့်စဉ်များကဲ့သို့ အိန္ဒိယနိုင်ငံတွင်းရှိ ဘာသာ အယူဝါဒအားလုံးဆီသို့ ပြန့်နှံ့သော အယူအဆ တစ်ခုဖြစ်၏။

၆ ရာစုခေတ်လောက်က စတင်ပေါ်ပေါက်ခဲ့၏။ အိန္ဒိယနိုင်ငံအနောက်မြောက်ဒေသမှ အရှေ့မြောက်ဒေသ ဘင်းဂလားအော်ရစ်စ ORISSA နှင့် အာသံ ပြည်နယ်တို့ထိအောင် ပြန့်နှံ့နေသော အယူဝါဒဖြစ်၏။ ဒေသခံမျက်လှည့်နှင့် လျှို့ဝှက်ပညာတို့ဖြင့် ရောနှောနေခြင်းဖြစ်၏။

တန္တရဗုဒ္ဓဘာသာသည် ၈ ရာစုခေတ် အိန္ဒိယနိုင်ငံကို ပါလမင်းများ အုပ်စိုးစဉ်ကာလ (၇၅၀–၁၁၅၀) ၌ ထွန်းကားခဲ့၏။ ကမ္ဘာကျော် နာလန္ဒ ဗုဒ္ဓဘာသာတက္ကသိုလ်ကြီးမှာ PERPECTION OF WISDOM ခေါ် ပညာအရာတိကျ မှန်ကန်ခြင်းဝါဒ နှင့် မျက်လှည့်ပညာများက စိုးမိုးခဲ့သည်။

ဤအယူဝါဒသည် အရှေ့တောင်အာရှနိုင်ငံများဖြစ်သော သီဟိုဠ် မှတစ်ဆင့် အင်ဒိုနီးရှား ကျွန်းထိအောင် ပြန့်နှံ့ခဲ့သေးသည်။ သို့သော် ထေရဝါဒ ဗုဒ္ဓဘာသာက အရှေ့တောင်အာရှဒေသကို လွှမ်းလာသောအခါ တန္တရဗုဒ္ဓဘာသာမှာ ပျောက်ကွယ်သွားခဲ့ရ၏။

(မြန်မာနိုင်ငံမှ အရည်းကြီးတို့ ကြီးစိုးသောခေတ် ကိုဆိုလိုဟန်တူပါသည်။)

အင်ဒိုနီးရှားဒေသကိုလည်း အစ္စလမ်ဘာသာတို့က လွှမ်းမိုးခဲ့ရာက ဤအယူဝါဒတို့သည် ပျောက်ကွယ်ခဲ့သည်။

ယင်းကာလတွင် တိဗက်နိုင်ငံသို့ ဤဗုဒ္ဓဘာသာပြန့်ပွားခဲ့ရာ ယခုတိဗက်နိုင်ငံ၌ ဤအယူဝါဒ ထွန်းကားလျက်ရှိ၏။

တန္တရအယူဝါဒကို အိန္ဒိယဘုန်းတော်ကြီးသုံးပါးက ၈ ရာစုခေတ်က တရုတ်ပြည်သို့ သယ်ဆောင်သွားခဲ့သေးသည်။ တန်မင်းဆက်ခေတ်၌ နှစ်တစ်ရာလောက် ထွန်းကားခဲ့ပြီး တရုတ်ပြည်၌ မှေးမှိန်သွားခဲ့သည်။ ၉ ရာစုခေတ်တွင် KUKAI ကူကိုင်အမည်ရှိ ဘုန်းတော်ကြီးက ဂျပန်နိုင်ငံသို့ ဤအယူဝါဒကို သယ်ယူသွားရာက ယနေ့တိုင် ဂျပန်နိုင်ငံ၌ ရှင်းကွန်း SHINGON SCHOOL ဂိုဏ်းအဖြစ် ထင်ထင်ရှားရှား ကျန်ရှိနေသေး၏။

ဗုဒ္ဓကိုယ်တော်တိုင်က အချို့သော ပရိတ်တော်များကို "အကြိမ်ကြိမ်ရွတ် ဖတ်ပေးခြင်းဖြင့် ကျရောက်လာမည့် ဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်သည်ဟု မိန့်ကြားခဲ့သည်။ မဟာယာနဗုဒ္ဓဘာသာဝင် များကလည်း သုတ်များကို ရွတ်ဖတ်ပေးခြင်းဖြင့် အန္တရာယ်မှ ကာကွယ်နိုင်သည်ဟု ဆိုခဲ့သည်။ ၇ ရာစုခေတ်တွင် ဟိန္ဒူအတွေးအခေါ်ပညာရှင်တွေ ထွန်းကားလာရာက ဥုံ ဟုအစချီသော ဂါထာတွေ ပေါ်လာခဲ့သည်။ ဒါတွေက တန္တရဗုဒ္ဓဘာသာ၏ အခြေခံအမြစ် ဖြစ်လာခဲ့သည်။

မန္တလ MANDALA ဟုခေါ်သော မျက်လှည့်စက်ဝိုင်းက ရှိသေး၏။ ဒါက ဗုဒ္ဓကိုကိုယ်စားပြု တည်ထားကိုးကွယ်ခဲ့ကြသော စေတီပုထိုးများ၌ ဖြစ်ဖျားဝံသည်။ စေတီများကို စက်ဝိုင်းပုံသဏ္ဌာန် တည်ဆောက်ခဲ့၍ အလယ်ဗဟိုကို စကြာဝဠာအဖြစ် သဘောထားကြသည်။ ၁၀၀ ဘီစီကာလ ဗုဒ္ဓရုပ်ပွားထုလုပ်သော အတတ်ပညာ ပေါ်ပေါက်လာသောအခါ စေတီဘေးပတ်လည်၌ ဗုဒ္ဓရုပ်ပွားတို့ကို ထားရှိခဲ့သည်။ ဤစေတီ နှင့် ဗုဒ္ဓရုပ်ပွားတို့ကို အထက်မိုးကောင်းကင်မှနေပြီး ဆီး၍ကြည့်လျှင် မန္တလာကားချပ်ရုပ်စုံ ပေါ်လာမည်ဖြစ်၏။

ဤစက်ဝိုင်းထဲကို ဗုဒ္ဓဘာသာဝင်များတရားထိုင်သည့်အခါ အသုံးပြုတတ်သော အနီအစိမ်းရောင် စက်ဝိုင်းများကို ပေါင်းစပ်လိုက်သောအခါ အလွန်ရှုပ်ထွေးသော မန္တရအမျိုးမျိုး ဖြစ်လာတော့သည်။

www.burmeseclassic.com

မန္တရကို ခင်းမျထားလျှင် ဘုရားများ ဆင်းသက်ရာနေရာ ဖြစ်လာမည် ဖြစ်၏။ ဤမန္တရကို တရားထိုင်ရာတွင် အများဆုံးအသုံးပြုကြသည်။ ဟိန္ဒူဘာသာဝင်များတွင် ဂုရုဟုခေါ်သော ဓမ္မဆရာက အလွန်အရေးကြီး၏။ သူက ဘုရားနှင့်လူသားတို့ကို တိုက်ရိုက်ဆက်သွယ်ပေးနိုင်သော ပုဂ္ဂိုလ်ဖြစ်၏။ အလားတူ ဗုဒ္ဓဘာသာမှာလည်း တန်ခိုးအတော်အသင့်ရှိသည့် ဓမ္မဆရာတွေက ဘုရားနှင့်လူသားအကြား ဆက်သွယ်ပေးသော ပုဂ္ဂိုလ်မျိုးတွေ ဖြစ်လာရသည်။

တရားထိုင်ခြင်း

တန္တရဗုဒ္ဓဘာသာ၏ အခြေခံကတရားထိုင်ခြင်းသာဖြစ်၏။ သို့ကြောင့် သူတို့ကို မန္တရာယာနဟုပင် အမည်ပေးလေ့ရှိသည်။



——မန္တရဗုဒ္ဓဘာသာဝင်များ တရားထိုင်ရာတွင် အသုံးပြုလေ့ရှိသော ခေါင်းလောင်းနှင့်ဝိဇ္ဇာ VAJRA (စိန်) ဤအရာနှစ်ခုက COMPASSION စေတနာမေတ္တာသဘော နှင့် အပေါင်းမပျောင်မပေးမည့် သဘောကိုဆောင်ကြ၏။

ယခုအခါ တန္တရ ဗုဒ္ဓဘာသာသည် တိဘက် နီပေါ ဘူတန် မွန်ဂိုးလီးယား စသည့်နိုင်ငံများတွင် ထွန်းကားလျက်ရှိ၏။

အိန္ဒိယနိုင်ငံတွင်း၌ ကက်ရှမီးယားပြည်နယ်နှင့် ဆစ်ကင်းပြည်နယ်တို့၌လည်း ထွန်းကားလျက်ရှိ၏။ သို့ကြောင့် ဤပြည်နယ်နှစ်ခု၏ အသွင်ကို ဆက်လက်တင်ပြပါသည်။

တိဘက် နီပေါ ဘူတန် မွန်ဂိုးလီးယားနိုင်ငံတို့၏ အခြေအနေ ရုပ်ပုံကားချပ် များကို တန္တရဗုဒ္ဓဘာသာစာတွဲ၌ ရှုပါ။



www.burmeseclassic.com

**Nālandā** was a monastic university and one of the most splendid Buddhist centres in India, described at length by the pilgrim Hsüan-tsang in the 7th century. Rows of monasteries have been excavated (*below*), with small cells opening off an inner courtyard. One of the stupas (*left*) is unusual in having a two-storey base, with niches holding statues of Buddhas and bodhisattvas, and an octagonal top. (8, 9)





နာလန္ဒတက္ကသိုလ်မှ ဘုရားတန်ဆောင်းတစ်ခုနှင့် ကျောင်းတော်ရာ



www.burmeseclassic.com



ယောဝဇီရနတ်သားက နတ်သမီးကို ပွေ့ဖက်ထားပုံ
နီပေါ နှင့် ဘင်္ဂလားပြည်တို့၌ တန္တရဂိုဏ်းက ကိုးကွယ်သည်။ (ဘင်္ဂလားဒေသ) Hevajra, Bengal
ဖို့မပေါင်းဆုံမှုကို သရုပ်ဖော်သော မဟာမုဒြာပုံ ဖြစ်သည်။



www.burmeseclassic.com


www.burmeseclassic.com



တာရာဒေဝီပုံ

www.burmeseclassic.com

www.burmeseclassic.com



တာရာနတ်သမီး စိမ်း (နှီးပေါင်းသပိ)



www.burmeseclassic.com

www.burmeseclassic.com



အဝလောကိတေသရဘုရားလောင်းသည် အမျိုးသမီးအသွင်ကို ဆောင်၍ တာရာဒေဝီဟု အမည်ခံ၏။ အပျိုစင်ရုပ်သွင်၊ အဖွားအိုအသွင်၊ ဘီးလူးမအသွင် အမျိုးမျိုးပြောင်းလဲနိုင်၏။ →

www.burmeseclassic.com

www.burmeseclassic.com



တိဘက်ဘုရင် -Srong Tsen Gampo (သာ ၁၁၄၉) မှာ မိဖုရားနှစ်ပါး ရှိ၏၊ တစ်ပါးမှာ တရုတ်သမီးတော်ဖြစ်၍ တာရာဖြူ ဟု ခေါ်၏။ အခြားတစ်ပါးမှာ နီပေါဘုရင့်သမီးတော်ဖြစ်၍ တာရာစိမ်း ဟု ခေါ်ကြသည်။



တာရာနတ်သမီး ဖြူ (တရုတ်မင်းသမီး)



www.burmeseclassic.com

ဘေရဝီ ဒေဝါ ကာလီမယ်တော်ပုံ

တန္တရဂိုဏ်း၌ လက်ဝဲဂိုဏ်း အောက်လမ်းဆရာကြီးများ ကိုးကွယ်ကြသည်။ ဝေးရှည်သည့်ဖျက်ဆီးခြင်းလာသော ပိဋကတ္တဒေဝါမျိုးဇော့ခွက်သည် ဖန်ဆင်းခြင်းသဘောကိုပြသည်။ ယာဖေပါဘယ်လက်မှာ ဘေးမဲ့ပေးဟန် (အဘယမုဒြာ)နှင့် အောက်ဘယ်လက်မှာ ဆုပေးဟန်(ဝရဒမုဒြာ) ကို ပြသည်။





ကလ္လိကဒေါ် မဟာဒေဝီ၏ပုံ

တန္တရဂိုဏ်း အောက်လမ်းဆရာကြီးများ ကိုးကွယ်ကြသည်။ အဝတ်မပါဗလာနေခြင်းသည် ဖန်ဆင်းမှုကိုပြ၏။ ပြည့်ဝသောရင်သားများသည် သတ္တဝါကို ထိန်းသိမ်းစောင့်ရှောက်မှုကို ပြ၏။ တိရစ္ဆာန်များကို လှံဖြင့်ထိုးသီထား၍ သွေးစွန်းသောလက်သည် ဖျက်ဆီးမှုကိုပြသည်။



www.burmeseclassic.com

www.burmeseclassic.com

# ကက်ရှမီးယားပြည်နယ်
## အိန္ဒိယနိုင်ငံ


ဟိမဝန္တာတောင်အလယ်လောက်တွင် တည်ရှိ၏။ အိန္ဒိယနိုင်ငံ၏ မြစ်ကြီးများ မြစ်ဖျားခံရာ အစဒေသဖြစ်သည်။

SRINAGAR မှာ မြို့တော်ဖြစ်၏။ ဤမြို့မတော်ကို အာသောကမင်းကြီးက စတင်တည်ဆောက်ခဲ့၏။ သို့ကြောင့် ဗုဒ္ဓဘာသာ အမွေအနှစ်တို့ကို အများအပြား မြင်တွေ့နိုင်ပါသည်။

ယခုအခါ အိန္ဒိယအစိုးရနှင့် ပါကစ္စတန် အစိုးရတို့ အငြင်းပွါးဇာဒေသ ဖြစ်၏။


# KASHMIR

ကက်ရှမီးယားပြည်နယ်မှ မြို့ကလေး လာဒါ LADAKH မှ ဗုဒ္ဓဘာသာ ကျောင်းတော်ကြီး တိဘက်နိုင်ငံ လာဆာမြို့တော်မှ ကျောင်းတော်ကြီးနှင့် အပြိုင်။




တန္တရဗုဒ္ဓဘာသာသာသနာ ထွန်းကားရာ ကက်ရှမီးယားပြည်နယ်မှ လဒါ(ခ်) LADAKH ဒေသအကြောင်း အသေးစိတ်ကို တန္တရဗုဒ္ဓဘာသာ စာတွဲ၌ ဆက်ရှုပါ။

www.burmeseclassic.com



အိန္ဒိယနိုင်ငံ ကက်ရှမီယားပြည်နယ်မှ ကလေးဗုဒ္ဓ ၁၀ ရာစုလက်ရ

www.burmeseclassic.com

www.burmeseclassic.com





မဟာယာန ဗုဒ္ဓဘာသာ သမိုင်းတွင် စေတုတ္တ သင်္ဂါယနာတင်ပွဲကို အိန္ဒိယပြည်၌ ကျင်းပသည်ဟု ဆိုသည်။ အိန္ဒိယပြည်၌ စေတုတ္ထ သင်္ဂါယနာ တင်ပွဲကို အေဒီ ၁၀၀ပြည့်နှစ်တွင် ကသ္မီရ(KASHMIR) (အချို့က JALANDHAR)၌ ကျင်းပခဲ့သည်ဟု ယူဆကြသည်။ ကဏိသျှက (KANISHKA)မင်း လက်ထက်၌ဖြစ်သည်ဟုဆိုသည်။




www.burmeseclassic.com

www.burmeseclassic.com


ကက်ရှမ်းယားပြည်နယ်မှ ဗုဒ္ဓဘာသာစေတီတစ်ဆူ
စေတီအန်းတွင် - တစ်မိုင်ခန့်ရှိသော အုတ်နံရံကို ကသိုလ်ကောင်းမှု အတွက်
တည်ဆောက်ထားကြသည်။



ကက်ရှမ်းယား



www.burmeseclassic.com







ပြည်နယ်အတွင်းမှ ရှေးဟောင်းဗုဒ္ဓဘာသာ အဆောက်အဦးများနှင့် ဒေသခံတိုင်းရင်းသားတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓ ဦးခေါင်းတော် ၇ ရာစုခေတ် ကက်ရှပီးယား၊





Kashmir

အဝလောကိတေသွရ ဘုရားလောင်းရုပ်ထု



ဗောဓိသတ္တ–ဘုရားလောင်း ကက်ရှမီးယား

← ၈ – ရာစုခေတ် ဆင်စွယ်ဖြင့် ထုလုပ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဆစ်ကင်းပြည်နယ်
### (အိန္ဒိယနိုင်ငံ)


ဟိမဝန္တာတောင်ခြေ၌တည်ရှိသော - ပင်လယ်ပြင်မှ ပေ ၁၇၀၀ အထက်၌ တည်ရှိသည့် ဒေသကလေးဖြစ်သည်။ လူဦးရေ ၄၀၀,၀၀၀ သာရှိသည်။ အိန္ဒိယနိုင်ငံ၏ ဒုတိယအသေးငယ်ဆုံး ပြည်နယ်ဖြစ်၏။ ဂိုင်တော့ - **GANG TOK**က ပြည်နယ်မြို့တော် ဖြစ်သည်။

တန္တရဗုဒ္ဓဘာသာ ထွန်းကားရာ၏။ သားနှစ်ယောက်ထွန်းကားပါက တစ်ယောက်ကို - လာမားရဟန်းဘဝသို့ သွတ်သွင်းပေးရသည့် အစဉ်အလာရှိသည်။ **RUMTEK** ရမ်တက်မြို့ကလေးတွင်ပင် ရဟန်းတော်ပေါင်း ၄၀၀ - ၅၀၀ ရှိသည်။

ဟိုး တချွေနှင့် ရောထွေးနေသော ဗုဒ္ဓဘာသာ အယူဝါဒ ကို လက်ခံကြ၏။ လူတစ်ယောက် နေထိုင်မကောင်းဖြစ်လျှင် နတ်ဆရာများသို့ ပြသ ကုသမှု ခံယူနေကြဆဲ၊ မြို့တော် ဂိုင်းတော့ မှာမူ ဗီဒီယိုပြစက်များ မော်တော်ကားများ ခေတ်မီ ဟော်တယ်ကြီးများနှင့် ဖြစ်နေပါပြီ။

ပန်းမာန် အပင်မျိုးစုံပေါများပြီး မြစ်ချောင်း တောင်တန်းကလေးများ နှင့် လှပ သာယာလှသော ဆစ်ကင်းပြည်နယ် ↓


# S I K K I M






www.burmeseclassic.com

www.burmeseclassic.com






- ဆစ်ကင်းပြည်နယ်မှ လားမား (ဦးထုပ်ဝါဂိုဏ်း) ရဟန်းတော်များ
- ဆစ်ကင်းပြည်နယ်ဘုရင်မ ကွယ်လွန်စဉ် - ရဟန်းတော်များ အသုဘ ကို တာဝန်ယူဆောင်ရွက်ပေးနေကြစဉ်။



www.burmeseclassic.com

www.burmeseclassic.com





ဘုရားပွဲအတွက် အလံများနှင့် ပြင်ဆင်ထားသော ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း ဒေသခံကလေးသူငယ်များ

www.burmeseclassic.com

www.burmeseclassic.com







ဘုရားပွဲတစ်ခု၌ မြင်တွေ့ရသော - လားမားရဟန်းတော်များ
ရွာသူတစ်ဦး ရောဂါဘယအေးမှ ကင်းဝေးစေရန် သွားများကို ရွှေဖြင့် ဖုံးထားသည်။

www.burmeseclassic.com

www.burmeseclassic.com







ဆစ်ကင်းပြည်နယ်မြို့တော်မှ ထင်ရှားသော ဗုဒ္ဓဘာသာကျောင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



**RUMTEK** မြို့ကလေးမှ လားမားရဟန်းငယ် (ရှင်သာမဏေ) ကွယ်လွန်ပြီးသော ရဟန်းတစ်ပါးအတွက် နောင်တစ်ချိန် လူ့လောကသို့ ပြန်ဝင်စားသည့် အချိန်အထိ အစည်းမီးထွန်းပေးထားရစာ ယင်းတာဝန်ကို ဤရှင်ငယ်က တာဝန်ယူထားသည်။



www.burmeseclassic.com



KAGYUDPA ကဂျူပ ဂိုဏ်းကို တည်ထောင်ခဲ့သော GALYWA KARMAPA ရဟန်းမင်း ၁၇ ကြိမ်မြောက် ပြန်လည်ဝင်စားသော အခမ်းအနား၌ လားမားရဟန်းတော်များကို ဖူးတွေ့ရပုံ ယခင် ၁၆ ကြိမ်မြောက် ရဟန်းမင်းသည် ၁၉၈၁ ခုနှစ်က ကွယ်လွန်ခဲ့သည်။ ယခုတိုင် ရဟန်းမင်းလူဝင်စားကို ဝိုင်းရှာကြရာ ၉ နှစ်ကြာမှ ရှာတွေ့သည်။ ရဟန်းလောင်းလူဝင်စားကလေး[illegible] အများပြည်သူသို့ မပြသသေး[illegible] ထားရှိကြသည်။



www.burmeseclassic.com


www.burmeseclassic.com

# ဒါဂျီလင်မြို့

နိုင်ငံတကာ ခြေသည်များ အဝင်အထွက်များသည်။ မြန်မာနိုင်ငံနှင့် မဝေးလှပါ၊ ၁၈၈၀ မှ စတင် တည်ထောင်သည်။ ဘင်္ဂလားပြည်နယ်မှ တောင်စခန်းမြို့ ဖြစ်သော "ဒါဂျီလင်" တွင် ယခုခေတ်၌ တိဗက်နိုင်ငံမှ လာသော တန္တရ ဗုဒ္ဓဘာသာသည် အိန္ဒိယနိုင်ငံတွင်းသို့ ပြန်လည် ထိုးဖောက်ဝင်လာသည်ကို စိတ်ဝင်စားဖွယ် တွေ့ရပါသည်။


ဒါဂျီလင်မြို့မှ ကျော်ကြားသော- **GHOOM** ဂူမ်းအမည်ရှိ ဗုဒ္ဓဘာသာ ဘုရားကျောင်းတော် အတွင်းရှိ ဘုရားဆောင်






www.burmeseclassic.com

www.burmeseclassic.com



ဒါဂျီလင်မြို့မှ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း

GHOOM ဘုရားကျောင်းတော်မှ တိဗက်ဘုန်းတော်ကြီးတို့ သုံးစွဲသော–ဟွန်း





www.burmeseclassic.com

www.burmeseclassic.com

# ဝဇိရယာန

ဝဇိရ မှာ စိန် ကိုဆိုလို၏။ ကြည်လင်တောက်ပ၏၊ မာကျော၏၊ တစ်နည်း မိုးကြိုးလက်နက်ကို ဝဇိရဟု ခေါ်သည်။ ထက်မြက်ပြင်းထန်၏။

နိဗ္ဗာန်ကို စိန်နှင့်ဥပမာပြု၍ မဂ်ဉာဏ်ကို မိုးကြိုးနှင့် ဥပမာပြုကြ၏။

မိမိကိုယ်ကို စိန်ကဲ့သို့မာကျော၍ မကျေမပျက်အောင် ပြုလုပ်ပေးသော လမ်းစဉ်ကို ဝဇိရယာန ဟု ခေါ်၏၊

အမိတာဘာ၏နတ်ပြည်၌ ကိုယ်ခန္ဓာသည် စိန်ကဲ့သို့ မာကျောလိမ့်မည်။

ဝဇိရယာနကို (သာသနာ ၁၁၄၄–၁၁၉၄) ဒုတိယ နာဂအဇ္ဈုန က တီထွင်၏။ အိန္ဒိယအရှေ့ပိုင်းဒေသများ ဘင်္ဂါလယ် အာသံတောင်တန်း နှင့် အိန္ဒိယ အနောက်ပိုင်း ပက်ရှဝါ တို့၌ ဤဝါဒထွန်းကားခဲ့၏။

မ သုံးလုံးကျင့်ဝတ်ကို လိုက်နာကြ၏။ မသုံးလုံးကျင့်ဝတ်တို့မှာ

(၁) မ = မဇ္ဇ = သေရည်အရက် မူးယစ်ဆေးဝါး

(၂) မ = မံသ = အသား = အမဲသားငါး

(၃) မ = မေထုန = မေထုန်မှီဝဲမှု တို့ဖြစ်ကြ၏။

တန္တရအနွယ်ဝင် ဖြစ်သော ဝဇိရယာန ရဟန်းတို့သည် အယုတ်အညံ့ဆုံး အလုပ်များကို ကျူးလွန်ကြ၍ မွန်မြတ်သော လုပ်ငန်းဖြစ်အောင် ကျမ်းဂန်များ ရေးသားကြသည်။

ဝဇိရယာနကျမ်းများတွင် မသုံးလုံးကျင့်စဉ်ကို ထောက်ခံချီးကျူးထား၏။ လူသတ်မှု လိမ်လည်မှု ခိုးမှု နှင့် သူတစ်ပါးမယား ကြာခိုမှုများကို ထောက်ခံ အားပေးထား၏။ ဗုဒ္ဓဝါဒနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်သည်။

ဤအယူအဆမှာ ရှေးဟောင်း ဟိန္ဒူဝါဒများနှင့် ဒေသခံတိုင်းရင်းသား လူရိုင်းလေများမှ ကူးစက်ဆင်းလာကြဟန်ရှိသည်။ တန္တရဝါဒတွင် လက်ဝဲ လက်ယာ ခွဲထား၏။ (မြန်မာနိုင်ငံ၌ အောက်လမ်း အထက်လမ်းဟု ခေါ်ကြသလို ဖြစ်ပါလိမ့်မည်၊ )

အထက်လမ်း (လက်ယာ) သမားတွေက အကျင့်သီလကို ထိန်းကြ၏။ သိကြား ဗြဟ္မာ စသော အထက်နတ်များကို ပူဇော်ကြ၏။ ဂုဏ်တော်များ ပရိတ်များ မန္တန်များကို ရွတ်ဖတ် ပွါးများကြ၏။

လက်ဝဲ အောက်လမ်းသမား တွေကျတော့ – မယားချစ် ဥစ္စာချစ် တို့သည် မေတ္တာအစစ်ဖြစ်ရန် လမ်းဖြစ်၏၊ ချစ်စိတ်ကို ဖိနှိပ်မထားရ၊ အားပေး အားမြှောက်ပြုရန် မေတ္တာစစ်ဖြစ်အောင် ပြောင်းလဲယူရမည်။ ကာမဂုဏ်သည် လွတ်မြောက်မှု၏ ပန်းတိုင် စသည်ဖြင့် ပြောဟောတတ်ကြ၏။



---

## တန္တ ရယာန

တန္တာရဝါဒအမျိုးမျိုးရှိ၏၊ – ဘာဝနာပွါးနည်းကို အလေးထား ပေါ်ပြလေ့ ရှိ၏။ ပရိတ်အမျိုးမျိုး မန္တန်များ မဏ္ဍလ ခေါ် စက်ဝိုင်းတွင်းရှိ ရုပ်ပုံများ ကြိုဂံပုံ စသောအင်းကွက်များသည် သမာဓိလုပ်ငန်း၌ အရေးပါလာ၏။

တန္တရဝါဒကို လူအများရှေ့တွင် ဆွေးနွေးလေ့မရှိ မိမိတို့သဘောတူသူ အချင်းချင်း အုပ်စုငယ်များဖွဲ့ပြီး တိုးတိုးဟိတ်ဟိတ် ဆွေးနွေးကြရသည်။ မယုံကြည်သူများနှင့် မဆွေးနွေး များသောအားဖြင့် ဆရာနှင့်တပည့် တစ်ဦးချင်း ပညာလွှဲအပ်လေ့ရှိသည်။

တန္တရဝါဒ၌ နတ်အမျိုးမျိုး မယ်တော်နတ်သမီးအမျိုးမျိုးကို လက်ခံကြ၍ ထိုနတ်တို့၏ အကူအညီကြောင့် နတ်ကိုးကွယ်သူများ မန္တန်ရွတ်သူ များသည် သိဒ္ဓိအမျိုးမျိုး တန်ခိုးအမျိုးမျိုးရနိုင်သည်ဟု ယုံကြည်ကြသည်။

---

www.burmeseclassic.com

www.burmeseclassic.com



ဝဇိရယာနကျမ်းစာ

အေဒီ ၉၄၇ တရုတ်နိုင်ငံ သစ်သားဘလောက်တုံးများဖြင့် ပုံနှိပ်ထားသော စာအုပ်မျက်နှာဖုံး။

---

## အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်း | အမှား | အမှန် |
|---|---|---|---|
| ဂ | အောက်ဆုံး | တိုင်ကြီးများ | တိုင်ကြီးများ(ပုဂံမြို့) |
| ၅၇ | ၁၄ | ဝဇ္ဇယာန ဝဇ္ဇဘုန်းကြီး | ဝဇ္ဇိရာယာန ဝဇ္ဇိရာဘုန်းကြီး |
| ၁၁၃ | ၁၁ | ဗုဒ္ဓဘာသာ | နိဗ္ဗာန် |
| ၁၅၄ | ၁၁ | မင်ဆက်ဆံ | ပြည် |
| | ၃၄ | ခြင်းကြောဝ့် | ခြင်းကြောင့်မြင်ရ၏ |

## ဈေးရောင်းစုံပုံတော်များ

စာမျက်နှာ ၅၉ အိန္ဒိယနိုင်ငံ အရှေ့တိုင်းဒေသမှ ကြေးဖြင့်ထုလုပ်ခဲ့သော ဗောဓိသတ္တ ရုပ်ပွားတော်များ.

၈၀ ဗုဒ္ဓရုပ်ပုံပါ ရှေးအကျဆုံးဒင်္ဂါးနှင့် အာရှအရှေ့အလယ်ပိုင်းဒေသမှ ထုလုပ်ခဲ့သော ရုပ်ပွားတော်များ။

www.burmeseclassic.com

# အိန္ဒိယပြည်၌ ဗုဒ္ဓဘာသာ တရွေ့ရွေ့ယိုယွင်းပျက်စီး ဆုတ်ယုတ်ကွယ်ပျောက်သွားခြင်း

တချိန်က ဗုဒ္ဓသာသနာတော်သည် အာရှတိုက်တစ်ခုလုံးကို သက်နှံရောင် ဖုံးအုပ်ခဲ့သည်။ ယခုအခါ တည်ရာဒေသအားဖြင့် ကျဉ်းလာချေပြီ။ အရေအတွက်အားဖြင့်လည်း ရှေးခေတ်က ကမ္ဘာ့လူဦးရေ ၅ ပုံ ၄ ပုံ တို့၏ ကိုးကွယ်မှုဓဘဝမှ ယခုအခါ ကမ္ဘာ့လူဦးရေ ၁၀ ပုံ ၁ ပုံ၏ ကိုးကွယ်မှုကိုသာ ခံယူရသော အခြေအနေသို့ ရောက်နေလေပြီ။

သို့ကြောင့် ဗုဒ္ဓဘာသာ၏ ဇာတိချက်မြွှာ ဖြစ်သော အိန္ဒိယနိုင်ငံ၌ ဘာကြောင့် ဗုဒ္ဓဘာသာ ကွယ်လုမတတ် ဖြစ်သွားရသည်ကို ဆန်းစစ်လေ့လာကြည့်ကြဖို့ လိုပါသည်။

အေဒီ ၆၂၉ ခုနှစ်မှ ၆၄၅ ခုနှစ် တိုင်အောင် အိန္ဒိယပြည်တွင်း၌ လှည့်လည်သွားရောက်ခဲ့သည့် တရုတ်ရဟန်းတော် အရှင်ဟုအင်စံ၏ မှတ်တမ်းအရ ထိုခေတ်အခါကပင်လျှင် ဗုဒ္ဓဘာသာသည် ဆုတ်ယုတ်ပျက်ပြားနေလေပြီ။ ဘင်္ဂါ နှင့် ယူနိုက်တက်ပရော မင်းဆက်စ် နယ်များ၌သာလျှင် မင်း၏သြဇာအာဏာကြောင့် ဗုဒ္ဓဘာသာသည် ကြီးပွားထွန်းကားနေသည်။ ခြောက် ရာစုနှစ်က အဂျန္တာဂူ၌ ရေးဆွဲ ထားခဲ့သည့် ပန်းချီရုပ်ပုံများသည် ဗုဒ္ဓဘာသာထွန်းကားခဲ့ဘူးသည့် အမှတ်အသားများပင် ဖြစ်ကြသည်။

ပန်ဂျစ်၊ ကတ်ရှမီးယားနှင့် နယ်စပ်ရှိပြည်များကို တိုင်းတစ်ပါးသားများ ဝင်ရောက်တိုက်ခိုက်ခြင်း ကြောင့် ထိုပြည်များ၌ ဗုဒ္ဓဘာသာသည် ယိုယွင်းပျက်စီး သွားသည်။ ကက်ရှမီးယားပြည်၌ ဗုဒ္ဓဘာသာ သည် လျှင်မြန်စွာ ဖေါက်ပြန်ပျက်စီးသွားသဖြင့် ခြောက် ရာစုနှစ်လောက်ကစ၍ ဘုန်းကြီးများ အိမ်ထောင်ပြုကြသည်။

ဗြဟ္မဏဘာသာဝင်ထဲက ဗုဒ္ဓဘာသာကို နှိမ်နင်းဖျက်စီးမည့် ပုဂ္ဂိုလ် နှစ်ဦး ပေါ်ပေါက်ခဲ့၏။ ထိုသူတို့သည်ကား ကုမာရိလဘတ္တ (၇၅၀) နှင့် ဆန်ကရ (၈၆၀) တို့ ဖြစ်ကုန်၏။ ကုမာရိလဘတ္တသည် ဗိဟာရ်ပြည်သားဗြာဟ္မဏ တစ်ယောက်ဖြစ်၏။ သူသည် ဟိန္ဒူဘာသာအတွက် ဗုဒ္ဓဘာသာကို စိတ်အားထက်သန်စွာ တူးဖြိုဖျက်ဆီး၏။ ဆန်ကရ သည်ကား တောင်ပိုင်းနယ်သား ဗြဟ္မဏ တစ်ယောက်ဖြစ်၏။ သူသည် ကုမာရိ လဘတ္တ ကဲ့သို့အကြမ်းနည်း မဖက်ဘဲ အနုနည်းသက်သက်ဖြင့် ဗုဒ္ဓဘာသာထဲက တောင့်တင်းခိုင်မာသည့် အချက်အလက်ပေါင်းများစွာကို ဟိန္ဒူဘာသာနှင့် ရောနှောပစ်လိုက်လေသည်။

၁၁၉၉ ခုနှစ်တွင် အိခတိယာအုတ်ဒင်သည် လူနှစ်ရာမျှပါဝင်သည့် စစ်တပ်ဖြင့် ဗိဟာရ်ပြည်ကို အလွယ်တကူ ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်လိုက်သဖြင့် ရဟန်းတော်များနှင့်တကွ ကျောင်းများပါအားလုံး ပျက်သုဉ်းသွားကြရလေတော့၏။ ဝင်ရောက်လာသည့် နိုင်ငံခြားသား စစ်တပ်များသည် ဟိန္ဒူဘာသာနှင့် ဗုဒ္ဓဘာသာ နှစ်မျိုးလုံးကိုပင် နှိမ်နင်းပျက်စီးကြ၏။ သို့ရာတွင် ဟိန္ဒူဘာသာသည် တစ်နိုင်ငံလုံး ပြန့်နှံ့တည်ရှိနေ၏။ ဗုဒ္ဓဘာသာသည်ကား ကျောင်းတိုက်များအတွင်းမှာသာ တည်ရှိနေရကား ကျောင်းတိုက်များကို ဖျက်ဆီးပစ်လိုက်သောအခါ ကျောင်းတိုက်ပြင်ပ၌ ပြောပလောက်အောင် မကျန်ရှိတော့ပေ။ ဟိန္ဒူဘာသာထက် အဆပေါင်းများစွာ ဗုဒ္ဓဘာသာသည် ပျက်စီးဆုံးရှုံးခဲ့ရသည်။ သို့ကြောင့် အိန္ဒိယမှ ဗုဒ္ဓဘာသာ ကွယ်ပျောက်သွားရခြင်းသည် ဗုဒ္ဓဘာသာကို နှင်ထုတ်လိုက်သောကြောင့် မဟုတ်ဘဲ ဟိန္ဒူဘာသာက စုတ်ယူဝါးမြိုလိုက်ခြင်းကြောင့် ဗုဒ္ဓဘာသာ ပျောက်ကွယ်သွားသော်လည်း ဟိန္ဒူဘာသာမှာကား များစွာပြောင်းလဲတိုးတက်လာ၏။ ဗုဒ္ဓဘာသာ၏ ကျေးဇူးကြောင့် တိရိစ္ဆာန်များဖြင့် ယစ်ပူဇော်ခြင်းစလေ့ ကွယ်ပခဲ့၏။ ဤသို့ ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာတို့ ရောနှောပေါင်းစပ် သွားကြခြင်းဖြင့် ဗုဒ္ဓဘာသာမှာ ဆုံးရှုံးနစ်နာရသော်လည်း ဟိန္ဒူဘာသာမှာကား ယနေ့တိုင်အောင် အမြုတ်ထွက် နေပေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

နောက်အမြင်တစ်ခု

သာသနာနှစ် ၁၀၀၀ ကျော်က အိန္ဒိယပြည်တွင် တန္တရ၊ မန္တရဂိုဏ်းဝင် ဘုန်းတော်ကြီးများသည် မန္တန်များ၊ အင်းအိုင်လက်ဖွဲ့များ၊ အဆောင်များ၊ နတ်ရုပ်များ၊ မယ်တော်ကြီးရုပ်များ၊ ကန်တော့ပွဲများဖြင့် ဟိတ်ဟန်ထုတ်၍ တန်ခိုးပြခဲ့သည်။ ယင်းတန်ခိုးရှင်များသည် ထွက်ရပ်ပေါက် (သိဒ္ဓိရှင်) ဝိဇ္ဇာဓိုရ် စသည်ဖြင့် အမည်ခံ၍ အညွန့်ခူးခဲ့ကြသည်။ ပြည်သူလူထုကလည်း ယင်းပုဂ္ဂိုလ်ကြီးများအား ပန်းဦးလွှတ် (ပူဇော်) သည်အထိ အရှုးထခဲ့ကြသည်။ သာသနာနှစ် ၇၀၀ ကျော်သောအခါ အိန္ဒိယပြည်ကြီးကို တူရကီအနွယ်တို့က တစ်မြို့ပြီးတစ်မြို့တိုက်ခိုက် သိမ်းပိုက်လာသည်။ ကောသလတိုင်းနှင့် မဂဓတိုင်းတို့ ကျဆုံးသွားသော်လည်း အဆိုပါသိဒ္ဓိရှင်ကြီးများကား အရှိန်မပျက် ကြွားကောင်းနေဆဲပင်။ နောက်ဆုံး ဘင်္ဂလားပြည် (ဝင်္ဂတိုင်း)၏ ဘုရင် ပါလမင်းကြီးသည် မဟာမေဒင်ဘာသာ ဝင်တူရကီအနွယ်တို့၏ အန္တရာယ်ကို ကာကွယ်ရန် မိမိ၌စစ်သည် နှစ်သောင်းကျော် ရှိသော်လည်း စစ်ပြင်ဆင်လေ့ကျင့်မှုမပြုဘဲ ဝိဇ္ဇာဓိုရ်ဘုန်းကြီးများကို ပစ်ပုယ်ကြည် အားကိုးခဲ့သည်။ ဤသည်ကိုသိသော တူရကီစစ်ဗိုလ်သည် မြင်းစီးစစ်သား ၂၀၀ မျှဖြင့် ယင်းဘုန်းကြီးကျောင်းကို ဝင်ရောက်တိုက်ခိုက်၍ ဘုန်းကြီးများကို သတ်လိုက်သည်။ နတ်ရုပ်ကြီးများကို ဖျက်ဆီးမီးရှို့လိုက်သည်။ ထို့နောက် ဘုရင်ကို သတ်၍ တိုင်းပြည်ကို သိမ်းပိုက်ခဲ့သည်။ ဤတွင် ဝိဇ္ဇာဓိုရ် အမည်ခံ မှော်ဆရာဘုန်းကြီးများ အလိမ်ပေါ်ခဲ့သည်။ ဤအား (**Supernatural power**) တန်ခိုးကို ဦးစားပေးမိသဖြင့် သာသနာတော် ကွယ်ပျောက်ရုံမက တိုင်းပြည်နှင့်လူမျိုးပါ ဆုံးရှုံးခဲ့ရပုံကို နာကျဉ်းဖွယ်ရာ သမိုင်းစာတစ်ခုအဖြစ် မှတ်ထားသင့်ပေ ဖြစ်ပေသည်။

**ပညာရှင်တို့၏ အယူအဆအချုပ်**

## အိန္ဒိယပြည်၌ ဗုဒ္ဓသာသနာကွယ်ပုံ

အိန္ဒိယပြည်၌ ဗုဒ္ဓသာသနာကွယ်ရခြင်း၏ အကြောင်းများကို စိစစ်ဝေဖန်ရသော်

၁။ ရဟန်းတော်များဘက်မှ အားနည်းချက်၊

၂။ ဟိန္ဒူပြဟ္မဏတို့၏ အတွင်းအပြင် တိုက်ခိုက်မှု၊

၃။ တူရကီအနွယ်တို့ တိုက်ခိုက်မှု-

ဟူ၍ အချက်ကြီး သုံးချက်ကို တွေ့ရလေသည်။

## ရဟန်းတော်များဘက်မှအားနည်းချက်

သာသနာနှစ် ၅၀၀ ကျော်မှစ၍ အိန္ဒိယပြည်တွင် သီလ သမာဓိနှင့် ပြည့်စုံသော ရဟန်းကောင်း ရဟန်းမြတ်များ မရှိသလောက် ရှားပါးလာလေပြီ။ ထေရဝါဒီ ရဟန်းများမှာ အိန္ဒိယတောင်ပိုင်း၌သာ အနည်းငယ်ကျန်တော့၏။ အများစုဖြစ်သော ထိုခေတ် အိန္ဒိယ သံဃာထုကြီးမှာ မဟာသံဃိကဂိုဏ်း၊ သဗ္ဗတ္ထိဝါဒဂိုဏ်း၊ အန္ဓကဂိုဏ်း၊ စေတိယဂိုဏ်း အစရှိသော ပင်မဗုဒ္ဓသာသနာတော်၏ ဆူးငြောင့် ခလုတ် ရဟန်းဆိုးများသာ ဖြစ်ကြ၏။


ရဟန်းကောင်းများမှာ မိမိတရားကိုသာ မိမိဘာသာကျင့်နေသဖြင့် လူသိနည်းကြ၏။ လူပြိန်းလူနည်းစုကို မစည်းရုံးနိုင်ချေ။ ရဟန်းဆိုးများမှာမူ ဟောပြောစည်းရုံးမှု လူမှုဆက်ဆံရေးများဖြင့် စည်းရုံးကြရာ နောက်လိုက် ဒါယကာ၊ ဒါယိကာမ များပြားနေ၏။ ကြာသော် ရဟန်းကောင်းများမှာ ဆက်လက်မနေနိုင်တော့ဘဲ ရှောင်ခွါသွားကြရသည်။

## ၁၉၅၆

အိန္ဒိယနိုင်ငံ ဗုဒ္ဓဘာသာဝင်များအတွက် ထူးခြားသောနှစ် ဖြစ်၏။ ဗုဒ္ဓသာသနာ ၂၅၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ဗုဒ္ဓဇယန္တီပွဲတော် ကျင်းပကြသည်။ ဒေါက်တာဘီအာရ်အမ္ဗေဒကာ ဦးဆောင်ပြီး လူပေါင်း ငါးသိန်း အစုလိုက် အပြုံလိုက် ဗုဒ္ဓဘာသာသို့ ဝင်လာကြသည်။

ဤအချိန်မှစပြီး အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓဘာသာတော်သည် ပြန်လည်ဦးမော့လာသည်ဟု ဆိုနိုင်ပါသည်။

www.burmeseclassic.com



ယနေ့ အိန္ဒိယ ဟိန္ဒူကျောင်းကန်ဘုရားများဖြင့် ပြည့်လျှံလျက်



www.burmeseclassic.com

www.burmeseclassic.com

# မြတ်ဗုဒ္ဓသာသနာပုံတော်သမိုင်း စာတွဲကို

လူကြီးမိဘ ဆရာတော်များအား ကန်တော့ရန်
ဘုရားစင်ပေါ်၌ တရိုတသေသိမ်းထားပြီး စိတ်ကြည်လင်လိုသည့်အခါ အေးအေးဆေးဆေး ဖတ်ရနိုင်ရန်။

ပထမတွဲတွင် * မဟာဗုဒ္ဓဝင်
ဒုတိယတွဲတွင် * နိုင်ငံတကာသို့ ဗုဒ္ဓသာသနာပျံ့ပွါးသွားရာက ဘုရား တရား သံဃာ တို့၏အသွင်
* ဘုရားရှင်၏ ဓါတ်တော် စွယ်တော်များ အကြောင်းကို တင်ပြခဲ့ပြီး

ယခု
တတိယတွဲတွင် * အိန္ဒိယတိုက်ငယ် India Subcontinent ၌ ဗုဒ္ဓဘာသာ သာသနာတော် ပျံ့ပွားသွားခဲ့ပုံကို တင်ပြပါသည်။

ဆက်လက်ထုတ်ဝေမည့်
စတုတ္ထတွဲ၌ * မဟာယာန ဗုဒ္ဓဘာသာနှင့် တရုတ်နိုင်ငံ ဘုရားဖူး ခရီး
ပဉ္စမတွဲ၌ * ကိုရီးယား ဂျပန်နိုင်ငံများ နှင့် ဇင် ဗုဒ္ဓဘာသာ
ဆဋ္ဌမတွဲ၌ * တိဘက် နီပေါ ဘူတန် မွန်ဂိုလီးယား စသည့်နိုင်ငံများ၌ ထွန်းကားနေသော တန္တရဗုဒ္ဓဘာသာ
သတ္တမတွဲ၌ * သီဟိုဠ် နှင့် မြန်မာ ထေရဝါဒဗုဒ္ဓဘာသာ
အဋ္ဌမတွဲ၌ * ထိုင်း ကမ္ဘောဒီးယား လောနိုင်ငံများ
နဝမတွဲ၌ * နိုင်ငံတကာ၌ ထွန်းကားနေသော ဗုဒ္ဓဘာသာ၏ ယနေ့အသွင် တို့ကို လစဉ်ကျွန်မတို့စာပေမှ ဆက်လက်ထုတ်ဝေသွားပါမည်။ စာအုပ်များကို ကွန်ပျူတာနှင့် စာစီပြီး ဆော့ဖ်ဆကျူကောင်းပေါ် အော့ဖ်ဆက်နှင့် ပုံနှိပ်ကာ စာအုပ်အဖုံးအပေါ် ပလပ်စတစ်လောင်းပြီး ယခုစာအုပ်ပုံစံအတိုင်း ထုတ်လုပ်သွားပါမည်။ အတွင်း၌လည်း ဆေးရောင်စုံပုံတော် လေးပုံစီ ထည့်သွင်းပေးပါမည်။ ပထမတွဲ ဒုတိယတွဲ စာအုပ်အနည်းငယ်စီသာ ကျန်ပါသည်။ အတွဲလိုက် ဝယ်ယူလိုသူများကို ဦးစားပေး ရောင်းချပေးပါမည်။

* * စာအုပ်များကို အိမ်တိုင်ရာရောက် VPP ဖြင့် ပို့ပေးနေပါသည်။
* * ဒုတိယအကြိမ် ထပ်မံပုံနှိပ်ခွင့်ရပါက ယခုစာအုပ်ကဲ့သို့ စက္ကူကောင်းရဖို့ လွယ်မည်မထင်ပါ။
* * စာအုပ်များကို ဝယ်ယူပြီး ကျေနပ်မှုမတွေ့ပါက ငွေအပြည့် ပြန်အမ်းပေးပါမည်ဟု ထပ်လောင်းဂတိပြုပါ၏။

မအေးသန့်
တင်ရွှေစာပေ (၀၂၄၈၉)
၃၉, ဦးကြွယ်ဟိုးလမ်း
ကြည့်မြင်တိုင်၊ ရန်ကုန်မြို့
ဖုံး ၃၁၅...

www.burmeseclassic.com